AlmightyAlmighty Sword Domain (Yang Ye)

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

{မြင့်မြတ်နယ်မြေ}

Book.52(909-925)
အနှောင်အဖွဲ့စေတီ(နတ်ဆိုးအကျဉ်းထောင်)

.၉၀၉

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၀၉ - သူတော်စင်တစ်ပိုင်းအဆင့်

ရုပ်သေး ၅ ခု

"အဲဒီ အနက်ရောင်ပိုးကောင်"

ယန်ယဲ့ သည် ထိုကြောက်စရာကောင်းသော

တည်ရှိမှုကို သတိရလိုက်သည်။

ထိုအချက်ကို တွေးလိုက်သောအခါတွင် မတတ်သာစွာပဲ ခေါင်းယမ်းလိုက်ရသည်။ နယ်ခြားမိစ္ဆာများ၏ ခန္ဓာကိုယ်များကို သိမ်းပိုက်ရင်း သေခြင်းတရားနှင့် ရင်ဆိုင်တွေ့လိုက်ရခြင်းပါ။ အဆုံးတွင် အကျိုးဆက်က ပိတ်လှောင်ခံလိုက်ရသည်။

"ငါတို့ရဲ့ခန္ဓာကိုယ်ထဲမှာ အဲဒီကြောက်စရာကောင်းတဲ့အရာကို သတိပြုမိတာနဲ့ မြင့်မြတ်ခန်းမတွေက ငါတို့အားလုံးကို ဒီနေရာမှာ

တံဆိပ်ခတ်ထားလိုက်တယ်။"
အခေါင်းအတွင်းမှ အသံသည် အနည်းငယ် ပြင်းထန်သော အသံဖြစ်သည်၊ "နှစ်ပေါင်း ၁၀၀,၀၀၀၊ နှစ် ၁၀၀,၀၀၀။ ဒီလိုကြောက်စရာကောင်းတဲ့အရာတွေက သက်တမ်းဘယ်လောက်တောင် ကြာလိုက်သလဲ။ တစ်နည်းပြောရရင် ငါတို့ခန္ဓာကိုယ်ထဲမှာရှိတဲ့ အရာတွေသေပြီးတာနဲ့ ဒီနေရာကနေ လွတ်မြောက်နိုင်မှာလေ။"

"အတင်းအကြပ်လုပ်လိုက်တော့ ဘယ်လိုခံစားရလဲ!" ယန်ယဲ့က ပြောလိုက်သည်။

အခေါင်းတွင်းရှိလူက “အဲဒီရုပ်သေးတွေကို လိုချင်ရင် ဒီသံကြိုးတွေကို ဖြတ်ပစ်လိုက်ပါ ” ဟု ပြောလိုက်လေသည်။

ယန်ယဲ့က ရုတ်တရက်မေးလိုက်သည် "တခြား

ကျောက်ခေါင်းတလားထဲမှာရှိတဲ့လူ
တွေနိုးပြီလား"

အသံက "မဟုတ်ဘူး၊ ဒါပေမဲ့
ငါလွတ်မြောက်ပြီးတာနဲ့ သူတို့ကို
ချက်ချင်းနှိုးနိုင်မှာပါ!"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး "မင်း ငါ့ကို
ရုပ်သေး ၅ ခု အရင်ဆုံးလွှဲပေးလိုက်။
အဆင်ပြေလား..... ငါမင်းကို
လွှတ်ပေးပြီးတာနဲ့ တခြားဟာတွေကို

ထပ်ပေးနိုင်တယ်။ ဒါ ငါ့ရဲ့ အကောင်းဆုံး ကမ်းလှမ်းချက်ပဲ။ မဟုတ်ရင် ငါ မင်းကို လွှတ်ပြီးတာနဲ့ မင်းရဲ့ စကားကို ပြန်ပြင်ရင် ငါ မင်းကို ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး။"

အခေါင်းအတွင်းမှလူသည် ခဏတာတိတ်ဆိတ်သွားပြီး "ကောင်းပြီ၊ ငါရုပ်သေး ၅ ခုနဲ့ ချိတ်ဆက်ထားတဲ့ အစီအရင်ကို ဖယ်ရှားလိုက်မယ်။ ပြီးတော့ မင်းရဲ့စိတ်အာရုံအသိကို ငါ့ဆီပေး။ ဒါဆိုရင်

ငါကသူတို့ကို
မင်းနဲ့ချိတ်ဆက်ပေးလိုက်မယ်။"

"မင်းက ဒီဒုက္ခတွေအားလုံးကို
ယူစရာမလိုဘူး!" ယန်ယွဲ့က ရုပ်သေး ၅ ခုဆီ
လျှောက်သွားပြီး “သူတို့ကို
အေးအေးဆေးဆေး မခုခံဖို့
အမိန့်ပေးလိုက်။ ကျန်တာငါပဲလုပ်မယ်!"
ကျောက်ခေါင်းတလားထဲမှ လူ
ပြောလိုက်သော ထိန်းချုပ်မှုနည်းလမ်းကို
မယုံခဲ့ပေ။ သူက ၎င်းတို့အား

ဓားအစေခံအဖြစ် သန့်စင်ရန်
ရည်ရွယ်ထားသည်။

"ကောင်းပြီလေ၊ မင်းသဘောအတိုင်းပဲ!"
အသံက ပြောသည်။

ယန်ယွဲ့သည် ခေါင်းညိတ်လိုက်သည်။
သူသည် ရုပ်သေးတစ်ရုပ်ဆီသို့
လျှောက်သွားကာ လက်ကိုဝှေ့ယမ်းပြီး
မူလစေတီထဲသို့
ချက်ချင်းပစ်ထည့်လိုက်သည်။

ကျောက်ခေါင်းတလားထဲရှိလူက ထိတ်လန့်တုန်လှုပ်သွားပြီး "ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ! ကလေး၊ မင်းဒါကို မင်းဘယ်လိုလုပ်ခဲ့တာလဲ!"

ယန်ယဲ့ သည် စကားမပြောဘဲ ၂ခု၊ ၃ ခု၊ ၄ ခုနှင့် ၅ ခုမြောက် ရုပ်သေးတို့ကိုပါ ထည့်သိမ်းလိုက်သည်။သိပ်မကြာခင်မှာပဲ ရုပ်သေး ၅ ခုစလုံး မူလစေတီထဲသို့ ရောက်သွားပါတော့သည်။

အခေါင်းအတွင်းမှလူက “သူတို့အားလုံးနဲ့ ငါအဆက်အသွယ်ပြတ်သွားပြီ။ ကလေး၊ မင်းဒါကို မင်းဘယ်လိုအောင်မြင်ခဲ့တာလဲ!"

ယန်ယဲ့ သည် အသံကို ပြန်မဖြေခဲ့ပေ။ တင်ပျဉ်ခွေထိုင်ကာ ရုပ်သေး ၅ ခုကို ဓားအစေခံများအဖြစ် စတင်ပြုပြင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကျောက်ခေါင်းတလားထဲရှိ လျှို့ဝှက်ဆန်းကြယ်သောလူကို အရင်ဦးဆုံး လွှတ်မပေးဝံ့ပေ။

အကယ်၍ ထိုလူသာ
စကားကိုပြန်ပြင်ခဲ့လျှင်ပင်
ခေါင်းတလားထဲမှ လူကို
ကြောက်နေစရာမလိုတော့ပါ။

"ကလေး၊ မင်း ငါ့ကို အရင်ခွင့်မပြုသင့်
ဘူးလား" အသံက ပြောသည်။

ယန်ယွဲ့က ခေါင်းခါလိုက်ကာ "အကြီးအကဲ၊
မင်းက အရမ်းသန်မာတယ်။ မင်းကို
အခုချက်ချင်းလွှတ်လိုက်ရင်

ငါ့အသက်အန္တရာယ်ရှိနိုင်တယ်။ ဒါကြောင့်
မင်းကိုမလွှတ်ခင် ကိုယ့်ကိုယ်ကို
ကာကွယ်ဖို့ကလွဲလို့ တခြားရွေးချယ်စရာ
မရှိပါဘူး။အနည်းဆုံး တစ်ရက်တော့
ကြာမယ်။ မင်းက နှစ်ပေါင်း ၁၀၀,၀၀၀
တောင် စောင့်နေပြီးပြီ။ ဒီတော့ နောက်ထပ်
တစ်ရက်လောက်က ဘာများဖြစ်နိုင်မလဲ။"

အသံက လေးနက်လာသည်
"နောက်တစ်ရက်ပြည့်တာနဲ့
မင်းစကားတည်ပါ။ စောင့်ရတာက

ပြဿနာမဟုတ်ပေမယ့် မင်း
လှည့်ကွက်တွေ မကစားဖို့
ငါမျှော်လင့်ပါတယ်"

ယန်ယဲ့က ပြုံးလိုက်သည် "စိတ်မပူပါနဲ့။
မင်းကို လွှတ်မပေးချင်ဘူးဆိုရင်တောင်
တခြားရုပ်သေး ၄ ခုကိုရဖို့
အရှုံးမပေးချင်ဘူး။ မှန်တယ်၊ တစ်ခုခုကို
သိချင်နေတယ်။ ဒီသံကြိုးတွေကို ချိုးဖျက်ဖို့
မင်းဘေးနားက သူတော်စင်တစ်ပိုင်းအဆင့်
ရုပ်သေးတွေကို ဘာလို့ အမိန့်မပေးတာလဲ။"

“သံကြိုးတွေကို တိုက်ခိုက်ရင် ချက်ချင်း အသတ်ခံရလိမ့်မယ်” ခေါင်းတလားထဲမှ အသံထွက်လာသည်။

"အဲဒါကြောင့်ကိုး!" ယန်ယဲ့က အနည်းငယ် ရယ်လိုက်ပြီး စကားရပ်လိုက်ကာ ရုပ်သေး ၅ ခုကို ဓားအစေခံ အဖြစ်သန့်စင်ရာတွင် အာရုံစိုက်ထားလိုက်သည်။

ကျောက်ခေါင်းတလားထဲရှိ လူက

ရုတ်ချည်းပြောခဲ့သည်

“အဲဒီလိုသန့်စင်နည်းလမ်းက

မြင့်မြတ်ခန်းမတွေထက်တောင်

ပိုပြီးကောင်းတယ်။ ဒါ့အပြင်

မင်းရဲ့ဒီနည်းလမ်းက ဓားပညာရှင်အတွက်

သီးသန့်ပဲ။ ကလေး၊

ရိုးရိုးသားသားပြောရရင် ငါမင်းကို

ပိုပိုပြီးစိတ်ဝင်စားလာတယ်!"

ယန်ယဲ့က ပြုံးလိုက်ကာ သူ့အာရုံကို

နောက်ထပ် ရုပ်သေးတစ်ခု

ဆီပို့လွှတ်လိုက်သည်။

ဤနေရာကို ပြန်လာရသည့်

အကြောင်းအရင်းက

သူတော်စင်တစ်ပိုင်းအဆင့် ရုပ်သေးများကို

လိုချင်သောကြောင့်ပါ။

ယခုအချိန်တွင်

လိုအပ်သောအမှတ်များရှိနေပြီဖြစ်ရာ

အနှောင်အဖွဲ့စေတီသို့အချိန်မရွေး

သွားနိုင်သည်။

သို့သော် သူ့တွင် အလယ်အလတ်
သူတော်စင်တစ်ပိုင်းအဆင့် ရုပ်သေး
ရှိနေလျှင်ပင် လက်ရှိခွန်အားဖြင့်
ရှေးဟောင်းဓားကို ပြန်ယူရန် အလွန်အမင်း
ခက်ခဲနေပါသေး၏။

ထို့အပြင် သူ၏ခွန်အားကို
အမြန်ဆုံးမြှင့်တင်ရန်ကြိုးစားခြင်းသည်
လက်တွေ့မကျပေ။

ထို့ကြောင့် သူတော်စင်တစ်ပိုင်းအဆင့်

ဓားအစေခံများ စုဆောင်းရန်သာ

ဆုံးဖြတ်လိုက်သည်။

ထိုမှသာလျှင် ဓားဝိညာဉ်၏

ပင်မခန္ဓာကိုယ်ကို ကယ်တင်ရန်

အခွင့်အရေးရှိမည်ဖြစ်သည်။

ခေါင်းတလားထဲရှိ လူက မည်သည့်စကားမျှ

ထပ်ပြောခဲ့ပေ။

သို့သော် ၎င်း၏ စိတ်အာရုံအသိက သူ့အပေါ် ကျရောက်နေကြောင်း သတိပြုမိထားသည်။ ထို့အပြင် အခြား သူတော်စင်တစ်ပိုင်းအဆင့် ရုပ်သေး ၄ ခုလည်း သူ့ပတ်ဝန်းကျင်တွင် အစောင့်အရှောက်များအလား ရပ်နေကြသည်။

အချိန်က ဖြည်းညှင်းစွာ ကုန်ဆုံးသွားပါတော့သည်။နေ့ရောညပါ သန့်စင်ပြီးနောက် နောက်ဆုံးတွင် ယန်ယွဲ့

ဟာ ရုပ်သေး ၅ ခုကို ဓားအစေခံများအဖြစ် ပြောင်းလဲနိုင်ခဲ့၏။

"ဂုဏ်ယူပါတယ်!" ထိုအချိန်တွင် အခေါင်းအတွင်းမှ အသံတစ်သံ ထပ်မံထွက်ပေါ်လာသည်။

ယန်ယဲ့က ပြုံးလိုက်သည်။ တစ်ချိန်တည်းမှာပဲ သူ၏သူ့ညာလက်ကို ဝှေ့ယမ်းလိုက်ရာ လနတ်ဓားက

ပထမအကြီးကဲလင်း၏

လက်ထဲပျံသွားသည်။

ပထမအကြီးအကဲလင်းက ရှေ့ကို ခုန်ထွက်သွားပြီး လနတ်ဓားဖြင့် ခေါင်းတလားပေါ် ရှိ သံကြိုးများကို ခုတ်ပိုင်းလိုက်သည်။

အုန်း!

ပေါက်ကွဲသံသည် ပင်လယ်အောက်ခြေမှ နက်ရှိုင်း၊ ကျယ်လောင်စွာ

ထွက်ပေါ်လာပြီးနောက်

ကျောက်ခေါင်းတလားကို

ချည်နှောင်ထားသည့် သံကြိုးများ

အပိုင်းပိုင်းကွဲထွက်သွားသည်...။

ဝုန်း!

.၉၁၀

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၉၁၀ - ငါ မင်းကိုသတ်လို့ရတယ်

ဘုန်း

ကျောက်ခေါင်းတလားကြီး
ကွဲအက်သွားပြီးနောက်
ဆံပင်ဖြူလူလတ်ပိုင်းအရွယ်
အမျိုးသားတစ်ဦး ယန်ယွဲ့ရှေ့တွင်
ပေါ်လာသည်။

"နှစ်ပေါင်း ၁၀၀,၀၀၀၊ နှစ်ပေါင်း ၁၀၀,၀၀၀။ ငါ့ရွှမ်ချင်း နောက်ဆုံးတော့ လွတ်မြောက်သွားပြီ။ ဟားဟား!" လူလတ်ပိုင်းအရွယ်က ရူးသွပ်စွာ ရယ်မောပြီး သူ့ရယ်သံက ကျယ်ပြောလှသည်။ ၎င်းသည် နေရာတစ်ဝိုက်ရှိ ပင်လယ်ရေများကိုပင် မြင့်တက်စေခဲ့သည်။

ယန်ယဲ့က "အကြီးအကဲ၊ မင်းရဲ့ကတိကို ဖြည့်ဆည်းဖို့ အချိန်တန်ပြီ” ဟု ပြောလိုက်လေသည်။

ထိုစကားကိုကြားသောအခါ သက်လတ်ပိုင်းအဘိုးအိုသည် အရယ်မောရပ်သွားပြီးနောက် လင်းယုန်တစ်ကောင်လို အကြည့်စူးစူးများဖြင့် ယန်ယဲ့ကိုကြည့်လိုက်သည်။

“ငါမလုပ်ချင်ဘူး”

"သူ့စကားကို ပြန်ပြင်တာလား။" ယန်ယဲ့က ကြိုတင်မျှော်လင့်ထားသည့်အလား နည်းနည်းလေးမှ အံ့သြမှုမရှိဘဲ

“အကြီးအကဲ၊ သေချာလား”

လူလတ်ပိုင်းအရွယ် အဘိုးအိုသည် ယန်ယဲ့ ဘေးနားမှ အလယ်အလတ်သူတော်စင်တစ်ပိုင်းအဆင့် ရုပ်သေးကို စိုက်ကြည့်ရင်း လျှောင်ပြောင်ရယ်မောလိုက်သည်။

“နောက်ဆုံးတော့ ရုပ်သေးရုပ်တွေက ရုပ်သေးရုပ်တွေပါပဲလေ။ သက်ရှိလူသားနဲ့ ဘယ်လိုယှဉ်လို့ရမလဲ။

ကောင်လေး၊ ငါ မင်းကို အခွင့်အရေးပေးမယ်။ မင်းယူထားတဲ့ ဒီရုပ်သေးတွေနဲ့ မင်းရဲ့အလယ်အလတ်သူတော်စင်တစ်ပိုင်း အဆင့် ရုပ်သေးကို လွှဲပေးပါ။ ဒါဆို မင်းရဲ့အသက်ကို ငါချမ်းသာပေးမယ်။ မဟုတ်ရင် သေတာတောင် မင်းအတွက် အိပ်မက်ဖြစ်လိမ့်မယ်!”

“ကောင်းပြီ။ တကယ်တော့ ငါမင်းကိုသတ်ဖို့ ရည်ရွယ်ထားပေမယ့် ဒီလိုလုပ်ဖို့ အကြောင်းပြချက်မရှိခဲ့ဘူး။ ကံကောင်းထောက်မစွာ၊ ငါအခုလုပ်လို့ရပြီ!” ယန်ယဲ့ သည် သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ သူတော်စင်တစ်ပိုင်းအဆင့် ရုပ်သေး ၆ ခုက သူ့ပတ်ပတ်လည်တွင် ပေါ်လာသည်။

လူလတ်ပိုင်းအရွယ်၏ ပါးစပ်ထောင့်တွင်
ဒေါသတကြီးမဟုတ်ဘဲ
လှောင်ပြောင်လိုသောအမူအရာ
ပေါ်လာသည်။ “ဒီအရုပ်တွေနဲ့ ငါ့ကို သတ်ဖို့
ကြံနေတာလား။
ဘယ်လောက်ရယ်စရာကောင်းလဲ။ မင်းက
သိုင်းကျောင်းအဆင့်မှာပဲ ရှိတယ်….”

သို့သော် လူလတ်ပိုင်း၏ အသံသည်
ရုတ်ချည်း ရပ်တန့်သွားပြီး
သူ့မျက်လုံးများတွင် ထိတ်လန့်သွားသည် ။

အဘယ်ကြောင့်ဆိုသော် သူ၏ကျင့်ကြံမှုက
အဆင့် ၉ သိုင်းကေရာဇ် သို့
ချက်ချင်းကျဆင်းသွားသောကြောင့်ပင်။

"ဖိနှိပ်ရေးကျောက်တုံး၊ မင်းမှာ
ဖိနှိပ်ရေးကျောက်တုံး တကယ်ရှိတယ်!”
သူ့အသံမှာ
ထိတ်လန့်တကြားဖြစ်သွားသည်။

ယန်ယဲ့က အချိန်မဆွဲတော့ပေ။
သူ၏စိတ်ဆန္ဒကို ထုတ်လွှတ်လိုက်သည်။

ပထမအကြီးကဲလင်းက လနတ်ဓားကို
ဝှေ့ယမ်းပြီး လူလတ်ပိုင်း ထံသို့ လွှားခနဲ
ခုန်ဝင်သွားသည်။

တစ်ချိန်တည်းမှာပင် အခြား
သူတော်စင်တစ်ပိုင်းအဆင့်
ဓားအစေခံများသည်လည်း
လူလတ်ပိုင်းအရွယ် နှင့် သူ့ဘေးနားမှ
သူတော်စင်တစ်ပိုင်းအဆင့်ရုပ်သေးများဆီ
သို့ တိုက်ခိုက်ခဲ့ကြသည်။

"ရပ်! မင်း နောက်ထပ် ရုပ်သေး ၄ ခုကို ရနိုင်တယ်။" ရုတ်တရက် ပထမအကြီးကဲလင်း နှင့် အပြင်းအထန် တိုက်ခိုက်နေသော သက်လတ်ပိုင်း အမျိုးသားသည် စိုးရိမ်တကြီး ပြောလာသည်။

သူသည် အလယ်အလတ် သူတော်စင်တစ်ပိုင်းအဆင့် ဖြစ်သော်လည်း ဖိနှိပ်ရေးကျောက်တုံးဖြင့် ဖိနှိပ်ခံထားရသည်။

"ဒါက အရမ်းနောက်ကျနေပြီ!" ယန်ယဲ့ ထံမှ ဓားကြိုးတစ်ချောင်း ဖျန်းခနဲ ဖျန်းခနဲ ထွက်လာပြီး လူလတ်ပိုင်း အဘိုးအိုအပေါ် တောင်တစ်လုံးကဲ့သို့ ကျရောက်သွားသည်။

တစ်ချိန်တည်းမှာပင် အလင်းတန်းတစ်ခု လင်းလက်လာသည်။

လူလတ်ပိုင်း၏အမူအရာသည် သိသိသာသာပြောင်းလဲသွားပြီး သူ့မျက်လုံးများတွင် ထိတ်လန့်စရာပင်။ သူ့ခန္ဓာကိုယ်ကို

ကမန်းကတန်းခုန်ဆုတ်လိုက်သော်ငြား အနည်းငယ်နောက်ကျနေသေး၏။

ဆူး!

သူ၏ ဘယ်ဖက်လက်သည် လေထဲသို့ ပျံတက်သွားသည်။

ထိုအချိန်တွင် ပထမအကြီးကဲလင်း၏ ဓားက အလင်းတန်းတစ်ခု

လင်းလက်လာကာ လူလတ်ပိုင်း ထံသို့ တိုးဝင်သွားသည်။

လူလတ်ပိုင်းအရွယ်က ထိတ်လန့်သွားပါပြီ။ သူ၏ ညာလက်ကို ရှေ့သို့ ပုတ်လိုက်ကာ ပြင်းထန်လှသော စွမ်းအင်လက်ဖဝါးတစ်ခုက ရှေ့သို့ ပေါက်ကွဲထွက်လေသည် ။

စွမ်းအင်လက်ဝါးက ဓားအလင်းတန်းနှင့် ရင်ဆိုင်တွေ့သွားချိန်တွင်

လူလတ်ပိုင်းအရွယ်က အခြားဖက်သို့
ခုန်ထွက်သွားခဲ့သည်။

သို့သော်လည်း အောက်မှ
အလင်းတန်းတစ်ခု ရုတ်တရက်
ထွက်ပေါ်လာပြီး ၎င်းသည် သူ့ထက်ပင်
ပိုမြန်ပြီး သူ့ထံ ချက်ချင်း တိုးဝင်သွားသည်။

လူလတ်ပိုင်း၏ အမူအရာသည်
သိသိသာသာ ပြောင်းလဲသွားသည်။

သူက ၎င်းကို တားဆီးရန် ပြင်နေချိန်မှာပဲ
ပထမအကြီးကဲလင်းက
သူ့ရှေ့တွင်ပေါ်လာ၏။

ပထမအကြီးအကဲက လက်ဝါးကို
ရှေ့ဆန့်ထုတ်၍ လူလတ်ပိုင်း၏ ရင်ဘတ်ကို
အားကုန်ရိုက်ချလိုက်သည်။

အုန်း

လူလတ်ပိုင်း၏ ခန္ဓာကိုယ်သည်
အတော်ဝေးဝေးထိပင်
လွင့်ထွက်သွားပါတော့သည်။

တစ်ချိန်တည်းမှာပင် အလင်းတန်းများက
လူလတ်ပိုင်း၏ ရင်ဘတ်ကို
ဖြတ်သွားသည်...။

ခဏအကြာတွင် လူလတ်ပိုင်းအဘိုးအိုသည်
ကြောက်မက်ဖွယ် ဓားဒဏ်ရာများဖြင့်
မြေပြင်ပေါ်တွင် လဲလျောင်းနေခဲ့၏။

သူတော်စင်တစ်ပိုင်းအဆင့် ရုပ်သေး ၆ ခုက သူ့ဘေးနားတွင် ဝိုင်းရံထားကြသည်။

“မင်းက အရမ်းငယ်သေးပေမယ့် ကောင်းကင်အဆင့် ဓားစိတ်ဆန္ဒကို ပိုင်ဆိုင်ထားတယ်။ ဒါ့အပြင် မင်းရဲ့ တိုက်ခိုက်ရေးစွမ်းအားက တကယ်ကို ကြောက်စရာကောင်းတယ်။ ဒီလိုမျိုး ပါရမီရှင်တစ်ယောက်ဟာ မြင့်မြတ်နယ်မြေမှာ တကယ် ပေါ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ

မထင်ခဲ့မိဘူး။” လူလတ်ပိုင်းအရွယ်သည် စကားပြောနေစဉ် ယန်ယဲ့ကို စိုက်ကြည့်နေသည်။

မြေကြီးပေါ်တွင် ကပ်ရိုက်ခံထားရသော်လည်း သူ့မျက်နှာတွင် ထိတ်လန့်ကြောက်ရွံ့သည့် အရိပ်အယောင်မျှ မပြပေ။

ယန်ယဲ့ သည် သက်လတ်ပိုင်းအဘိုးအိုထံသို့ လျှောက်လာပြီး "မင်းကိုမသတ်နိုင်ဘူးလို့ မင်းထင်တဲ့အတွက် မကြောက်ဘူးလား"

လူလတ်ပိုင်းအရွယ်က “ကလေး၊ အားလုံးပြီးသွားပြီ။ အဲဒီအရုပ်တွေကို ယူသွားလို့ရတယ်။"

"မင်း ခွင့်မပြုရင်တောင် အဲဒီအရုပ်တွေကို ငါယူနိုင်သေးတယ်!" ယန်ယွဲ့က ရယ်မောလိုက်သည်။ “မင်းရဲ့လွတ်လပ်မှုကို ရနိုင်ပေမယ့် ငါ့အချိန်တွေကို တန်ဖိုးရှိအောင် လုပ်ရမှာပဲ။ မဟုတ်ရင်

မင်းကို မြင့်မြတ်နယ်မြေဆီ
ပြန်ခေါ်သွားမယ်။

ဟီးဟီး...။ မင်းက အခုအချိန်မှာ
နယ်ခြားမိစ္ဆာနဲ့ အတူတူပဲ။
မြင့်မြတ်နယ်မြေက မင်းကို
ဘာလုပ်ပေးမယ်ဆိုတာ
စိတ်ကူးကြည့်လိုက်။"

“ငါ ဒီမှာ နှစ် ၁၀၀,၀၀၀ လောက်
ချုပ်နှောင်ခံထားရတယ်။ ငါ့မှာ ရတနာတွေ
ရှိမယ်လို့ မင်းထင်လား"

လူလတ်ပိုင်းအရွယ်က အသံတိုးတိုးဖြင့် ပြောသည်။

"မရှိနိုင်ဘူး? ဒါဆိုရင် မြင့်မြတ်နယ်မြေဆီ ပြန်ခေါ်သွားရမှာပေါ့။ မင်းကို ပြန်ခေါ်သွားလိုက်ရင် ငါက အမှတ်အများကြီးရလိမ့်မယ်လို့ သေချာပေါက်ထင်တယ်!" ယန်ယဲ့က ထပ်မံရယ်မောလိုက်သည်။

လူလတ်ပိုင်းအရွယ်က “ခဏနေဦး” ဟု အလျင်စလိုပြောလိုက်သည်။

"ဘာလဲ?" ယန်ယဲ့က လှောင်ပြောင်သံနှင့် ပြန်မေးလိုက်၏။

.၉၁၁

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၁၁ - ပင်လယ်အနက်ပိုင်းသို့

လူလတ်ပိုင်းအရွယ်က “ခဏနေဦး” ဟု
အလျင်စလိုပြောလိုက်သည်။

"ဘာလဲ?" ယန်ယဲ့က
လှောင်ပြောင်လိုက်၏။

လူလတ်ပိုင်းအရွယ်က ခဏလောက်
လေးလေးနက်နက် တွေးတောပြီး “မင်း

ခားကို လေ့ကျင့်ပြီး ကောင်းကင်အဆင့် ၁ ခားစိတ်ဆန္ဒကိုတောင် ပိုင်ဆိုင်ထားပြီ။ အဲဒါက အားကောင်းပေမယ့် သူတော်စင်တစ်ပိုင်းအဆင့်တွေကို အများကြီး မထိခိုက်စေနိုင်ဘူး။ ကောင်းကင်အဆင့် ၂ ခားစိတ်ဆန္ဒက သူတော်စင်တစ်ပိုင်းအဆင့်တွေကို ခြိမ်းခြောက်နိုင်တယ်။ ငါ မင်းကို ကောင်းကင်အဆင့် ၂ ခားစိတ်ဆန္ဒ ရောက်အောင် ကူညီပေးနိုင်တယ်!"

"တကယ်လား?" ယန်ယဲ့၏မျက်နှာသည် အနည်းငယ်လေးနက်လာပါသည်။ ထိုနေ့တွင် သူသည် စိတ်ဆန္ဒမြှင့်တင်ခြင်းကို အသုံးပြုပြီးကတည်းက ကောင်းကင်အဆင့် ၁ ဓားစိတ်ဆန္ဒကို ပြန်ကျသွားခဲ့ခြင်းဖြစ်သည်။

လူလတ်ပိုင်းအရွယ် ပြောသလိုပင်၊ ကောင်းကင်အဆင့် ၁ ဓားစိတ်ဆန္ဒက သူတော်စင်တစ်ပိုင်းအဆင့်များကို လုံးဝခြိမ်းခြောက်နိုင်စွမ်းမရှိပေ။

သို့သော် လက်တွေ့မှာတော့ သူ့ပြိုင်ဖက်အားလုံးဟာသူတော်စင်တစ်ပိုင်းအဆင့်များ ဖြစ်နေပါပြီ။ ကောင်းကင်အဆင့် ၁ စားစိတ်ဆန္ဒသည် မလုံလောက်ပေ။

"ဟုတ်တယ်။ ဒါပေမဲ့ မင်းငါ့ကိုအရင်လွှတ်ရမယ်!" လူလတ်ပိုင်းအရွယ်က ပြောသည်။

"ငါ မယုံဘူး!" ယန်ယဲ့က အေးစက်စက်
ပြောလိုက်လေသည်။

“ဝါးမြို့ခြင်းဓားစိတ်ဆန္ဒ!”
လူလတ်ပိုင်းအရွယ်က
“သန်မာတဲ့ဓားစိတ်ဆန္ဒက
အားနည်းတဲ့ဓားစိတ်ဆန္ဒကို
ဝါးမျိုနိုင်တယ်ဆိုတာ
သတိပြုသင့်တယ်။ဓားစိတ်ဆန္ဒ
အမြောက်အများကို ဝါးမျိုနိုင်သရွေ့မင်းရဲ့
ဓားစိတ်ဆန္ဒကို သေချာပေါက်

အဆင့်မြှင့်တင်နိုင်မှာပဲ။ ငါတို့ခေတ်မှာ စားစိတ်ဆန္ဒကို နားလည်ထားတဲ့ စားသမား နည်းနည်းလေးပဲရှိတာ အတော်လေး ဝမ်းနည်းစရာကောင်းတယ်။ ဒါဆို….”

"ဒါဆို မင်းငါ့ကို ကူညီဖို့ နည်းလမ်းရှိတယ်။ ဒါမှမဟုတ် ပိုတိတိကျကျပြောရရင် ဝါးမျိုဖို့ စားစိတ်ဆန္ဒတွေကို ဘယ်မှာရနိုင်တယ်ဆိုတာ မင်းသိတယ်မဟုတ်လား” ယန်ယွဲ့က ပြုံးလိုက်သည်။

"ဟုတ်တယ်!" လူလတ်ပိုင်းအရွယ်က ပြုံးပြီး “မင်း ငါ့ကို လွှတ်ပေးရင် မင်းကို အခုချက်ချင်း ခေါ်သွားမယ်။”

“ငါ့ကို အရင်ခေါ်သွားပါ။ ပြီးတာနဲ့ လွှတ်လိုက်မယ်!" ယန်ယဲ့က “မင်းဟာ ကိုယ့်စကားကို ပြန်ပြင်တဲ့အတွက် ငါနဲ့ ညှိနှိုင်းဖို့ မကြိုးစားနဲ့။ ငါ မင်းကို တခြားနည်းနဲ့ မယုံနိုင်ဘူး"

လူလတ်ပိုင်းအရွယ်က ယန်ယဲ့ကို ခဏလောက် စိုက်ကြည့်နေသည်။ "မင်း ငါ့ကို တကယ် နှမြောလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ယန်ယဲ့က  "ငါ့စကားကို အခုမှ ပြန်မပြောသေးဘူး ၊ ဟုတ်တ်တယ်မဟုတ်လား"

"ကောင်းပြီ ငါ မင်းကို အဲဒီကို
ခေါ်သွားလိုက်မယ်!" လူလတ်ပိုင်းအရွယ်
အမျိုးသားက ပြောသည်။

ယန်ယဲ့က ပြုံးလိုက်ပြီး အခြားကျောက်တုံး
၈ ခုကို လှည့်ကြည့်လိုက်သည်။
"မင်းအထဲမှာ ဒီအရာမသေခင်
ဘယ်လောက်ကြာကြာမှ သေမှာလဲ။

လူလတ်ပိုင်းအရွယ်က "ငါ
အားနည်းသွားတယ်လို့ ခံစားရတယ်။

အနည်းဆုံး ၂ လအတွင်း
ပျောက်ကွယ်သင့်တယ်”

ယန်ယဲ့က ခေါင်းညိတ်ကာ
"တစ်နည်းပြောရရင် မင်းတို့တွေ ၂ လ
အတွင်း သာမန်လူတွေဖြစ်လာမှာလား"

လူလတ်ပိုင်းအရွယ်က “ဒီလိုပါပဲ” လို့
ပြန်ဖြေသည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး ညာလက်ကို ဝှေ့ယမ်းကာ ကျောက်ခေါင်းတလား ၈ ခုကို ယူလိုက်သည်။

ကျောက်ခေါင်းတလား ၈ ခုကို
မူလစေတီထဲမှာ မထားဘဲ
ရှေးဟောင်းဓားအိမ်ထဲ၌ ထားလိုက်၏။

မူလက သူသည် လူလတ်ပိုင်းကို ဓားအစေခံ အဖြစ် ပြောင်းလဲရန် ရည်ရွယ်ခဲ့သော်လည်း နောက်ဆုံးတွင် အကြံကို စွန့်လွှတ်ခဲ့သည်။

အနက်ရောင်ပိုးကောင် သည်
ကြောက်စရာကောင်းပြီး သေခြင်းကို
မလိုလားသောကြောင့်ပင်။

သို့သော် ထိုပိုးကောင်နက်များ
သေဆုံးသွားပါက
လုံးဝခြားနားသွားပါလိမ့်မည်။
အနက်ရောင်ပိုးကောင်များ
သေသွားသည်နှင့် ၎င်းတို့ကို
ဓားအစေခံများအဖြစ်
သန့်စင်နိုင်မည်ဖြစ်သည်။

ကျောက်ခေါင်းတလားထဲမှ

လူတစ်ဦးစီသည် အနည်းဆုံး

အလယ်အလတ်

သူတော်စင်တစ်ပိုင်းအဆင့်များ ဖြစ်ကြ၏။

၎င်းတို့အား စားအစေခံများအဖြစ်

သန့်စင်ပါက အလယ်အလတ်

သူတော်စင်တစ်ပိုင်းအဆင့် ၉ ပါး ကို

ပိုင်ဆိုင်ထားခြင်းနှင့် ညီမျှသည်။

"မင်းဘာလုပ်နေတာလဲ!?"
လူလတ်ပိုင်းအရွယ်က အသံနက်ကြီးဖြင့်
ပြောသည်။

“သူတို့က မဆိုးဘူးထင်လို့ လိုက်ပို့ပေးဖို့
ရည်ရွယ်ထားတယ်။ ဘာ?
ငါအဲ့လိုလုပ်လို့မရဘူးလား?" ယန်ယွဲ့ သည်
လူလတ်ပိုင်းကို ဂရုမစိုက်ဘဲ
စိုက်ကြည့်နေသည်။

လူလတ်ပိုင်းအရွယ်က ယန်ယဲ့ကို
စိုက်ကြည့်ကာ စကားတစ်ခွန်းမှ မပြောပေ။

ယန်ယဲ့ သည် သူ၏စိတ်ဆန္ဒကို
ထုတ်ဖော်လိုက်ရာ လူလတ်ပိုင်းကို
မြေပြင်နှင့် ကပ်ရိုက်ထားသည့် ဓားများက
သူ့ဆီ ပြန်ရောက်လာပါသည်။

ယန်ယဲ့က“ဒီတစ်ခါ မင်း ရှုံးသွားဖို့
ငါမျှော်လင့်တယ်။ မဟုတ်ရင်
မင်းနောင်တရလိမ့်မယ်လို့ ငါအာမခံတယ်။"

လူလတ်ပိုင်းအရွယ်က ယန်ယဲ့ကို
စိုက်ကြည့်ရင်း
“တကယ့်တိုက်ပွဲတစ်ခုဖြစ်ရင် မင်းလိုလူ
၁၀၀ ကို ငါတိုက်နိုင်တယ်” ဟု
ပြောလိုက်ပါသည်။

ယန်ယဲ့က ရယ်မောပြီး "မင်းသာ
အသက်ရှည်ခဲ့ရင် မင်းလိုလူကို
တစ်ချက်တည်းနဲ့သတ်နိုင်လိမ့်မယ်။
ဘာပဲဖြစ်ဖြစ် ဒီအပိုစကားတွေကို

ရပ်လိုက်ပါ။ အခုလက်ရှိအခြေအနေက

မင်းကိုတိုက်ခိုက်ဝံ့ရင် ငါတို့ ၈ ယောက်က

မင်းကို ဒီပင်လယ်အောက်မှာပဲ

မြှုပ်နှံလိုက်မယ်။ မင်းက

သူတော်စင်တစ်ပိုင်းအဆင့် ၈ ပါးကို

ရင်ဆိုင်နိုင်မယ်ဆိုရင်တော့

လွတ်လွတ်လပ်လပ်လုပ်လိုက်ပါ။"

လူလတ်ပိုင်းသည် ယန်ယဲ့ကိုသာ

စိုက်ကြည့်နေ၏။

သူသည် စကားတစ်ခွန်းမှ မပြောဘဲ
ပင်လယ်၏ အနက်ပိုင်းဆီသို့ တစ်လှမ်းချင်း
သွားလိုက်သည် ။

ယန်ယဲ့ သည် ခဏတာ
တုံ့ဆိုင်းနေပြီးနောက် လူလတ်ပိုင်း၏
နောက်ကနေ လိုက်လာခဲ့သည်။

ပင်လယ်အနက်ပိုင်းသို့ ရောက်လာလေလေ
သူတို့အပေါ် ကျရောက်လာသည့် ဖိအားက

ပို၍တိုးလာကြောင်း နှစ်ယောက်လုံး ခံစားမိလိုက်ကြသည်။

ဤအခိုက်တွင် ယန်ယဲ့သည် သူ့ကိုယ်ပေါ် တောင်ပေါင်း တစ်ဒါဇင်ကျော် ဖိချလိုက်သကဲ့သို့ အသက်ရှူကြပ်လုနီးပါး ခံစားလိုက်ရလေသည်။

လူလတ်ပိုင်းက နောက်ပြန်လှည့်ကာ ယန်ယဲ့ကို ကြည့်၍ “မင်းမထိန်းနိုင်ရင် မင်းရဲ့ရုပ်သေးရုပ်တွေကို ကူညီခိုင်းပါ။

မဟုတ်ရင် မင်း ဒီမှာ ရေဖိအားကြောင့်
ပြုတ်ကျသွားနိုင်တယ်။ မျက်နှာပျက်မှာကို
မကြောက်ပါနဲ့။
ဟိုအရင်အတိတ်မှာတည်းက ဒီနေရာကို
လှေကျင့်ဖို့ လာခဲ့တဲ့ ပါရမီရှင်တွေ
အကုန်လုံးက ဒီပင်လယ်အနက်ပိုင်းကို
တခါမှ မသိခဲ့ဘူး!"

ဤစကားများပြောနေရင်း လူလတ်ပိုင်း၏
အမူအရာသည် ရုတ်တရက်
ပြောင်းလဲသွားပြီး ယန်ယဲ့ဆီသို့

သူ့အကြည့်က
အလွန်လေးနက်နေလေသည်။
"တကယ်တော့ မင်းက
ဆန်းကြယ်ချီစွမ်းအင်ကို မသုံးဘဲနဲ့
ရုပ်ခန္ဓာခွန်အားနဲ့တင် ရေဖိအားကို
တွန်းနေတာပဲ!"

ယန်ယဲ့ သည် လူလတ်ပိုင်းကို ပြန်မဖြေပါ။
သူက ပတ်ဝန်းကျင်ကို စိုက်ကြည့်
လိုက်သည်။ အမှန်ပင် ဤနေရာက
လေ့ကျင့်ဖို့ အလွန်ကောင်းပေသည်။

သူ၏ရုပ်ခန္ဓာခွန်အားကို
အသုံးပြု၍ပင်လယ်ရေဖိအားကို
တွန်းလှန်နေချိန်တွင် သူ့ခန္ဓာကိုယ်က
အနည်းငယ် ပြောင်းလဲလာသည်ကို ဖျတ်ခနဲ
ခံစားလိုက်ရသည်။ ထိုအသွင်ပြောင်းလဲမှုက
အလွန်သေးငယ်သော်လည်း ၎င်းသည်
သူ့အတွက်
အလွန်တုန်လှုပ်စရာဖြစ်နေဆဲပင်။

.၉၁၂

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၁၂ - တည်ထောင်သူဘိုးဘေး

အခုအချိန်မှာ သူ့ခန္ဓာကိုယ်က အလွန်ကြောက်စရာအဆင့်တစ်ခုထိ ရောက်ရှိနေပြီဖြစ်ရာ သာမန်နည်းစနစ်များက နည်းနည်းလေးမှ မတိုးတက်နိုင်ပါ။ သို့သော် ဤနေရာတွင် သူ၏ခန္ဓာကိုယ်သည်

တိုးတက်ကောင်းမွန်လာသည်ဟု
ခံစားနိုင်ခဲ့သည်။

"ဒါက ငါ့ရဲ့ခန္ဓာကိုယ်သန်မာလာအောင်
မြှင့်တင်ပေးနိုင်တယ်ဆိုတော့
ငါ့ဓားစိတ်ဆန္ဒကိုလည်း
မြှင့်တင်နိုင်ပါ့မလား။" ယန်ယဲ့သည်
ဤအချက်ကို တွေးတောရင်း တခဏမျှ
တုံ့ဆိုင်းသွားသည်။ ထို့နောက် သူ၏
ကောင်းကင်အဆင့် ၁ ဓားစိတ်ဆန္ဒကို

ထုတ်လွှတ်ကာ ပတ်ဝန်းကျင်မှ ရေဖိအားကို
အဆက်မပြတ် ခုခံလိုက်သည်။

လူလတ်ပိုင်းအမျိုးသား သည် ရှေ့ကို
ဆက်မသွားသေးဘဲ ယန်ယွဲ့ကို
အချိန်တော်တော်ကြာသည်ထိ
လေးလေးနက်နက် စိုက်ကြည့်နေလေသည်။

တစ်ချိန်တည်းမှာပင် ၎င်းတို့ပတ်ဝန်းကျင်ရှိ
ရေဖိအားသည် ပိုမိုအားကောင်းလာပြီး

နောက်ထပ်တစ်နာရီခန့်ကြာ

ကုန်ဆုံးသွားပြန်သည်။

အဆုံးမှာတော့ ယန်ယဲ့ သည်လည်း

အသက်ရှူကြပ်လာပါတော့သည်။ သို့သော်

သူ၏ခံစားစိတ်ဆန္ဒသည် အဆင့်မြင့်သည့်

အရိပ်အယောင်များ ပြသနေဖြင့် ယန်ယဲ့၏

မျက်လုံးထဲ၌ စိတ်လှုပ်ရှားမှုများဖြင့်

တဖျပ်ဖျပ်ဖျပ်ခတ်နေခဲ့သည်။

ဆိုးလိုက်တာ။

ဤနေရာရှိ ရေဖိအားက
သူတော်စင်တစ်ပိုင်းအဆင့် ကိုပင်
ခြိမ်းခြောက်နိုင်သောကြောင့်
လူလတ်ပိုင်းအဘိုးအိုသည်လည်း
အလွန်တုန်လှုပ်သွားခဲ့သည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့၏
ပတ်ပတ်လည်မှာ
သူတော်စင်တစ်ပိုင်းအဆင့် ဓားအစေခံများ
ပေါ်လာခဲ့သည်။

နောက်ထပ် ၂ နာရီခန့်

ဆက်သွားကြပြီးနောက် သူတို့၏

အမြင်အာရုံထဲတွင် နန်းတော်တစ်ခု

ဘွားခနဲပေါ်လာသည်။

ရုတ်တရက် လူလတ်ပိုင်းအရွယ်က

မျက်မှောင်ကြုတ်ပြီး နန်းတော်အဝင်ဝကို

စူးစိုက်ကြည့်ကာ "ဓားသူတော်စင်

ရှိနေပြီလား။ အနှောင်အဖွဲ့ကင်းမဲ့သူလား?

ဒါက ဘယ်သူလဲ?"

တွမ်!

ရုတ်တရက်ပင် လှုလတ်ပိုင်း၏အနောက်မှ
ပေါက်ကွဲသံကြီး ပေါ်လာသည်။
လှုလတ်ပိုင်းသည် နောက်ကို
အမြန်လှည့်ကြည့်လိုက်ရာ ယန်ယဲ့၏
ပတ်လည်ရှိ ပင်လယ်ရေများသည်
အလွန်ကြောက်စရာတိုက်ခိုက်မှုတစ်ခု
ကြောင့် နောက်ပြန်တက်လာတာကို
သတိထားမိလိုက်သည်။

မကြာခင်မှာပဲ ယန်ယဲ့၏

ပတ်ပတ်လည်သည် ပင်လယ်ရေများ

မရှိတော့ဘဲ ရေလုံးဝကင်းစင်သည့်

ကျွန်းတစ်ခုသဖွယ်ဖြစ်ပေါ်လာပါသည်။

"ကောင်းကင်အဆင့် ၂ ဓားစိတ်ဆန္ဒ... "

“ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ…. မင်း

ဘယ်လိုလုပ် အဆင့် ၁၂ ဓားစိတ်ဆန္ဒကို

ရောက်အောင် လုပ်နိုင်မှာလဲ…”

လူလတ်ပိုင်း၏ မျက်လုံးများသည်
မယုံနိုင်စရာများဖြင့် ပြည့်နှက်နေသည်။

ယန်ယဲ့ သည် လေကို ရှူရှိုက်လိုက်သည်နှင့်
သူ့ပတ်ဝန်းကျင်ရှိ ပုံရိပ်ယောင်ဓားများက
သူ့ခန္ဓာကိုယ်ထဲသို့
ချက်ချင်းပြန်ဝင်လာသည်။
ချက်ချင်းဆိုသလိုပဲ ပင်လယ်ရေက သူ့ကို
ဖုံးလွှမ်းသွားပါတော့သည်။

သူ၏ ဓားစိတ်ဆန္ဒသည် ပင်လယ်ရေကို ကန့်သတ်ထားနိုင်သည့်တိုင် ထိုသို့ပြုလုပ်ရန် စိတ်မဝင်စားပေ။

ထို့အပြင် ဤနေရာမှ ရေဖိအားသည် တဖြည်းဖြည်း ပို၍ကြောက်စရာကောင်းလာနေပါသည်။

ယန်ယဲ့၏ မျက်နှာပေါ်တွင် စိတ်လှုပ်ရှားမှု အနည်းငယ် ပေါ်လာသည်။

"အဆင့် ၁၂ ဓားစိတ်ဆန္ဒ။ ငါ ကောင်းကင်အဆင့် ၂ ဓားစိတ်ဆန္ဒကို

ပြန်ရောက်ပြီ။ ဒါဆို အခုကစလို့ သူတော်စင်တစ်ပိုင်းအဆင့်တွေကို ဖိနှိပ်နိုင်ပြီပေါ့။"

"ဒီလောက်လွယ်လွယ်နဲ့ အဆင့် ၁၂ ဓားစိတ်ဆန္ဒကို မင်း ဘယ်လိုလုပ်နိုင်မှာလဲ!" လူလတ်ပိုင်းအရွယ်က ထိတ်လန့်တုန်လှုပ်နေဆဲပင်။ နောက်ဆုံးတွင် ကောင်းကင်အဆင့် ဓားစိတ်ဆန္ဒကို ရပြီးနောက် တစ်ဆင့်ထပ်တက်ရန် အလွန်ခက်ခဲသည်။

ဧင်းသည် ကောင်းကင်ဘုံသို့
တက်လှမ်းသည်ထက်ပင် ခက်ခဲ၏။
သို့သော်လည်း ယန်ယဲ့သည် ဤကဲ့သို့
လွယ်ကူစွာ အောင်မြင်ခဲ့ပါသည်...။

ယန်ယဲ့ သည် သူ့ဝတ်ရုံကို ပြင်ဆင်လိုက်ကာ
လူလတ်ပိုင်းအရွယ်ကို ကြည့်လိုက်ပြီး
"ကောင်းကင်အဆင့် ဓားစိတ်ဆန္ဒကို ရဖို့က
ဘယ်လောက်များခက်နေလို့လဲ။"

လူလတ်ပိုင်းအရွယ်က စကားမပြောနိုင်။

လူလတ်ပိုင်းအရွယ်က ငြိမ်သက်သွားကာ နောက်ဆုံးတွင် တစ်စုံတစ်ခုကို ချက်ချင်း တွေးမိပြီး ပြောလာခဲ့သည်။  သူက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "ငါထင်တာမမှားရင် မင်းအရင်တုန်းက ကောင်းကင်အဆင့် ၂ ဓားစိတ်ဆန္ဒကို ရောက်ထားတယ်။ ပြီးတော့ အကြောင်းတစ်ခုနဲ့ ကောင်းကင်အဆင့် ၁ ကို ပြန်ကျသွားတာ။ ဟုတ်တယ်မလား?"

ယန်ယဲ့ လည်း အနည်းငယ်
အံ့ဩသွားမိသည်။ လူလတ်ပိုင်းအရွယ်က
တစ်ချက်ကြည့်ရုံဖြင့် အဖြေကို
တန်းသိနိုင်မယ်လို့ သူ မမျှော်လင့်ထားပါ။
သို့သော် လူလတ်ပိုင်းအရွယ်သည် ယခင်က
အထွတ်အထိပ်
ကျွမ်းကျင်သူတစ်ဦးဖြစ်သောကြောင့်
အဓိပ္ပာယ်ရှိပေသည်။
သူ၏ကျင့်ကြံမှုက ကျဆင်းသွားသည့်တိုင်
ရှေးဟောင်းခေတ်၏ ပညာရှင်တစ်ဦး
ပိုင်ဆိုင်သည့် အသိဉာဏ်၊

ဗဟုသုတများရှိနေသေးသည်မဟုတ်သလော။

ယန်ယဲ့ သည် ပြတ်ပြတ်သားသားပင်
ဝန်ခံလိုက်ရာလူလတ်ပိုင်းက ပိုလို့တောင်
တုန်လှုပ်သွား၏။
ဤမျှ အသက်ငယ်ငယ်ဖြင့်
ကောင်းကင်အဆင့်၂ခားစိတ်ဆန္ဒကို
နားလည်ထားသည်လား။ ဤကဲ့သို့
သဘာဝစွမ်းရည်သည် အမှန်တကယ်ကို
အံ့သြစရာပင်။

ထိုအချိန်တွင် ယန်ယဲ့ သည်
နန်းတော်အဝင်ပေါက်ဆီသို့
လျှောက်သွားလိုက်သည်။
အပေါ်ကနေ အနီးကပ် ကြည့်လိုက်မှသာ
ပထမစာကြောင်း၏ ဘေးနားတွင်
စာလုံးသေးသေးလေးတစ်ကြောင်းရှိနေတာ
ကို သတိပြုမိလိုက်၏
"အနှောင်အဖွဲ့ကင်းမဲ့သူ!
တည်ထောင်သူဘိုးဘေးက
ဒီမှာလည်းရောက်ခဲ့တာလား။"

'အတိတ်က ဓားသူတော်စင်ဆိုတာ
သံသယဝင်စရာမလိုပါဘူးလေ။
ဒီလောကတစ်ခုလုံးမှာ ရှုံးပွဲမရှိခဲ့ဘူး။
ဒါပေမဲ့ ဒီနေ့ကစလို့
အနှောင်အဖွဲ့ကင်းမဲ့သူဆိုတာ
ဒီကမ္ဘာမှာမရှိတော့ဘူး။ ကောင်းကင်ဘုံ။
ငါယန်ယဲ့ လာခဲ့မယ်!'

"အတိတ်က ဓားသူတော်စင်? ဘာမှ
မပြောထိုက်ဘူးလား?

တစ်ခါမှမရှိုးဖူးဘူးလား?" လူလတ်ပိုင်းက အေးစက်စွာ အော်ဟစ်လိုက်သည်။

"မာနကြီးလိုက်တာ!"

စကားပြောရင်း တံခါးဝဆီသို့ လျှောက်သွားလိုက်သည်။ သို့သော် ယန်ယဲ့ အနားရောက်လာသောအခါ ထိုစကားလုံးများမှ ဓားစွမ်းအင်အနည်းငယ် ထွက်ပေါ်လာသည်။

ဓားစွမ်းအင်များက သူ၏ ခန္ဓာကိုယ်ကို ထိုးဖောက်လုနီးပါးတွင် လူလတ်ပိုင်းလည်း

ထိတ်လန့်သွားကာနောက်အတော်ဝေးဝေး
ထိ အဆက်မပြတ် ပြန်ဆုတ်သွားခဲ့သည်။

ယန်ယဲ့၏ မျက်လုံးများသည်
ထိုစကားလုံးများကို ထိတ်လန့်စွာ
စိုက်ကြည့်ရင်း
သိသိသာသာပင်ကျဉ်းမြောင်းသွားလေ
တော့သည်။

ဤအခိုက်အတန့်တွင် စကားလုံးများသည်
အလွန်ထက်မြက်ပြီး ပြင်းထန်သော

ခေါးစိတ်ဆန္ဒများထွက်ပေါ်နေသည်ကို
ရှင်းရှင်းလင်းလင်း ခံစားမိလိုက်၏။
သူ့မျက်လုံးဖြင့် မမြင်နိုင်သည့်တိုင်
ကောင်းစွာခံစားမိပေသည်။

"လွန်ခဲ့သောနှစ်ပေါင်း ၁၀,၀၀၀ ကျော်က
ချန်ထားခဲ့တဲ့ ခေါးစိတ်ဆန္ဒ....
အလယ်အလတ်
သူတော်စင်တစ်ပိုင်းအဆင့်ကိုတောင်
ချက်ချင်း ဖိနှိပ်နိုင်တာလား။ သူက
ဘယ်လောက် သန်မာခဲ့လဲ။"

"ကောင်းကင်လမ်းကို မဖြတ်ခင်
ဓားစွမ်းအင်ကို ချန်ထားခဲ့တာလား။
တည်ထောင်သူဘိုးဘေးက သူ့ရဲ့
အထွတ်အထိပ်စွမ်းအားကို
ဒီမှာထားခဲ့တာဖြစ်ရမယ်။"

ဓားစိတ်ဆန္ဒ သည်
အလွန်ပြင်းထန်ပြီးကြောက်မက်ဖွယ်ရာဖြစ်
သည်။ သို့သော်လည်း ဇင်းသည်

ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒတော့

မဟုတ်ချေ။

"ဒီလောက်အချိန်တွေ ကြာခဲ့တာတောင်

အလယ်အလတ်

သူတော်စင်တစ်ပိုင်းအဆင့်ကို

ဒဏ်ရာပြင်းပြင်းထန်ထန် ရနိုင်ခဲ့တယ်…

။အဲဒီတုန်းက ဘယ်လောက်တောင်

သန်မာခဲ့လဲ။ ငါ သူ့အောင်မြင်မှုတွေကို

တကယ်ပြိုင်နိုင်ပါ့မလား။"

အနှောင်အဖွဲ့ကင်းမဲ့သူ၏

ခေါ်းတာအိုလမ်းစဉ်သည်

အဆင့်တူနယ်ပယ်တွင် သူ့ထက်

နိမ့်ကျမည်ဟု ထင်ခဲ့သည်။

ယခုအချိန်တွင်မူ အနှောင်အဖွဲ့ကင်းမဲ့သူ၏

ခေါ်းတာအိုသည် သူထင်ထားတာထက်ကိုပင်

ကျော်လွန်ကာ အမြင့်တွင် ရှိနေကြောင်း

လက်တွေ့ကျကျ ပြောပြသည်။

ယန်ယဲ့ သည် စာလုံးများရှေ့တွင်

အချိန်အတော်ကြာ တိတ်ဆိတ်နေခဲ့သည်။

အဆုံးတွင် သူသည် ရုတ်တရက် ရယ်မောပြီး “ဘာလို့ ရှုံးနိမ့်ရမှာလဲ? ငါ့ရဲ့ နိမ့်ကျမှုကို ငါ ဘာကြောင့် စိတ်ဓာတ်ကျရမှာလဲ ။ မျိုးဆက်ဟောင်းတွေထက် သာလွန်ရမယ်လို့ ပြောနိုင်တယ်။  ငါ အခု မင်းထက် နိမ့်ကျနေနိုင်ပေမယ့် မင်းကို ကျော်တက်ဖို့ ငါ အစွမ်းကုန် ကြိုးစားမှာပါ!"

ဝေါ.....ဝေါ.....ဝေါ

.၉၁၃

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၁၃ - တာအိုအဆင့် ဓား

ပြောက်များစွာ

ဝေါ..။ ဝေါ..။ ဝေါ...။

ရုတ်တရက် စာလုံးများကနေ
တောက်ပသော အလင်းတန်းတစ်ခုသည်
ထွက်ပေါ်လာပြီး ယန်ယဲ့၏
စိတ်ဝိညာဉ်ထဲသို့ ချက်ချင်း
ဝင်ရောက်သွားသည်။

ဤအဖြစ်အပျက်ကြောင့် ယန်ယဲ့း
အမူအရာသည်လည်း ပြင်းထန်စွာ
ပြောင်းသွားကာ ဤအချိန်မှာပဲ
သူ့စိတ်ထဲမှာ အသံတစ်ခု
ထွက်ပေါ်လာသည်။

'မင်းက ဘယ်သူပဲဖြစ်ဖြစ် ငါ့နောက်က လိုက်လာနိုင်လို့ ဒီဓားစိတ်ဆန္ဒမျိုးစေ့ရဲ့ အသိအမှတ်ပြုတာကိုပါရတဲ့အတွက် ဂုဏ်ယူပါတယ်။ ဒါ့အပြင် မင်းကို ငါ့တပည့်တစ်ဝက်လို့ သတ်မှတ်လို့ရတယ်။ ကောင်းကောင်းနားထောင်ပါ။

ဒီဓားစိတ်ဆန္ဒမျိုးစေ့ကို မဟာတာအိုဓားစိတ်ဆန္ဒ လို့ခေါ်တယ်။ ဒါက ငါ့ရဲ့ဓားစိတ်ဆန္ဒ နဲ့ ဒီကမ္ဘာက ဓားတာအိုရဲ့အထွတ်အထိပ်ကို ဆိုလိုတာပဲ။

အထဲက လျှို့ဝှက်ချက်တွေကို
ကောင်းကောင်းနားလည်ဆင်ခြင်ပါ။"

"ပြီးတော့ မဟာတာအိုရဲ့
ဥပဒေသတွေရှိနေလို့ မင်းရဲ့ခွန်အားထက်
ကျော်လွန်တဲ့ ပြိုင်ဖက်နဲ့ တွေ့တဲ့အခါ
မင်းအဲဒါကို အသက်သွင်းနိုင်တယ်။
ဒါကလည်း
မင်းရဲ့ကိုယ်ပိုင်စွမ်းအားအပေါ်မှာ
မူတည်နေတယ်။

မင်းက ဒါကို အကန့်အသတ်မရှိ အသုံးချလို့တော့ မရပါဘူး။ အလွန်ဆုံးမှ ၃ ကြိမ်ပဲ သုံးနိုင်တယ်။ ပြီးရင်တော့ စွမ်းအင်အကုန်လုံး ကုန်ဆုံးသွားလိမ့်မယ်။"

"ငါ ဒီလောကကို စွန့်နိုင်ခဲ့ပေမယ့် ဒီမှာရှိတဲ့ သက်ရှိသတ္တဝါအားလုံးကို ငါမခေါ်သွားနိုင်ခဲ့ဘူး။ ဒါကြောင့် ဒီကမ္ဘာကရဲ့ ဓားတာအိုအမွေအနှစ်ကို မဆုံးရှုံးစေချင်ဘူး။ ဒီတော့ အနာဂတ် မျိုးဆက်သစ်တွေ ရောက်ရှိလာတာကို

စောင့်မျှော်ဖို့ ဒီခါးစိတ်ဆန္ဒမျိုးစေ့ကို
ချန်ထားခဲ့လိုက်တယ်။
နောက်ဆုံးတစ်ခုပြောပါရစေ၊
ခါးကိုင်ထားတဲ့သူတွေက
ကောင်းကင်ကိုမကြောက်၊
မြေကြီးကိုမကြောက်နဲ့၊
လောကနတ်ဘုရားတွေကိုတောင်
မကြောက်ရဘူး…”

အနှောင်အဖွဲ့ကင်းမဲ့သူ၏ အသံသည် သူ့စိတ်အတွင်း၌ တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

အချိန်အနည်းငယ်ကြာပြီးနောက်တွင် ယန်ယွဲ့သည်မျက်လုံးကို ဖွင့်လိုက်ပြီး "ကောင်းကင်ကို မကြောက်နဲ့၊ မြေကြီးကို မကြောက်နဲ့၊ လောကနတ်ဘုရားတွေကို မကြောက်နဲ့…." ဟု ရေရွတ်လိုက်သည်။

ဤစကားလုံးများကို လိုက်ပါရေရွတ်ရင်း အသက်ပြင်းပြင်းရှူကာ "တိုက်ကြီးရဲ့

နံပါတ်တစ် ပညာရှင်ဆိုတာက မျှော်လင့်ထားတဲ့အတိုင်းပါလား….”

ဤအခိုက်တွင် သူ့စိတ်ထဲ၌ ဆေဘာစားဂိုဏ်း၏ တည်ထောင်သူဘိုးကို သဘောကျ၊ လေးစားမှုများပေါ်လာသည်။ သို့ရာတွင် အနှောင်အဖွဲ့ကင်းမဲ့သူက သူ လက်လှမ်းမမီတော့သူဟု မခံစားမိပေ။

သူသည် ဘဝတစ်လျှောက်လုံး
သေခြင်း၊ရှင်ခြင်း နှင့် နာကျင်မှုများ၊
ဆုံးရှုံးမှုများစွာကို ရင်ဆိုင်ခဲ့ရသည်။
သို့သော် သူဘယ်တော့မှ
လက်မလျှော့ခဲ့ပါ။လွန်ခဲ့သည့်နှစ်များအတွ
င်း သူသည် ဆေးဘာဏ်ဆားဂိုဏ်း၏
အလုပ်သမားတပည့်ဖြစ်ခဲ့သည့်တိုင်
လုံးဝအရှုံးမပေးခဲ့ပေ။ ထို့ကြောင့်သာ
ဤနေ့အဆင့်ရောက်ရှိနေခြင်းပင်။

အလယ်အလတ် သဘာဝစွမ်းရည်ကို ပိုင်ဆိုင်ရသည်က ကောင်းပေသည်။ တစ်စုံတစ်ယောက်သည် အလုပ်ကို ကြိုးကြိုးစားစား လုပ်ပါက အရာအားလုံး ဖြစ်နိုင်ပါသည်။

ထို့နောက် သူ့အတွေးများကို ထိန်းချုပ်လိုက်ပြီး ဓားစိတ်ဆန္ဒမျိုးစေ့ကို အာရုံစိုက်ကာ စစ်ဆေးကြည့်လိုက်လေသည်။

၎င်းသည် ပုံသဏ္ဍာန်မရှိ၍
မမြင်နိုင်သော်လည်း ၎င်းကို ခံစားနိုင်သည်။
သူ့စိတ်ထဲ နားလည်မှုတစ်ခုရသွားသည်နှင့်
ယန်ယဲ့ဟာ ဓားတာအိုလမ်းစဉ်ကို
လျှောက်လှမ်းနိုင်သည့်လမ်းကြောင်းသစ်တ
စ်ခုအား ရုတ်တရက်
သတိထားမိလိုက်သည်။
တစ်ခုတည်းသောလမ်းကို
လျှောက်လှမ်းနေသလိုမျိုး
တစ်ခုတည်းသောလမ်းဟု
တွေးလိုက်မိသော်လည်း

နောက်တစ်ခုရှိသေးသည်ကို ရုတ်တရက် သတိပြုမိခဲ့သည်။

"သူက ဘယ်သူလဲ!?" ထိုအချိန်တွင် လူလတ်ပိုင်းက ယန်ယွဲ့၏ အတွေးစများကို ရပ်တန့်ပစ်လိုက်သည်။

လူလတ်ပိုင်း အမျိုးသား၏ ရင်ဘတ်ပေါ်တွင် လက်မအရွယ် အပေါက်အချို့ရှိနေသည်။ ထိုဓားဒဏ်ရာများကနေ ထူးဆန်းသောစွမ်းအားတစ်ခု

ထွက်ပေါ်လာပြီး အပေါက်များကို
အဆက်မပြတ်ပိုကြီးလာစေသည်။

သို့သော် ထိုအပေါက်များကို
သူ၏ထူးခြားသောခန္ဓာကိုယ်က
ဓာတ်ရာများကို အလိုအလျောက်
ပြန်လည်ကောင်းမွန်လာစေသည်။

ဤအခိုက်အတန့်တွင်
လူလတ်ပိုင်းအမျိုးသားသည်မျက်နှာတွင်
အလွန်လေးနက်သော အမူအရာရှိနေသည်။

သို့မဟုတ် သူ့မျက်လုံးများတွင်
ကြောက်မက်ဖွယ်အရိပ်အယောင်ပင်
ရှိနေ၏။

သူ၏ကျင့်ကြံမှုသည်
သူတော်စင်တစ်ပိုင်းအဆင့် ဖြစ်သည်။
သို့သော် လွန်ခဲ့သည့် နှစ် ၁၀,၀၀၀ က
ကျန်ရစ်ခဲ့သော ဓားစိတ်ဆန္ဒကြောင့်
ဒဏ်ရာရသွားမယ်လို့ မထင်ထားပေ။

"သူ့ပိုင်ရှင်က ဘယ်လောက်တောင်
သန်မာခဲ့လဲ။"

ဤအခိုက်အတန့်တွင်
သူ့နှလုံးသားတစ်ခုလုံး
တုန်လှုပ်ခြောက်ခြားသွားကာ
အချိန်အကြာကြီး မငြိမ်သက်နိုင်တော့ပေ။

ယန်ယဲ့ သည် လူလတ်ပိုင်းအမျိုးသားကို
တစ်ချက်ကြည့်လိုက်ပြီး "ဒီနေရာက
ထွက်သွားတာနဲ့ မင်းသိလိမ့်မယ်။ အခု
မင်းပြောခဲ့တဲ့ ဝါးမြို့ခြင်းစားစိတ်ဆန္ဒ ရှိတဲ့
နေရာကို ခေါ်သွားပါ။"

လူလတ်ပိုင်းအမျိုးသားက “မင်း အခု ကောင်းကင်အဆင့် ၂ ဓားစိတ်ဆန္ဒကို ရောက်နေပြီ။ ဒါကြောင့် မင်း ဝါးမြို့ခြင်းဓားစိတ်ဆန္ဒကို ရရင်တောင် ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒကို ရောက်ဖို့ မဖြစ်နိုင်သောက်ဘူး။ ဒါဆို….”

"စိတ်မပူပါနဲ့!" ယန်ယဲ့က "ငါ့ရဲ့ဓားစိတ်ဆန္ဒကို မြှင့်တင်ပေးနိုင်ရင် ငါ့စကားကို ငါဆက်ထိန်းထားမယ်!"

လူလတ်ပိုင်းအမျိုးသားက ယန်ယဲ့ကို စိုက်ကြည့်ကာ "ဒါဆို ဝင်လိုက်!"

ယန်ယဲ့ သည် လက်ချောင်းကို ပွတ်ဆွဲလိုက်ရာ ဓားကြိုးတစ်ချောင်း ထွက်လာပြီး နန်းတော်တံခါးကို ထိမှန်သွားသည်။ တံခါးက ချက်ချင်း ဖြည်းညှင်းစွာ ပွင့်လာသည်။ အထဲမှာ ရေမရှိသလို အပြင်ကရေတွေလည်း

မစီးနိုင်ပါ။ တစ်ခုခုက ပင်လယ်ရေကို ပိတ်ဆို့ထားသလိုပင်။

ယန်ယဲ့ သည် အတွင်းပိုင်းကို မဝင်သေးဘဲ လူလတ်ပိုင်းအမျိုးသားကိုသာ စိုက်ကြည့်နေသည်။

လူလတ်ပိုင်းအမျိုးသားက ယန်ယဲ့၏ ဆိုလိုရင်းကိုနားလည်သည့်အလား ရှေ့တက်လာကာ အတွင်းပိုင်းသို့ ဦးစွာဝင်လိုက်သည်။

ထို့နောက်မှာတော့ ယန်ယဲ့ သည့်လည်း
လူလတ်ပိုင်းအမျိုးသား၏ နောက်ကနေ
လိုက်ပါလာခဲ့သည်။

တံခါးကို လှမ်းဝင်လိုက်သည်နှင့် ယန်ယဲ့
သည် သူ့မျက်စိရှေ့က မြင်ကွင်းကြောင့်
ထိတ်လန့်သွားသည်။

ဓားတွေ! ဓားတွေအများကြီး....

တံခါးနောက်ဖက်တွင်

ကြီးမားသောခန်းမတစ်ခုရှိနေပြီး

မြေပြင်သည် ဓားမျိုးစုံဖြင့်

ထူထပ်စွာဖုံးလွှမ်းထားသည်။ ထို့အပြင်

မြေပြင်သာမက

ခန်းမထဲရှိအပေါ်လေထဲမှာပင် ဓားများ

ပြည့်နေလေသည်။

အားလုံးက အဆင့်နိမ့်မဟုတ်ပေ၊

တာအို့ဆင့်ဓားများချည်းသာ။

"အနည်းဆုံး တာအိုအဆင့်ဓား ၁၀,၀၀၀"

"တာအိုအဆင့် ဓား ၁၀၀၀၀။"ယန်ယွဲ့သည် သူ့နှလုံးခုန်သံ မြန်လာသည်ကို ခံစားလိုက်ရသည်။

တွမ်...။ တွမ်...။

ရုတ်တရက် ဓားမြောက်များစွာကနေ စူးရှသည့် အလင်းရောင်စဉ်တန်းများ ထွက်

ပေါ်လာပြီး ယန်ယဲ့ နှင့်
လူလတ်ပိုင်းအမျိုးသားကို ချိန်ရွယ်လိုက်
သည်။

လူလတ်ပိုင်းအမျိုးသားကို စိုက်ကြည့်ရင်း
ယန်ယဲ့၏ အမူအရာသည် အနည်းငယ်
ပြောင်းလဲသွားသည်။
ရုတ်တရက် လူလတ်ပိုင်းအမျိုးသားက
ခေါင်းခါပြီး "မဖြစ်နိုင်ပါဘူး" ဟု
အံ့သြသည့်အမူအရာနဲ့ ပြောလေသည်။

ဤနေရာသည် နန်းတော်ပိုင်ရှင်၏
အမွေဆက်ခံရာ နေရာဖြစ်သည်။

အခြေအနေက မည်သို့
ပြောင်းနိုင်မည်နည်း။

ဝေါ…… ဝေါ

ဓားမြောက်များစွာသည်
အလင်းတန်းများစွာ အဖြစ် ပြောင်းလဲ၍

ယန်ယဲ့နှင့် လူလတ်ပိုင်းအမျိုးသား.ဆီသို့ ရုတ်တရက် ပစ်လွှတ်လိုက်ကြလေသည်။

ဤရုတ်တရက် အခြေအနေကြောင့် နှစ်ယောက်လုံး တုန်လှုပ်သွားကြ၏။ ယန်ယဲ့သည် သူ့ခန္ဓာကိုယ်ပေါ်တွင် ဟာကျူလီသံချပ်ကာ ကိုအသက်သွင်းလိုက်ကာ တစ်ဆက်တည်း ကောင်းကင်အဆင့်၂ဓားစိတ်ဆန္ဒကိုပါ ထုတ်ဖော်လိုက်သည်။

သူ၏ ကောင်းကင်အဆင့် ၂ ဓားစိတ်ဆန္ဒက

ရှေ့သို့ ပြန့်ထွက်လာသည့်အခိုက် ခန်းမထဲရှိ

ဓားမြောက်များစွာက ရုတ်ချည်းပင်

ရပ်တန့်သွားတော့သည်။

ယန်ယဲ့ နှင့် လူလတ်ပိုင်းအမျိုးသား

တို့လည်း သက်ပြင်းချလိုက်ကြသည်။

အကြောင်းအရင်းမှာ သူတို့ရှေ့မှ

ဓားမြောက်များစွာသည်

ထူးခြားဆန်းကြယ်သည့်စွမ်းအားများသယ်

ဆောင်လာသောကြောင့်ပင်တည်း။

ထို ဓားများသာ အမှန်တကယ်

တိုက်ခိုက်လာမည်ဆိုပါက.....

.၉၁၄

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၁၄ - တာအိုအဆင့်ဓားများကို

သိမ်းယူခြင်း

ယန်ယဲ့၏ စိတ်ထဲ၌ ဟာကျူလီသံချပ်ကာ
က ၎င်းအား ခံနိုင်ရည်ရှိမည်ဟုသာ
မျှော်လင့်နိုင်သည်...။

“ငါ့အမွေအနှစ်ကို လာခိုးတာလား။ သေ!"
ရုတ်တရက် ခန်းမအောက်ထပ်မှ အသံတစ်
ခု ထွက်ပေါ်လာသည်။

တွမ်...တွမ်...ဝေါ

ရပ်တန့်နေသော ဓားများက

ယန်ယဲ့နှင့်လူလတ်ပိုင်းအမျိုးသားအပေါ်သို့

ချက်ချင်း ဖုံးလွှမ်းသွားသည်။

လျှို့ဝှက်ဆန်းကြယ်သော စွမ်းအားတစ်ခုက

ယန်ယဲ့ နှင့် လူလတ်ပိုင်းအမျိုးသားဆီသို့

ဖုံးလွှမ်းသွားကာ လှုပ်မရအောင်

ဖိနှိပ်လိုက်သကဲ့သို့ပင်။

ထို့နောက်တွင် တာအိုအဆင့် ဓား ၁၀,၀၀၀

က ၎င်းတို့ဆီသို့ အဆက်မပြတ်

ပျံသန်းလာပါတော့သည်။

ရှစ်။ ယန်ယဲ့သည်

လှျို့ဝှက်ဆန်းကြယ်သောအသံကိုကြားလို

က်ရသောအခါ စိတ်ထဲတွင်

အော်ဟစ်လိုက်ပြီး ဟာကျူလီသံချပ်ကာကို

နောက်တစ်ကြိမ်

အမြန်အသက်သွင်းလိုက်သည်။

တစ်ချိန်တည်းမှာပင် သူသည် ရေခဲဒိုင်းကို

ထုတ်ယူပြီး သူ့ရှေ့တွင် ချထားလိုက်သည်။

သို့သော် အသက်ရှူ၍ ရှိုက်စာအတွင်းမှာပဲ ရေခဲဒိုင်းက အက်ရာများထပ်လာသည်ကို သတိထားမိလိုက်၏။

ဤအရာကြောင့် ယန်ယဲ့သည်လည်း အံ့အားသင့်သွားသည်။ ဤအချိန်တွင် အခြေအနေက အန္တရာယ်များနေသည့်တိုင် တရေခဲဒိုင်းကို မဆုံးရှုံးချင်သောကြောင့် အလျင်အမြန် ပြန်သိမ်းလိုက်သည်။

ရေခဲဒိုင်းကို ပြန်သိမ်းလိုက်သည်နှင့် ကောင်းကင်အဆင့်၂ ဓားစိတ်ဆန္ဒသည်

သူ့ထံကနေ ပြင်းထန်စွာ ထွက်ပေါ်လာပြီး
သူ့ရှေ့တွင် အတားအဆီးတစ်ခုကို
ဖန်တီးပေးခဲ့သည်။

သို့သော် သိပ်မကြာခင်မှာပဲ
ကောင်းကင်အဆင့် ၂ ဓားစိတ်ဆန္ဒကနေ
ဖန်တီးထားသည့် ဓားစိတ်ဆန္ဒဒိုင်းပင်လျှင်
အက်ကွဲသွားပါတော့သည်။

ယန်ယဲ့ သည် အလွန်အံ့သြသွား၏။
ရုတ်တရက် လူလတ်ပိုင်းအမျိုးသားကို
လှမ်းကြည့်လိုက်ရာ

သနားစရာကောင်းသော အခြေအနေကို သတိပြုမိလိုက်သည်။

၎င်း၏ ခန္ဓာကိုယ်သည် ဓားမြောက်များစွာစိုက်ဝင်နေပြီး ကြမ်းပြင်နှင့် ကပ်ရိုက်ထားသည်။

၎င်းသည် မလှုပ်မယှက်ဖြစ်နေသော်လည်း ယန်ယွဲ့က လူလတ်ပိုင်းအမျိုးသား သက်ရှင်နေသေးသည်ကို သတိပြုမိသည်။

"တကယ်ပါပဲ....၊ နယ်ခြားမိစ္ဆာတွေရဲ့
အင်မော်တယ်ခန္ဓာကိုယ်က တကယ့်ကို
ထူးခြားလွန်းတယ်။"

လူလတ်ပိုင်းအမျိုးသား
လဲကျသွားပြီးနောက်တွင် ပတ်ဝန်းကျင်ရှိ
အခြားစားများစွာသည် ယန်ယဲ့ဆီသို့
ချက်ချင်း ခုန်တက်လာသည်။

ဓားမြောက်များစွာသည်
ထူထပ်စွာပေါ်လာပြီး ယန်ယဲ့အပေါ်ကို
အစုလိုက်အပြုံလိုက် ဖုံးအုပ်ထား၏။

ကံကောင်းထောက်မစွာ၊ သူ့ရှေ့တွင်
ဓားစိတ်ဆန္ဒအတားအဆီးကို
အလျင်အမြန်ဖန်တီးထားသောကြောင့်
ဓားများဖြင့် ခုတ်ပိုင်းမခံရသေးပေ။

ဤအချိန်တွင် ယန်ယဲ့ သည်
သူကြုံတွေ့နေရသည့် အခြေအနေကို
ရှင်းရှင်းလင်းလင်း သိလိုက်ရသည်။

ဤသို့သော ဆက်ဖြစ်နေပါက
ခါးမြောက်များစွာကို
တားဆီးနိုင်မည်မဟုတ်ပေ။

ယခုအချိန်အထိ
သူခုခံနိုင်ရသည့်အကြောင်းရင်းမှာ
လူလတ်ပိုင်းအမျိုးသားထက်
သန်မာနေခြင်းကြောင့်မဟုတ်ဘဲ
ကောင်းကင်အဆင့်၂ခါးစိတ်ဆန္ဒကို
နားလည်ထားသောကြောင့်ပါ။

ထိုသို့မဟုတ်လျှင် သူကိုယ်တိုင်အသာထား၊ ပထမအကြီးအကဲလင်း သည်ပင် ၎င်းတို့ကို ခုခံနိုင်မည်မဟုတ်ချေ။

အဘယ်ကြောင့်ဆိုသော် ဓားများထဲမှ ဓားတစ်ချောင်းစီသည် ပျော့ပျောင်းသောဓားကြိုးတစ်ချောင်းစီ ပါဝင်နေသည်။

တစ်နည်းဆိုရသော် ဓားများသည် တာအိုအဆင့်ဓားများဖြစ်သော်ငြား ကြောက်စရာမဟုတ်ပေ။ စစ်မှန်သော

အကြောင်းပြချက်မှာ
၎င်းတို့သယ်ဆောင်ထားသည့် ဓားစိတ်ဆန္ဒ
သာလျှင်။

အချိန်များက တဖြည်းဖြည်း
ရွေ့လျားလာပါသည်။ယန်ယဲ့၏
မျက်နှာသည် အေးစက်သော ချွေးများ
စီးကျလာပြီး သူဖန်တီးထားသည့်
ဓားစိတ်ဆန္ဒအတားအဆီးကို
အက်ကွဲစပြုလာသည်ကို
စူးစိုက်ကြည့်နေခဲ့သည်။

အချိန်အတော်ကြာထိ လေးလေးနက်နက်
တွေးနေရင်းဖြင့် ဓားမြောက်များစွာက
အတားအဆီးကို
ချိုးဖျက်တော့မည့်အချိန်တွင် ယန်ယဲ့၏
မျက်လုံးများသည် ရုတ်တရက်
တောက်ပလာသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့ သည် ရှေ့သို့
ခြေတစ်လှမ်းတိုးကာ ဓားနယ်မြေ ကို
အသက်သွင်းလိုက်သည်။

ဓားနယ်မြေ...။ ဤအချိန်မှာ ဓားနယ်မြေက
သူ၏အကောင်းဆုံးဖြေရှင်းချက်ပါ!

ဓားနယ်မြေ သည် ဓားစိတ်ဆန္ဒထက်
ပိုကြောက်စရာကောင်းသော်လည်း ၎င်း၏
လျှို့ဝှက်ချက်များကို
သူဆုပ်ကိုင်မထားမိပေ။
စစ်မှန်သော တိုက်ပွဲတွင် ဓားနယ်မြေက
ကောင်းကင်အဆင့် ၂ ဓားစိတ်ဆန္ဒ ထက်
နိမ့်ကျခဲ့သည်။

သို့သော်

"ဓားနယ်မြေ ကဘာလဲ..."

သို့တိုင် ယန်ယွဲ့သည် ထိုမေးခွန်း၏ အဖြေကို မသိခဲ့ပေ။

ဓားနယ်မြေကို အသက်သွင်းလိုက်သည်နှင့်ပတ်ဝန်းကျင် ၁ ကီလိုမီတာအကွာအဝေးရှိ အရာအားလုံးကို သိရှိနိုင်သည်ကိုတော့ သူလည်းသိထား၏။

ခါးနယ်မြေ သည် ပတ်ဝန်းကျင်ကို

ဖုံးအုပ်ထားသည့် ပုံသဏ္ဍာန်မရှိ၍

မမြင်နိုင်သော ပိုက်ကွန်တစ်ခုကဲ့သို့ပင်။

၎င်းသည် သူ၏ စိတ်ဝိညာဉ်၊

ဆန်းကြယ်ချီစွမ်းအင်၊ သွေးအနှစ်သာရနှင့်

စိတ်ဆန္ဒတို့၏ သင်္ကေတတစ်ခုဖြစ်သည်။

ထိုသို့ဖြစ်ပေါ်လာသည်က

အလွန်ထူးဆန်းသည့်

ခံစားမှုတစ်ခုဖြစ်သည်။

ဤအချိန်တွင် ဓားနယ်မြေ ထဲရှိ
အရာအားလုံးဟာ
သူ့ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုလိုပါပဲ…။
ရိုးရိုးရှင်းရှင်းပြောရလျှင် သူသည်
ဓားနယ်မြေထဲရှိ အရာအားလုံးကို လိုသလို
ထိန်းချုပ်နိုင်၏။

သူသည် ဓားနယ်မြေထဲတွင်
နတ်ဘုရားတစ်ပါးကဲ့သို့ ခံစားလိုက်ရသည်။
သူသည် ၎င်း၏နတ်ဘုရားဖြစ်သည်!

သူ့စိတ်ထဲတွင် ဤကဲ့သို့
ခံစားချက်မျိုးပေါ်လာသည့်တိုင် ဓားနယ်မြေ
အား မည်သို့ ထိန်းချုပ်ရမလဲမသိပေ။

ဓားနယ်မြေ ပေါ်လာသည်နှင့် တပြိုင်နက်
ယန်ယဲ့သည် သူ၏ပတ်ပတ်လည်ကို
ဖုံးအုပ်ထားသည့် ဓားများ
နှေးကွေးလာသည်ကို သတိပြုမိလိုက်သည်။
ထို့အပြင် ၎င်းတို့ထံမှ ထွက်ပေါ်နေသော
အလင်းရောင်သည်လည်း တဖြည်းဖြည်း
မှိန်ဖျော့သွား၏။

ယန်ယဲ့ သည် မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်သည်။

သူ့မျက်လုံးများကို မသုံးဘဲနေရင်ပင်

ဓားနယ်မြေထဲရှိ

အရာအားလုံးကိုသိရှိနိုင်ပေသည်။

ပြောရမည်ဆိုလျှင် သူသည်

ဓားနယ်မြေထဲမှာ အရာအားလုံးကို

မြင်တွေ့နိုင်၏။

ဤအခိုက်တွင် ဓားနယ်မြေ ထဲရှိ
ဓားမြောက်များစွာသည်
ရွေ့လျားမှုရပ်တန့်သွားခဲ့သည်။

ယန်ယဲ့ သည် သူ့မျက်လုံးများကို
ဖြည်းညှင်းစွာဖွင့်လိုက်ပြီးနောက်
ရုတ်တရက်ဆိုသလို သူ့မျက်လုံးထဲ၌
စိတ်ပျက်လက်ပျက်နှင့် အံ့သြမှုတစ်ခု
တောက်ပလာသည်။

သူ့နှလုံးသားထဲမှာ တစ်စုံတစ်ခုကို
ထိမိသလို ခံစားမိသော်လည်း

ဖမ်းဆုပ်မိခြင်း မရှိပေ။
တစ်နည်းပြောရလျှင် သူက ယခုအချိန်ထိ
ဓားနယ်မြေ၏ အစစ်အမှန်
လျှို့ဝှက်ချက်များကို အမှန်တကယ်
ဆုပ်ကိုင်နိုင်ခြင်း မရှိသေးပါ။

"ဒါဆို ဘာကြောင့် ဓားတွေ ရပ်သွားတာလဲ။
ဓားနယ်မြေ ကြောင့်မဟုတ်ဘူး။
သူတို့ဘာသာသူတို့ ရပ်လိုက်တာလား။"

"ကောင်းကင်အဆင့် ၂ ဓားစိတ်ဆန္ဒ၊
ဓားနယ်မြေ နဲ့ ညဏ်အလင်းရဓားနှလုံးသား

… မင်း… အဲဒီလူထက်တောင်
ကျော်သွား….!” အသံက
ပဲ့တင်ထပ်လာသော်လည်း
တစ်ပိုင်းတစ်စနှင့်ရပ်သွားသည်။ ဓား
မြောက်များစွာသည်လည်း
မူလအတိုင်းပြန်ဖြစ်သွားကြတော့သည်။

ယန်ယဲ့ သည် ရှေ့ကို
ဆက်မလျှောက်သေးပါ။
ဘေးပတ်ဝန်းကျင်ရှိ ဓားများစွာကို
တစ်ချက်ကြည့်လိုက်သည်။

နောက်ဆုံးတွင် ၎င်းသည် တာအိုအဆင့် ဓား ၁၀,၀၀၀ ဖြစ်သည်လေ။

၎င်းတို့ကို မယူဘဲ
ဒီအတိုင်းထားခဲ့ရမှာလားရယူရန်
အဖြေကတော့ လုံးဝမဖြစ်နိုင်ပေ။

သို့သော် ဓားတစ်ချောင်းကိုပင်
ဆွဲမယူနိုင်သဖြင့် သူ့စိတ်ထဲမှာ
အတော်လေးစိတ်ပျက်သွားမိသည်။

သူ့ခွန်အားအပြည့်နဲ့ ဆွဲယူသည့်တိုင်
လှုပ်မရသည့်ကျောက်တုံးများကဲ့သို့ပင်။

ယန်ယဲ့သည် အကူအညီမဲ့နေချိန်တွင်
သက်စောင့်ဓားက ရုတ်တရက်
ပျံထွက်သွားပြီးနောက် ဓား ၁၀,၀၀၀ သည်
အလင်းတန်းများအဖြစ် ပြောင်းလဲကာ
ဓားအတွင်းသို့
ဝင်ရောက်သွားလေတော့သည်။

ဤရုတ်တရက်အခြေအနေကြောင့်
ယန်ယဲ့သည်လည်း မျက်လုံးများ

ပြုံးကျယ်နေကာ သူ့ရှေ့က မြင်ကွင်းကို အံ့အားသင့်စွာ ကြည့်နေလေသည်။

သိပ်မကြာခင်မှာပဲ ဓား ၁၀,၀၀၀ လုံး ပျောက်ကွယ်သွားပါတော့သည်။

ထို့နောက်တွင် သက်စောင့်ဓားက သူ၏ သိုလှောင်လက်စွပ်ထဲ သို့ ပြန်ရောက်သွားပါသည်။

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၁၅ - ကောင်းကင်အဆင့် ၂

အထွတ်အထိပ် ဓားစိတ်ဆန္ဒ

ယန်ယဲ့ သည်နေရာတွင် ခဏတာ ငြိမ်သက်စွာ ရပ်လိုက်ပြီး လက်ဖဝါးကို လှန်လိုက်သည်။

သက်စောင့်ဓားကို စူးစိုက်ကြည့်ရင်း

သူ့မျက်လုံးများထဲတွင် ကျေနပ်အားရမှုများ

ပြည့်နှက်နေပုံရသည်။

"ဒီ သက်စောင့်ဓားက ငါထင်ထားတာထက်

အများကြီး ပိုနေတာပဲ။

သူတော်စင်လက်နက်များဖြစ်နေမလား။

ဒါပေမဲ့ ဒါတောင်မှ တာအိုအဆင့် ဓား

၁၀,၀၀၀ ကို ဖျက်ဆီးလို့မရဘူးလား။

သူတော်စင်လက်နက်မဟုတ်ရင်

သူတော်စင်အထက်ဆင့်များ

ဖြစ်နေမလားပဲ။ ဟူး...အမည်မဲ့မြို့ကိုပြန်ရင်

ဓားရောင်းတဲ့လူအိုကြီးကို သေချာ
မေးကြည့်ရမယ်။"

ယန်ယဲ့ သည် အချိန်မဖြုန်းတော့ဘဲ
သက်စောင့်ဓားကို အမြန်သိမ်းလိုက်သည်။

ဤအချိန်တွင် သူက တာအိုအဆင့် ဓား
၁၀,၀၀၀ ကို ရလိုက်သဖြင့် အတော်လေး
ဝမ်းသာနေ၏။

"ကိုယ့်ဘာသာကိုယ် ဆက်လုပ်ပါ။
ငါမင်းနောက်ကိုလိုက်မှာမဟုတ်ဘူး!" ရုတ်

တရက် ဘေးနားမှ အားနည်းသောအသံတစ်ခု ထွက်ပေါ်လာသည်။

ယန်ယဲ့ သည် လှည့်ကြည့်လိုက်သည့်အခါ လူလတ်အပိုင်းအမျိုးသားက မြေပြင်ပေါ်တွင် အားနည်းစွာလဲလျောင်းနေသည်ကို တွေ့လိုက်ရ၏။

ဓားများ မရှိတော့သော်လည်း လူလတ်ပိုင်းအမျိုးသား၏ ခန္ဓာကိုယ်သည်

မြောက်များစွာသော ဓားဒဏ်ရာများဖြင့်
ဖုံးလွှမ်းထားဆဲပါ။

ယန်ယဲ့ သည် ရုတ်တရက်
ခေါင်းယမ်းလိုက်၏။
အင်မော်တယ်ခန္ဓာကိုယ်သည်
အစွမ်းထက်သယောင်ထင်ရသော်လည်း
၎င်းသည် ပိုင်ဆိုင်သူထံ
နှိပ်စက်ညှဥ်းပန်းသည့်
အရာတစ်ခုမျှသာဖြစ်သည်။

ဤအခိုက်အတန့်ကဲ့သို့ပင်
လူလတ်ပိုင်းအမျိုးသားသည် သေတာထက်
ဆိုးရွားသော အခြေအနေတွင် ရှိနေ၏။

ယန်ယဲ့သည် လူလတ်ပိုင်းအမျိုးသားကို
ဂရုမစိုက်တော့ပေ။
ဓားအစေခံတစ်ဦးကို ချန်ထားလိုက်ကာ
ရှေ့သို့ဆက်လျှောက်သွားလေသည်။

အချိန်အနည်းငယ်ကြာပြီးနောက်တွင်
ယန်ယဲ့သည် သူ့ပတ်ပတ်လည်မှ

မြင်ကွင်းများကို သတိထားမိလိုက်ရာ
အလွန်တုန်လှုပ်သွားခဲ့သည်။
ခဏအကြာတွင် ယန်ယဲ့သည်
မျက်လုံးများပွင့်လာပြီး ခန်းမထဲတွင် သူ
မရှိတော့သည်ကို သတိပြုမိသည်။
ဤအခိုက်မှာ သူသည် ရင်ပြင်တစ်ခုပေါ်တွင်
ရှိနေ၏။

ရုတ်တရက် သူ့အနားတွင်
မရေမတွက်နိုင်သော ဓားချိကြိုးများ
ပေါ်လာသည်ကို သတိပြုမိလိုက်ကာ

ယန်ယဲ့၏ အမူအရာသည်လည်း သိသိသာသာပင်ပြောင်းလဲသွားပါတော့သ ည်။

ဓားချိုကြိုးမြောက်များစွာသည် ရောမလှိုင်းလုံးကြီးကဲ့သို့ ယန်ယဲ့ထံ ပြေးတက်လာခဲ့သည်။

"ကောင်းကင်အဆင့် ၁ ဓားစိတ်ဆန္ဒ.... "

မမြင်နိုင်သော ကောင်းကင်အဆင့် ၁ ဓားစိတ်ဆန္ဒကြိုးက ယန်ယဲ့ ဆီသို့ တိုးဝင်လာသည်။

ယန်ယဲ့ သည် တုန်လှုပ်သွားခြင်းမရှိပေ၊ ထိုအစားအရမ်းကိုပျော်သွား၏။

လွန်ခဲ့တဲ့တစ်ရက်ကသာ ဤအခြေအနေမျိုးကြုံတွေ့ပါက သေချာပေါက် ဒုက္ခရောက်နိုင်ပေသည်။ သို့သော် ယခုအချိန်တွင် သူ၏ဓားစိတ်ဆန္ဒ သည် ကောင်းကင်အဆင့် ၂ သို့ ပြန်ရောက်နေပါပြီ။

တစ်နည်းဆိုရသော် သူသည် ၎င်းတို့အား တိုက်ရိုက်ဝါးမြိုနိုင်ပြီး သူ၏ဓားစိတ်ဆန္ဒကို

ကောင်းကင်အဆင့် ၃ ရောက်အောင်
မြှင့်တင်နိုင်သည်။

ထိုအချက်ကို တွေးမိသည်နှင့်
မည်သည့်အကာအကွယ်ကိုမျှ
ထုတ်ဖော်မထားတော့ပေ။
ဓားစိတ်ဆန္ဒကြီးများ အားလုံးကို
သူ့အပေါ်သို့ ထိမှန်ခွင့်ပြုလိုက်သည်...။

အစပိုင်းတွင်တော့ ယန်ယဲ့ဟာ
အတော်လေးကျေနပ်နေပါသည်။

သို့သော် သိပ်မကြာခင်မှာပဲ အခြေအနေက
နည်းနည်းဆိုးသွားခဲ့သည်။

ခါးစိတ်ဆန္ဒများကို စုပ်ယူ၍
အသွင်ပြောင်းသည့် အရှိန်မှာ
နှေးလွန်းသောကြောင့်ပင်။ သူ့အနီးနားရှိ
ခါးစိတ်ဆန္ဒများသည်ရည်
အနည်းငယ်မျှပင် လျော့မသွားပေ။

ထို့အပြင် ခါးစိတ်ဆန္ဒများသည်
တဖြည်းဖြည်းတိုးလာကာ
ပို၍ပင်ကြီးထွားလာခဲ့သည်။

ရုတ်တရက် ယန်ယဲ့၏ ခန္ဓာကိုယ်တစ်ခုလုံး ဖောင်းကားလာပြီး မူလထက် ကားထွက်လာသည်။

ဓားစိတ်ဆန္ဒများကိုအချိန်မီ စုပ်ယူ၍ မပြောင်းလဲနိုင်သောကြောင့် သူ၏ခန္ဓာကိုယ်သွေးကြောများနှင့်အရိုးများ မှတဆင့် တက်လာပြီး သူ့ခန္ဓာကိုယ်သည် ဖောင်းကားလာခြင်းပင်။

ဤအချိန်တွင် ယန်ယဲ့သည်
စုပ်ယူနေသည်ကို ခဏရပ်ကာ သူ၏
ကောင်းကင်အဆင့်၂ဓားစိတ်ဆန္ဒကို
အမြင့်ဆုံးထိ ထုတ်ဖော်လိုက်သည်။

ထို့နောက်တွင်
သူ၏ခန္ဓာကိုယ်အရွယ်အစားက
တဖြည်းဖြည်းနှင့် ပုံမှန်ပြန်ဖြစ်သွားပါသည်။
တစ်ချိန်တည်းမှာပင် ပတ်ဝန်းကျင်ကနေ
သိပ်သည်းသော ဓားစိတ်ဆန္ဒများ

ပြန့်ထွက်လာပြီးသူ့ခန္ဓာကိုယ်ထဲသို့
တိုက်ရိုက်တိုးဝင်လာပါသည်။

ဟုတ်သည်။ ထိုသို့ပြုလုပ်နေခြင်းကလည်း
ထူးထူးခြားခြား အကျိုးရှိသည်။
ဓားစိတ်ဆန္ဒများစွာက သူ့ခန္ဓာကိုယ်ထဲသို့
တိုးဝင်လာသည်နှင့် တစ်ပြိုင်နက်
ကောင်းကင်အဆင့် ၂ ဓားစိတ်ဆန္ဒက
အားလုံးကို တဖြည်းဖြည်း ဝါးမျိုသွားသည်။
ထို့နောက်တွင် သူ၏ ကောင်းကင်အဆင့် ၂
ဓားစိတ်ဆန္ဒ သည် တဖြည်းဖြည်း

အားကောင်းလာကာ မြင့်တက်လာသည်ကို ခံစားမိခဲ့သည်။

ဤသို့ဖြင့်ပင် အချိန်သည် ဖြည်းညှင်းစွာ ကုန်ဆုံးသွားခဲ့လေသည်။

မသိသောအချိန်တစ်ခု ကြာပြီးနောက် ယန်ယဲ့သည်နောက်ဆုံးတွင် သူ့ပတ်ဝန်းကျင်ရှိ ဓားစိတ်ဆန္ဒအားလုံးကို အကုန်အစင် စုပ်ယူလိုက်သည်။

ဤအခိုက်မှာ သူ့မျက်လုံးများကို
အနည်းငယ်မှိတ်ထားရင်း
သူရပ်နေသောနေရာသည်
ကြောက်မက်ဖွယ်ကောင်းသော
အရာတစ်ခုခုကို တိုက်မိသွားသလိုမျိုး
ဘေးပတ်ပတ်လည်တွင် တုန်ခါနေပါသည်။

သူ၏ခန္ဓာကိုယ်သည်
ချက်ချင်းပိုင်းဖြတ်တော့မည့်
ထက်မြသောဓားတစ်လက်ကဲ့သို့ပင်။
သူ့ခန္ဓာကိုယ်မှ ထွက်ပေါ်နေသည့်
အငွေ့အသက်သည်ပင် အလွန်ပြင်းထန်ပြီး

ကောင်းကင်ယံကို

ဖောက်ထွက်လုနီးပါးထင်ရလေသည်။

ယန်ယဲ့ သည် အချိန်အတော်ကြာမှ

မျက်လုံးကိုဖွင့်လိုက်ရာ

မျက်လုံးနှစ်ဖက်ကနေ အလင်းတန်း ၂ ခု

ပြေးထွက်သွားသည်။

အလင်းတန်း ၂ ခု ဖြတ်သွားသည့်နေရာတိုင်း

အာကာသဟင်းလင်းပြင်သည်ပင်

ချက်ချင်းကွဲထွက်သွား၏။

ရှူး....။

ယန်ယဲ့ သည် အသက်ပြင်းပြင်းရှူပြီး

“သနားစရာကောင်းလိုက်တာ…။

ကောင်းကင်အဆင့် ၂ ရဲ့အထွတ်အထိပ်

လား။ ငါက ကောင်းကင်အဆင့် ၃ နဲ့

ခြေတစ်လှမ်းပဲ ဝေးတယ်။

သနားဖို့ကောင်းလိုက်တာ!"

သူသည် ဓားစိတ်ဆန္ဒအမြောက်အများကို

ဝါးမျိုလိုက်သည့်တိုင် ကောင်းကင်အဆင့် ၃

ဓားစိတ်ဆန္ဒကို မရောက်ခဲ့ပေ။

သို့ရာတွင် ယန်ယဲ့သည်

အကျိုးအမြတ်ကြီးကြီးမားမားရခဲ့၏။

ပထမအနေနဲ့ သူ၏ဓားစိတ်ဆန္ဒက

ကောင်းကင်အဆင့် ၂ အထွတ်အထိပ်

သို့ရောက်ရှိနေပါပြီ။

ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒ နှင့်

တစ်လှမ်းသာဝေးတော့သည်။ မဟုတ်ပေ၊

သူက ခြေတစ်လှမ်း တစ်ဝက်သာ

ဝေးတော့၏။ အဘယ်ကြောင့်ဆိုသော်

သူသည် ကောင်းကင်အဆင့် ၃

ဓားစိတ်ဆန္ဒကို ဆုပ်ကိုင်ထားမိပြီး

ခြေလှမ်းတစ်ဝက်လှမ်းနိုင်သည်နှင့်
ရောက်နိုင်သောကြောင့်ပါ။
ထို့ကြောင့် သူသည် နောက်ထပ်
ဓားစိတ်ဆန္ဒများကိုဝါးမြိုပါက
ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒကို
ရောက်နိုင်သည်ဟု ယုံကြည်နေသည် ။

.၉၁၆

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၁၆ - ဓားဝိညာဉ်၏သခင်

သူက အဆင့် ၁၃ ဓားစိတ်ဆန္ဒကို မရောက်နိုင်သည့်တိုင် သူ၏ ဓားစိတ်ဆန္ဒသည် ယခင်ထက် ပို၍ ပြင်းထန်ပြီး  အတိတ်နဲ့ လုံးဝ ယှဉ်လို့မရပေ။

တိုတိုပြောရရင် သူရလိုက်သည့် အကျိုးအမြတ်က ကြီးကြီးမားမားပါ။

"ဂုဏ်ယူပါတယ်! မင်းက
ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒ နဲ့
ခြေလှမ်းတစ်ဝက်ပဲ ဝေးတော့တယ်။"
ထိုအချိန်တွင် ချီးကျူးသံနှင့်အတူ
လူလတ်ပိုင်းတစ်ဦးက ယန်ယဲ့ ရှေ့တွင်
ပေါ်လာသည်။

ထိုလူကိုမြင်သောအခါ ယန်ယဲ့၏
မျက်လုံးများဟာ သိသိသာသာကို
ကျဉ်းမြောင်းသွားပါသည်။အဘယ်ကြောင့်

ဆိုသော် ထိုလူသည် ဓားတစ်လက်ကို ကိုင်ဆောင်ထားသောကြောင့်၊ ထိုဓား၏ ဓားအိမ်သည် အမှန်တကယ်ပင် ရှေးဟောင်းဓားအိမ်ဖြစ်သည်။

ရှေးဟောင်းဓားအိမ်! ယန်ယဲ့၏ နှလုံးသားထဲတွင် ထိတ်လန့်တုန်လှုပ်သည့်လှိုင်းလုံးများ ထွက်ပေါ်လာသည်။

"ရှေးဟောင်းဓားအိမ်က ငါ့လက်ထဲမှာ ရှိနေတာလေ။ ဒီလူနဲ့ ဘယ်လိုရှိနေတာလဲ။

ပြီးတော့...ပြီးတော့ ဓားအိမ်ထဲမှာ
ဓားတစ်ချောင်းတောင်ရှိနေတယ်။ အဲဒါက
ဓားဝိညာဉ်ပြောတဲ့ သူမရဲ့
အဓိကခန္ဓာကိုယ်ပဲလား။"

တခဏမျှ ထိတ်လန့်သွားပြီးနောက် ထိုလူက
အစစ်အမှန် လူနှင့် တူပုံရသည်ကို
သတိပြုမိလိုက်၏။

ယန်ယဲ့ သည် ထိတ်လန့်မှုကို ဖိနှိပ်ပြီး
၎င်းကို အနီးကပ်ကြည့်လိုက်ရာ

သာမာန်ရုပ်မျှသာဖြစ်ကြောင်း
တွေ့လိုက်ရသည်။

“နှစ်ပေါင်း ၁၀၀,၀၀၀ ကြာပြီးတဲ့နောက်မှာ
ဓားတာအိုထဲက မဟာပါရမီရှင် ၂ ယောက်
ဆန်းကြယ်တိုက်ကြီးမှာ တကယ်ပဲ
ထွက်ပေါ်လာခဲ့ပြီ။ မဆိုးပါဘူး။" ထိုလူက
ယန်ယဲ့အား စိုက်ကြည့်ရင်း
သူ့မျက်လုံးထဲတွင် ချီးမွမ်းသည့်
အရိပ်အယောင်များနှင့်
ခေါင်းညိတ်ပြလိုက်သည်။

ယန်ယဲ့က "အကြီးအကဲ က

လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀,၀၀၀ တုန်းက

နယ်ခြားမိစ္ဆာတွေ ဆန်းကြယ်တိုက်ကြီးကို

ကျူးကျော်လာတဲ့အချိန်မှာ

ဦးဆောင်ကာကွယ်ပေးခဲ့တဲ့ ပညာရှင်ပဲ။"

"မင်း ငါ့ကို မှတ်မိလား" ဟု ပြောရင်း

၎င်း၏ မျက်လုံးတွေထဲမှာ အံ့အားသင့်စရာ

တစ်ချက် ဖြတ်ပြေးသွားလေသည်။

ယန်ယွဲ့သည် သူ့ရှေ့တွင်ရပ်နေသူက ဓားဝိညာဉ်၏ ဒုတိယသခင်ဖြစ်ကြောင်း သိလိုက်သည်။

၎င်းသည် သူမကို နတ်ဆိုးအကျဉ်းထောင်တွင် နှစ်ပေါင်း ၁၀၀,၀၀၀ ကြာ ချိတ်ပိတ်စည်း မဖြစ်ဖန်တီးခဲ့သူပင်တည်း။

သူမကို နှစ် ၁၀၀,၀၀၀ အကျဉ်းချထားသော ဘုရားအထက်တွင် ပိတ်မိနေသူဖြစ်ကြောင်း

သိလိုက်ရသောကြောင့်
အသက်ပြင်းပြင်းရှူလိုက်မိသည်။

အဲဒီလူက “ငါ့မှာ အချိန်သိပ်မရှိဘူး၊
ဒါကြောင့် တိုတိုလေးလုပ်မယ်။ တစ်ချိန်က
မင်းလို ထူးထူးခြားခြား
ပင်ကိုယ်စွမ်းရည်ရှိတဲ့
လူတစ်ယောက်ရှိခဲ့ဖူးတယ်။ ဒါပေမဲ့
ငါ့ခြားတာအိုကို သက်သေပြလိုက်တာနဲ့
သူက ခေါင်းခါပြီး ဘာမှမထူးခြားဘူးလို့
ငြင်းပယ်ခဲ့တယ်။

အမှန်ပြောရရင် အဲဒီအချိန်မှာ
သူ့ရဲ့အစစ်အမှန်စွမ်းရည်တွေက
ငါ့အထက်မှာရှိနေပြီ။ ငါ့အမွေအနှစ်တွေ
ဆုံးရှုံးလိမ့်မယ်လို့ ငါထင်ခဲ့တယ်။
မင်းဒီကိုရောက်လာလိမ့်မယ်လို့
ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး!"

"အကြီးအကဲ၊ အကြီးအကဲရဲ့ဓားတာအိုက
ဘာလဲ" ယန်ယွဲ့က မေးလိုက်ပါသည်။

ထိုလူက “ငါ့ခြားတာအိုကို ကြင်နာမှုရဲ့တာအို လို့ခေါ်နိုင်တယ်။ လောကမှာရှိတဲ့ သက်ရှိသတ္တဝါတွေအားလုံးကို စောင့်ရှောက်တာနဲ့ သူတို့အတွက်ကာကွယ်ပေးတာပဲ။ လူတွေ ပြောတဲ့အတိုင်း စေတနာကောင်းရင် တွန်းလှန်လို့မရဘူး။ ဒါက ငါ့ခြားတာအိုပဲ။"

ယန်ယဲ့က ပြန်မပြောမီ တစ်ခဏတာ တိတ်ဆိတ်သွား၏။ “အကြီးအကဲ၊ သက်ရှိသတ္တဝါတွေအားလုံးအတွက်နဲ့

နတ်ဆိုးအကျဉ်းထောင်မှာ သူမကို နှစ် ၁၀၀,၀၀၀ တိတိ ချုပ်နှောင်ထားခဲ့တယ်။ ဒါ မင်းအတွက်ရော စေတနာပါလား။"

ပညာရှင်၏ မျက်နှာပေါ် ရှိ အပြုံးသည် ချက်ချင်းပင် ပျောက်ကွယ်သွားသည်။ သူ့လက်ထဲကဓားကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ပြီး ယန်ယဲ့ကို ခဏလောက် စိုက်ကြည့်ရင်း "သူမက ငါ့ဘေးမှာ တစ်သက်လုံးရှိနေခဲ့တယ်။ ဖြစ်နိုင်ရင် သူမကို စွန့်လွှတ်အနစ်နာခံတာထက်

သေစေချင်တယ်။ ဒါပေမဲ့ ငါ့မှာ တခြား ရွေးချယ်စရာမရှိခဲ့ဘူး။ ငါသာ သူမကို မစတေးခဲ့ဘူးဆိုရင် တိုက်ကြီးက နယ်ခြားမိစ္ဆာတွေ လက်ထဲ ကျသွားလိမ့်မယ်။ တိုက်ကြီးတစ်ခုလုံးကို ကယ်တင်ဖို့ တစ်ခုတည်းသော နည်းလမ်းက စွန့်လွှတ်အနစ်နာခံမှုပဲ။"

ယန်ယဲ့ က "အကြီးအကဲ၊ တိုက်ကြီးတစ်ခုလုံးရဲ့ကံကြမ္မာကို စီနီယာတွေက စဉ်းစားတာ မှားတယ်လို့

မပြောနိုင်ဘူး။ ဘာလို့လဲဆိုတော့
စီနီယာတွေက လွန်ခဲ့တဲ့နှစ်တွေမှာ
ကိုယ့်ကိုကိုယ် မစတေးခဲ့ဘူးဆိုရင် ငါလည်း
ဒီနေ့ဒီနေရာမှာ ရပ်နေနိုင်မှာမဟုတ်ဘူး။”

ယန်ယဲ့၏ စကားကို ကြားလိုက်သည့်အခါ
ထိုလူ၏အမူအရာသည် အနည်းငယ်
သက်သာရာရသွားသည်။
တစ်ချိန်တည်းမှာပဲ ယန်ယဲ့က “ဒါပေမဲ့
အကြီးအကဲရဲ့ ဓားတာအိုကို

ငါသဘောမတူဘူး။ ဒီလိုဆိုတော့ အမွေဆက်ခံလို့မရဘူး!"

"ဘာကြောင့်လဲ?" ထိုလူက အသံတိုးတိုးဖြင့်မေးလေသည်။

ယန်ယဲ့က “အကြီးအကဲရဲ့ ဓားတာအိုက စေတနာအပေါ်အခြေခံပေမယ့် ငါကတော့ သတ်ဖြတ်တာကိုမူတည်တယ်။ တကယ်လို့ နယ်ခြားမိစ္ဆာတွေ လွှတ်မြောက်လာခဲ့ရင်

ငါ့ရဲ့ပထမဆုံးအတွေးက ဒီကမ္ဘာလောကရဲ့
သက်ရှိသတ္တဝါတွေ မဟုတ်ဘူး။

ငါ့ဘေးနားမှာရှိတဲ့ ငါချစ်ရတဲ့သူ ၊
မိတ်ဆွေတွေ၊ ငါဂရုစိုက်တဲ့သူတွေပဲ
ဖြစ်လိမ့်မယ်။

ဒါ့အပြင် လွန်ခဲ့တဲ့နှစ်တွေတုန်းက
မင်းရဲ့နေရာမှာ ငါရှိနေခဲ့မယ်ဆိုရင်
ကမ္ဘာကြီးကို ကယ်တင်ဖို့ သူမကို
စတေးမှာမဟုတ်တာ သေချာတယ်။
ငါ့အမြင်အရတော့ သူတစ်ပါးကို
ကယ်တင်ဖို့ အနစ်နာခံတာဟာ စေတနာ၊

စေတနာ မဟုတ်ဘူး။ ဟုတ်ပါတယ်၊ စီနီယာရဲ့ ခံစားတာအိုက မမှားပါဘူး။ မမှားရုံတင်မကဘူး ဒီဂျူနီယာက စီနီယာကို တကယ်လေးစားတယ်။ ဒါပေမဲ့ စီနီယာရဲ့ ခံစားတာအိုကို အမွေဆက်ခံဖို့ဆိုရင် ငါတကယ် မသင့်တော်ဘူး"

ထိုလူက ရုတ်တရတ်ပြောလိုက်သည် "မင်း အခု ကောင်းကင်အဆင့် ၂ ခံစားစိတ်ဆန္ဒ ရဲ့ အထွတ်အထိပ်ကို ရောက်နေပြီ မဟုတ်လား။"

ယန်ယဲ့က ငြင်းဆန်ခြင်းမပြုဘဲ
ခေါင်းညိတ်လိုက်သည်။

"မင်းငါ့အမွေအနှစ်ကိုလက်ခံရင်
မင်းရဲ့ဓားစိတ်ဆန္ဒက ကောင်းကင်အဆင့် ၃
ထိ ချက်ချင်းတိုးတက်အောင်လုပ်နိုင်တယ်။
ဒါ့အပြင်
မင်းရဲ့အနာဂတ်ဓားတာအိုလမ်းစဉ်က
ချောမွေ့နေမယ်ဆိုတာ သေချာတယ်။

အနည်းဆုံးတော့ မင်း ငါ့ရဲ့အရည်အချင်း ဘောင်ထဲမှာ ဘာပြဿနာမှ ကြုံမှာ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ငါက ဒီပြဿနာတွေအားလုံးကို ဖြေရှင်း ပေးခဲ့ပြီးပြီ။ ဒါဆို မင်းက ငြင်းဖို့ စိတ်ကူးရှိသေးလား။" မေးလိုက်သည်။

“ဟုတ်တယ်!” ယန်ယွဲ့က လုံးဝမတွန့်ဆုတ်ဘဲ "ဒါက ဘယ်လောက်တောင် ထူးထူးခြားခြားပဲ ဖြစ်ပါစေ ငါ့လမ်းက ဘယ်လောက်ပဲ

ချောမွေ့ပါစေ ဒါဟာ မင်းရဲ့ စားတာအို
မဟုတ်ဘူး၊ ငါ့ရဲ့ စားတာအို
ပဲလေ။ကိုယ့်လမ်းကိုယ်ပဲလျှောက်မယ်!”

ပညာရှင်သည် သက်ပြင်းချလိုက်ပြီး
လက်ညှိုးကိုပွတ်ဆွဲလိုက်ရာ ယန်ယွဲ့ရှေ့တွင်
ရှေးဟောင်းအနက်ရောင်
လက်စွပ်တစ်ကွင်း ပေါ်လာသည်။ သူက
“ကောင်းပြီ၊ ငါမင်းကို
အတင်းအကြပ်မလုပ်ဘူး။ ဒါပေမဲ့ ငါမင်းကို
တစ်ခုခုအပ်နှင်းရမယ်။ အဲဒီအထဲမှာ

ငါ့အမွေနှင့် ငါ့ဆက်ခံသူအတွက် ထားခဲ့တဲ့
ရတနာအချို့ ရှိတယ်။ ငါ့ရဲ့ ဓားတာအိုကို
ပျောက်ကွယ်မသွားအောင်
ဆက်ခံမယ့်သူကို ရှာဖို့
မင်းကူညီပေးနိုင်မယ်လို့
ငါမျှော်လင့်ပါတယ်။"

ယန်ယဲ့က ရုတ်တရက်မေးလိုက်သည်
"အကြီးအကဲ၊ မင်း အသက်ရှင်သေးလား"

"ငါ့ကိုယ်ငါထင်တာပဲ!" ပညာရှင်က ပြန်ဖြေခဲ့သည်။

ယန်ယဲ့က သူ့မျက်နှာမှာ လေးနက်သည့်အမူအရာနဲ့ "လွန်ခဲ့တဲ့နှစ်တွေမှာ အကြီးအကဲ ပိုင်ဆိုင်ထားတဲ့ခွန်အားနဲ့တောင် ဒီကမ္ဘာရဲ့တစ်စုံတစ်ယောက်က သတ်နိုင်တုန်းပဲလား" ဟု မေးလိုက်ပါသည်။

ထိုလူက ခေါင်းခါပြီး “ပါရမီရှင်ဆိုတာ
ရွာတစ်ရွာမှာ ထူးခြားတဲ့
ပါရမီရှင်တစ်ယောက်ပါ။ ဒါပေမဲ့
မြို့တစ်မြို့မှာ ထားမယ်ဆိုရင်
အဲဒီပါရမီရှင်က
သာမန်ပါရမီရှင်တစ်ယောက်ပဲ
ဖြစ်လိမ့်မယ်။ ဒါပေမဲ့ သူက နိုင်ငံတစ်ခုမှာ
ရှိနေမယ်ဆိုရင် အဲဒီလူက
ပါရမီရှင်တောင်ဖြစ်မှာမဟုတ်ဘူး။
တိုက်ကြီးတစ်ခုလုံးနဲ့ ခြုံငုံကြည့်ရင်

အဲဒီလူက သာမန်လူတစ်ယောက်သာသာပဲ။ နားလည်ရဲ့လား။"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး "ငါတို့ ကမ္ဘာကြီးကို ကျော်လွန်တဲ့လူတွေက ထင်ထားတာထက် အများကြီး ပိုကြောက်စရာကောင်းနေပုံပဲ!"

ထိုလူက “လူငယ်၊ ငါတို့ တိုက်ကြီးတစ်ခုလုံး လွှန်ခဲ့ တဲ့ နှစ်တွေမှာ နယ်ခြားမိစ္ဆာတွေနဲ့ အသေအကြေတိုက်ခိုက်ခဲ့တယ်။

တကယ်တော့ ငါတို့မှာ

ရွေးချယ်စရာလမ်းမရှိတော့ဘူးဆိုတာပဲ။

အတိုချုပ်ပြောရရင် နယ်ခြားမိစ္ဆာတွေ

ဒါမှမဟုတ် ကောင်းကင်ပြင်ပ ကပဲဖြစ်ဖြစ်

တစ်ယောက်မှ လူကောင်းတွေမဟုတ်ဘူး။

အနာဂတ်မှာ မင်းရဲ့ကိုယ်ပိုင်ရွေးချယ်မှုကို

လုပ်ပါ!" ထိုစကားပြောနေရင်းဖြင့် ထိုလူ၏

ပုံရိပ်က တဖြည်းဖြည်း ပြန့်ကျဲလာခဲ့သည်။

.၉၁၇

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၁၇ - သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါး

ယန်ယဲ့ သည် ထိုလူကို ဦးညွှတ်လိုက်သည်။ သူသည် ၎င်း၏ အမွေအနှစ်ကို ဆက်ခံခဲ့ခြင်းမရှိသော်လည်း ထိုလူထံမှ အကျိုးကျေးဇူးရရှိနေသေးသည်။ ထို့ကြောင့် သူက သေချာပေါက် ဦးညွှတ်ရပါမည်။

ထိုလူက ယန်ယဲ့ ဦးညွှတ်သည်ကို မြင်သောအခါ အနည်းငယ်ခေါင်းညိတ်ပြလိုက်ပြီး "မင်းသူမကိုတွေ့ရင် ငါကတောင်းပန်ပါတယ်လို့ ပြောပေးပါ" ဟုပြောပါသည်။

ယန်ယဲ့သည် ထိုလူ၏ဆိုလိုရင်းကို သဘာဝကျကျသိပြီး "ငါလုပ်မယ်!"

သူစကားပြောပြီးတာနဲ့ ယဉ်ယဲ့က
တစ်ခုခုကို တွေးမိသွားပြီး “ဓားနယ်မြေကို
ဘယ်လိုအသုံးချရမလဲဆိုတာ
မေးလို့ရမလား? စီနီယာ၊ ကျေးဇူးပြုပြီး
လမ်းညွှန်ချက်ပေးပါလား!”

"ဓားနယ်မြေ? သဘာဝတရားအရပါပဲ….”
ထိုလူက စကားပင်မဆုံးသေး
လုံးဝကိုပျောက်ကွယ်သွားပါတော့သည်။

ယန်ယဲ့ သည်

ဤမြင်ကွင်းကိုမြင်ရသောအခါ

အလွန်စိတ်ဓာတ်ကျသွားသည်။

နောက်ဆုံးတွင် သူ့ရှေ့မှာရပ်နေခဲ့သည့်လူက

ဓားနယ်မြေ အား မည်သို့အသုံးချရမည်ကို

ကောင်းစွာသိထား၏။

ကံဆိုးစွာပဲ သူက အချိန်မီ မမေးခဲ့ပေ။

ယန်ယဲ့က ခေါင်းခါလိုက်ပါသည်။

"ကြည့်ရတာ ငါက ဓားဝိညာဉ်ရဲ့

ပင်မခန္ဓာကိုယ်ကို မေးဖို့ကလွဲပြီး ရွေးစရာမရှိတော့ဘူးထင်တယ်။"

ထို့နောက် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး ညာခြေကို တစ်ချက်နင်းလိုက်ရာ သူ့ပတ်ဝန်းကျင်က ကွဲအက်သွားလေသည်။

မကြာခင်မှာပဲ ယန်ယွဲ့ ဟာ ခန်းမထဲကို ပြန်ရောက်လာပါသည်။

သူဒီကိုပြန်ရောက်တဲ့အခါ
လူလတ်ပိုင်းအမျိုးသား မရှိတော့သည်ကို
သတိထားမိလိုက်သည်။

တစ်ဖက်တွင် သူတော်စင်တစ်ပိုင်းအဆင့်
ဓားအစေခံသည် မြေပြင်ပေါ်တွင်
လဲကျနေ၏။ မပျက်စီးသေးသော်လည်း
ဒဏ်ရာပြင်းထန်စွာရထားခဲ့သည်။

ယန်ယဲ့က ဓားအစေခံကို သိမ်းလိုက်ပြီး
"ထားပါ၊ ငါလိုက်ရှာမနေတော့ဘူး။"

ယန်ယဲ့ သည် ဤတွင် ဆက်မနေတော့ဘဲ
ငရဲပင်လယ်ကနေ
ချက်ချင်းထွက်ခွာခဲ့သည်။

သူ့ရှေ့က ပင်လယ်ပြင်ကို ကြည့်ရင်း
ပါးစပ်ထောင့်မှာ အပြုံးအနည်းငယ်
ပေါ်လာခဲ့သည်။

အမှန်ပင် ဤခရီးစဉ်က သူ့အတွက်
ကြီးမားသော အကျိုးအမြတ်များ
ရခဲ့သည်ဟု ဆိုနိုင်သည်။

ပထမဦးစွာ၊ သူသည် ဟာကျူလီတူ နှင့် သူတော်စင်တစ်ပိုင်းအဆင့် ဓားအစေခံ ၉ ယောက်ပါ ရခဲ့၏။ နောက်ဆုံးတွင်၊ သူ၏ဓားစိတ်ဆန္ဒသည် ကောင်းကင်အဆင့် ၂ အထွတ်အထိပ် သို့ တက်လာခဲ့သည်။

ထို့အပြင် တာအိုအဆင့် ဓား ၁၀,၀၀၀ ကိုလည်း ရခဲ့လေသည်။

ယခုအချိန်တွင် သူသည် ဓားအစေခံနှင့် ဖိနှိပ်ရေးကျောက်တုံး ကို အသုံးမပြုလျှင်ပင် သူတော်စင်တစ်ပိုင်းအဆင့် အား သတ်နိုင်သည်ဟု ယုံကြည်နေသည်။

"ဟာကျူလီတူ ၊" ယန်ယဲ့လည်း
တွေးမိသည်နှင့် ချက်ချင်းပဲ
ထုတ်ယူလိုက်သည်။

နောက်ဆုံးတော့ သူ့မှာ ၎င်းကို ကြည့်ရန်
အချိန်မရှိခဲ့ပေ။

ဟာကျူလီတူကို ဆုပ်ကိုင်လိုက်တာနဲ့
သူ့လက်က ချက်ချင်း တုန်ခါသွားကာ
အောက်မြေပြင်သည်ပင်
ကွဲအက်သွားသည်။

တူကို ကိုင်လိုက်ရုံဖြင့်
တောင်ကြီးတစ်လုံးအား သယ်မထားသလို
ခံစားရသောကြောင့် ယန်ယဲ့လည်း
တုန်လှုပ်ချောက်ချားစွာ
စိုက်ကြည့်လိုက်သည်။

"အရမ်းကို လေးလံလွန်းတယ်။" အကယ်၍
သူ၏ ရုပ်ခန္ဓာခွန်အားသာ
သန်မာခြင်းမရှိပါက ၎င်းကို ချီ၍ပင်
မရနိုင်တော့ပေ။

ဟာကျူလီတူကို
တင်းကျပ်စွာဆုပ်ကိုင်ထားရင်း
သူ့ခန္ဓာကိုယ်ထဲရှိဆန်းကြယ်ချီစွမ်းအင်ကို
ပို့လွှတ်လိုက်သည်။

ထို့နောက် ၎င်းကို လက်နှစ်ဖက်ဖြင့်
တင်းကျပ်စွာဆုပ်ကာ အပေါ်မြှောက်၍
ငရဲပင်လယ်ဆီသို့ထုချလိုက်သည်။

အုန်း!

ပင်လယ်မျက်နှာပြင် သည်
ပြင်းထန်စွာတုန်ခါသွားပြီး
ရောမရေဝဲကြီးတစ်ခု ချက်ချင်း
တက်လာသည်။

တစ်ချိန်တည်းမှာပင် မရေမတွက်နိုင်သော
ရေတိုင်လုံးကြီးများ ပေါ်လာကာ
တိမ်တိုက်များကြားသို့ပင်ထိုးတက်သွားခဲ့
လေသည်။

အချိန်အတော်ကြာသွားသည့်တိုင်
ပင်လယ်မျက်နှာပြင်ရှိ လှုပ်ခတ်မှုများသည်

ပျောက်ကွယ်မသွားသေးဘဲ ပို၍ပင်
ကြီးထွားလာသည်။

သူဆုပ်ကိုင်ထားသော တူကို စိုက်ကြည့်ရင်း
ယန်ယဲ့ ၏မျက်လုံးထဲ၌ စိတ်လှုပ်ရှားမှုများ
တောက်ပလာသည်။ “ဘယ်လောက်
အစွမ်းထက်လိုက်သလဲ! ဒီတိုက်ခိုက်မှုနဲ့သာ
သူတော်စင်တစ်ပိုင်းအဆင့်ကို တိုက်ခိုက်ရင်
ချက်ချင်းသတ်နိုင်လောက်တယ်။"

နောက်ဆုံးတွင်
ယခုလေးတင်ထုတ်ဖော်လိုက်သည့်
တိုက်ခိုက်မှုသည် သူ၏ခွန်အား
အပြည့်အဝမဟုတ်ပေ။
သူ၏ရုပ်ခန္ဓာခွန်အား ၇၀ ရာခိုင်နှုန်းကိုသာ
အသုံးချထားခဲ့သည်။

အကယ်၍ ခွန်အားအပြည့်သုံးပါက
ထိုတိုက်ခိုက်မှုသည်
မည်မျှထိတ်လန့်ဖွယ်ကောင်းမည်ကို
အံ့သြသွားစေခဲ့သည်။

သူ့လက်ထဲတွင် ဟာကျူလီသံချပ်ကာ နှင့်
ဟာကျူလီတူ ရှိနေသောကြောင့်
ဓားမသုံးလျှင်ပင်
သူတော်စင်တစ်ပိုင်းအဆင့် အား
သတ်နိုင်ဆဲဟုယုံကြည်နေပါသည်။

ယန်ယဲ့ သည် သူ၏ဝတ်ရုံကိုပြောင်းကာ
ရုပ်ရည်သွင်ပြင်ကိုပါ ပြောင်းလဲလိုက်ပြီး
ရှေးဟောင်းမြင့်မြတ်မြို့တော်သို့ တိုက်ရိုက်
ပြန်သွားခဲ့သည်။

ယခုအချိန်တွင် သူ၏ခွန်အားသည် အလွန်တိုးတက်လာပြီး ဓားအစေခံ ၉ ယောက်နှင့် အလယ်အလတ် သူတော်စင်တစ်ပိုင်းအဆင့် ၁ ပါးတို့ကို ပိုင်ဆိုင်ထားသည်။

ထို့အပြင် အရေးကြီးဆုံးမှာ သူ့တွင် အမှတ် အလုံအလောက်ရှိနေပါပြီ။

ဤအချိန်တွင် သူက အနှောင်အဖွဲ့စေတီ သို့ ဝင်ရောက်ပြီး ရှေးဟောင်းဓားကို ယူရန်အခွင့်ကောင်းပင်။

သို့သော်လည်း ယန်ယဲ့ သည်
မြင့်မြတ်ခန်းမကို မသွားခင်
လနတ်သမီးခန်းမသို့ အရင်ပြန်လာခဲ့၏။

ရုတ်တရက် သန်မာကြံ့ခိုင်သော
လူလတ်ပိုင်းအရွယ် အမျိုးသား ၃ ဦးက
သူ့လမ်းကြောင်းကို ပိတ်ဆို့ထားကြောင်း
မြင်လိုက်ရသည်။

သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါး။

"မင်းက ယန်မန်း လား" အဖွဲ့ကို ဦးဆောင်လာသည့် သန်မာသောလူက "မင်းက ငါ့ရဲ့မန်းကလန်က မန်းလီကို သတ်လိုက်တာလား။"

“ဟုတ်တယ်!” ယန်ယဲ့က ဖုံးကွယ်မထားပါ။ မည်သို့ပင်ဖြစ်စေ ဖြစ်ပျက်ခဲ့သမျှ သည် ဖုံးကွယ်ရန်မဖြစ်နိုင်ပေ။

"မင်းဘယ်လောက်ရဲတင်းလဲ!" ထိုလူက “မင်းက ငါ့ရဲ့

မန်းကလန်အဖွဲ့ဝင်တစ်ယောက်ကို သတ်ဖို့
သတ္တိရှိလိုက်တာ”

ယန်ယဲ့က အေးစက်စက် ရယ်မောကာ
"သူက အရင်ဆုံး ငါ့ကိုသတ်ဖို့ကြံတာလေ။"

"မင်းကိုသတ်ဖို့ ကြံတာ ဂုဏ်ယူစရာပဲ။"
ထိုလူက “ကောင်းပြီ၊ အခု ဟာကျူလီတူကို
အပ်ပြီး ငါတို့ရှေ့မှာ
ကိုယ့်ကိုယ်ကိုသတ်သေလိုက်။

မင်းရဲ့အလောင်းကို မကျန်အောင်
ငါခွင့်ပြုမယ်!”

"လူမိုက်ပဲ!" ယန်ယွဲ့ သည်
အထင်အမြင်သေးစွာလှောင်ပြောင်လိုက်၏
။

ထို့နောက် ညာခြေကို တစ်ချက်ဆောင့်ကာ
လေထဲသို့ ခုန်တက်သွားသည်။
တစ်ချိန်တည်းမှာပင် ဟာကျူလီတူက
သူ့လက်ထဲမှာ ပေါ်လာပြီး
လက်ကိုတစ်ချက်လှည့်ကာ

သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါး ထံသို့ ထုချလိုက်ပါသည်။

.၉၁၈

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၁၈ - သတ်ဖြတ်ခြင်း

သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါးလုံးက ယန်ယဲ့ အမှန်တကယ် တိုက်ခိုက်ဝံ့မယ်လို့

မမျှော်လင့်ထားသဖြင့် ချက်ချင်း
အံ့သြသွားကြသည်။

၃ ယောက်သား ထိတ်လန့်နေရာကနေ
သတိပြန်ဝင်လာချိန်မှာတော့
ဟာကျူလီတူက ၎င်းတို့အပေါ်သို့
ကျရောက်နေပြီဖြစ်သည်။

ဟာကျူလီတူမှ သယ်ဆောင်လာသော
ကြောက်မက်ဖွယ်ရာအားလှိုင်း ၎င်းတို့
ခြေထောက်အောက်ရှိ

အာကာသဟင်းလင်းပြင်ကို
ပြိုကျသွားစေကာ အနီးတစ်ဝိုက်မှ
လေထုပင်လျှင် ပေါက်ကွဲသွားလေသည်။

သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါး၏
အမူအရာများသည်
သိသိသာသာပြောင်းလဲသွားကြသည်။

ပြောရလျှင် ယန်ယွဲ့သည်
ဤမျှကြောက်စရာကောင်းသည့်
တိုက်ခိုက်မှုကို ထုတ်ဖော်နိုင်မည်ဟု
သူတို့မထင်ထားကြချေ။

သူတို့က ထိတ်လန့်နေသည့်တိုင်
တုံ့ပြန်မှုကတော့ နှေးကွေးနေခြင်းမရှိပါ။
သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါးလုံးက
လက်ဝါးများကို ကိုယ်စီရှေ့ဆန့်ထုတ်ကာ
တန်ပြန်တိုက်ခိုက်လိုက်ကြသည်။

အုန်း! ဘုန်း! ဘုန်း!

ကျယ်လောင်သော ပေါက်ကွဲသံများနှင့်အတူ ဟာကျူလီတူ က သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါး၏ ပူးပေါင်းတိုက်ခိုက်မှုကြောင့် ပြင်းထန်စွာ တုန်ခါသွားခဲ့သည်။

"သေ!" ယန်ယဲ့ သည် ဟာကျူလီတူ ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်ပြီး ဒေါသတကြီး အော်ဟစ်ကာ ထပ်မံ၍ ထုချလိုက်သည်။

ဘုန်း!

ဟာကျူလီတူ ကနေ
ပေါက်ကွဲထွက်လာသည့်
ကြောက်မက်ဖွယ်ရာအင်အားက ယန်ယဲ့
အပါအဝင် သူတော်စင်တစ်ပိုင်းအဆင့် ၃
ပါးကို မြေပြင်သို့ ပြုတ်ကျသွားစေသည်။

သိပ်မကြာခင်မှာပဲ အောက်မြေပြင်ကနေ
အော်ဟာစ်သံများ ကျယ်လောင်စွာ
ထွက်ပေါ်လာပါသည်။

ဖောင်း!

နောက်ထပ် ပေါက်ကွဲသံတစ်ချက်

ထွက်ပေါ်လာပြီးနောက်

မြေပြင်အောက်ကနေ ပုံရိပ် ၃ ခု

ခုန်ထွက်လာကြသည်။

ငင်းတို့ထဲမှ ၂ ဦးသည် မန်းကလန်၏

သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါးဖြစ်ပြီး

ကျန်တစ်ဦးမှာ ယန်ယဲ့ ပင်တည်း။

ဤအခိုက်အတန့်တွင် ယန်ယဲ့၏
ခန္ဓာကိုယ်သည် ဟာကျူလီသံချပ်ကာ ဖြင့်
ဖုံးအုပ်ထားပြီး ဟာကျူလီတူ ကို
ကိုင်ထားသည်။ သူ့အသွင်က
စစ်နတ်ဘုရားကဲ့သို့ပင်။

မန်းကလန်၏ ကျန်
သူတော်စင်တစ်ပိုင်းအဆင့် ၂ ပါးသည်
ယန်ယဲ့ကို ထိတ်လန့်စွာကြည့်ကာ
အံ့အားသင့်သောလေသံဖြင့် "မင်း… မင်း…
မင်းတကယ်ပဲ မန်းကောင်း

ကိုသတ်လိုက်တယ်။ မင်း….”

သူတော်စင်တစ်ပိုင်းအဆင့် ၁ ပါးက ၎င်းတို့ရှေ့မှာပင် အသတ်ခံလိုက်ရလိမ့်မည်ဟု မထင်ထားကြပေ။

ထို့အပြင် ၎င်းကို သတ်လိုက်သူက အဆင့် ၃ သိုင်းကျောရာ၏ သာရှိသော ပုရွက်ဆိတ်တစ်ကောင် ဖြစ်ခဲ့သည်။ ထိုအရာက သူတို့ကို လုံးဝအံ့အားသင့်စေခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့ သည်လည်း

အတော်လေး စိတ်လှုပ်ရှားသွားသည်။

အဘယ်ကြောင့်ဆိုသော်

သူတော်စင်တစ်ပိုင်းအဆင့်ကို

သူ၏တိုက်ခိုက်မှုနှစ်ခုတည်းဖြင့်

သတ်လိုက်နိုင်သောကြောင့်ပါ။

သို့သော် သူ့စိတ်ထဲ

အနည်းငယ်ဝမ်းနည်းမိသည်မှာ

ဟာကျူလီတူက အမှန်တကယ်

လေးလံလွန်းနေခြင်းဖြစ်သည်။

ယခုလေးတင် နှစ်ကြိမ်ဆက်တိုက်သာ
တိုက်ခိုက်ရသေးသော်လည်း
သူ၏ခွန်အားက ကုန်ဆုံးလုနီးပါးပင်။
လက်ရှိ သူပိုင်ဆိုင်ထားသော
ရုပ်ခန္ဓာခွန်အားဖြင့်ပင်
မလုံလောက်သေးပါ။

ယန်ယဲ့ သည် ဟာကျူလီတူကို
တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး ကျန်
သူတော်စင်တစ်ပိုင်းအဆင့်တွေလေ ၂

ပါးကို စိုက်ကြည့်ကာ "အခု ဘယ်လိုလဲ။
ငါတို့ ဆက်လုပ်မှာလား။"

ထိုစကားကိုကြားသောအခါ နှစ်ယောက်လုံး
ဒေါသထွက်သွားကြသော်လည်း
မည်သူကမျှ ရှေ့မတိုးရဲကြပေ။
မန်းကလန်၏ အဖွဲ့ဝင်များအနေဖြင့်
ဟာကျူလီသံချပ်ကာ နှင့်
ဟာကျူလီသံတူက
မည်မျှကြောက်စရာကောင်းသည်ကို

ရှင်းရှင်းလင်းလင်း
သိရှိထားသောကြောင့်ပါ။

ဟာကျူလီတူကို အသာထား၊
ဟာကျူလီသံချပ်ကာသည် ၎င်းတို့
ချိုးဖျက်နိုင်သောအရာမဟုတ်ချေ။

"မင်းက ငါတို့ မန်းကလန်ရဲ့အဖွဲ့ဝင်တွေကို
သတ်ခဲ့တဲ့အပြင်ကိုမှ ကလန်ရဲ့
ရတနာတွေကိုတောင် လုယက်ခဲ့တယ်။
ငါတို့ မျိုးနွယ်စုတစ်ခုလုံးရဲ့ အင်အားနဲ့
မင်းကို လက်စားချေမယ်။

မင်းမှာ ဉာဏ်ရှိရင် ဟာကျူလီသံချပ်ကာ နဲ့ ဟာကျူလီတူကို အခုလွှဲပေးလိုက်။ ဒါဆိုရင် ငါတို့မန်းကလန်က မင်းအသက်ကို ချမ်းသာပေးလိမ့်မယ်။" သူတော်စင်တစ်ပိုင်းအဆင့်က အသံတိုးတိုးနဲ့ ပြောလိုက်သည်။

"မင်းတို့ မျိုးနွယ်စုတစ်ခုလုံးရဲ့ အင်အားနဲ့ ငါ့ကိုလိုက်မှာလား" ယန်ယဲ့သည် အေးစက်စက်ရယ်မောလိုက်၏။ ပြီးမှ "ကောင်းပြီလေ။ ဒီလိုဆို ငါစောင့်နေမယ်။

အခု မင်းတို့နှစ်ယောက်စလုံးကို အသက်ရှူ ၃ ရှိုက်စာ အချိန်ပေးမယ်။ ဒါကိုမှ မင်းတို့ထွက်သွားဖို့ ငြင်းဆန်နေသေးရင် ငါဒဏ်ရာရရင်တောင် မင်းတို့နှစ်ယောက်ကို အသေသတ်မယ်။"

"မင်းဘယ်လိုသတ္တိရှိလဲ!" တစ်ယောက်က ဒေါသတကြီး အော်ဟစ်လိုက်လေသည်။ ၎င်းတို့ မန်းကလန်ကို မည်သည့်အချိန်က စော်ကားခွင့်ရှိသွားပါသနည်း။

ထို့ကြောင့် သူက ဒေါသတကြီးဖြင့်

ရှေ့တိုးလာကာ တိုက်ခိုက်ရန် ပြင်လိုက်၏။

သို့သော်လည်း ဤအချိန်တွင် ယန်ယဲ့သည်

ရှေ့တစ်လှမ်းတိုးလိုက်ပြီး

ရောမသံတူကြီးက

တောင်ကြီးတစ်လုံးအလား

လူနှစ်ယောက်ဆီသို့ ထုချသွားသည်။

သူတော်စင်တစ်ပိုင်းအဆင့် ၂ ပါး၏

အမူအရာများသည် အနည်းငယ်

ပြောင်းလဲသွားသည်။သေချာသည်မှာ၊

သူတို့သည် ယန်ယဲ့က ထိုကဲ့သို့

တိုက်ခိုက်ရန် မမျှော်လင့်ထားခဲ့ကြပေ။

သို့သော်၊ သူတို့သည် အဆုံးတွင်

သူတော်စင်တစ်ပိုင်းအဆင့်များပင်ဖြစ်ရာ

သဘာဝအတိုင်း

ကြောက်လန့်နေမည်မဟုတ်ပေ။

ချက်ချင်းပင် သူတို့၏

အစွမ်းထက်ဆုံးနည်းစနစ်များကို ထုတ်ကာ

ယန်ယဲ့နှင့် တိုက်ခိုက်လိုက်ကြသည်။

သို့သော်လည်း ယန်ယဲ့ သည်
အချိန်တစ်ခုကြာတိုက်ခိုက်နေပြီးနောက်
သူ၏အကာအကွယ်အားလုံးကို
လုံးဝစွန့်လွှတ်လိုက်သည်။ ထို့နောက်
သူတော်စင်တစ်ပိုင်းအဆင့် ၂ ပါး၏
တိုက်ခိုက်မှုများကို
သူ့ကိုယ်ပေါ်ကျရောက်ခွင့်ပြုလိုက်သည် ။

သို့တိုင် သူတော်စင်တစ်ပိုင်းအဆင့် ၂ ပါးက
ထိုအတိုင်း မလုပ်ရဲကြပေ။

အမှန်စင်စစ် သူတို့က ယန်ယဲ့အား

ဒဏ်ရာရအောင်တိုက်ခိုက်နိုင်လျှင်ပင်

ဟာကျူလီတူ ဖြင့်

တစ်ချက်ထုခံလိုက်ရပါက

ချက်ချင်းသေသွားနိုင်ပေသည်။

ထို့ကြောင့် အဆုံးတွင် နှစ်ယောက်သား

နောက်ကိုအသီးသီးပြန်ဆုတ်လိုက်ကာ

အာကာသဟင်းလင်းပြင်ကို ဆုတ်ဖြဲ၍

ထွက်ပြေးသွားကြတော့သည်။

ယန်ယဲ့ သည် သူတော်စင်တစ်ပိုင်းအဆင့် ၂ ပါး ထွက်ပြေးသွားသည်ကို မြင်သော်လည်း ဆက်မလိုက်တော့ပေ။

ယခုအချိန်တွင် သူက အားကုန်လုနီးပါးဖြစ်နေ၏။ ဖိနှိပ်ရေးကျောက်တုံးကို အသက်သွင်းလိုက်လျှင်ပင် ဘာမှထူးခြားမှာမဟုတ်ချေ။

သူတော်စင်တစ်ပိုင်းအဆင့် ၂ ပါး ထွက်သွားသည်နှင့် ယန်ယဲ့ဟာ

သူ့လက်ထဲက

ဟာကျူလီသံတူကိုချက်ချင်းဖယ်လိုက်သ

ည်။

ဟာကျူလီတူက

အလွန်ပင်ကြောက်စရာကောင်း၏။

သို့သော်လည်း ၎င်းသည် သူ၏ခွန်အားကို

လုံးဝကုန်ဆုံးသွားစေသည်။

.၉၁၉

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၁၉ - ဖူဂျင်းရှန်၏ ဒုက္ခ

အမှန်တော့ ထို သူတော်စင်တစ်ပိုင်းအဆင့်

၂ ပါးသာ သူ့ကို

အချိန်ဆွဲတိုက်ခိုက်နေမည်ဆိုလျှင်

ယန်ယဲ့သည် ချက်ချင်း

အရေးနိမ့်သွားပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ဟာကျူလီတူက
သူ၏ ရုပ်ခန္ဓာခွန်အားကိုပါ
ကုန်ဆုံးသွားစေသောကြောင့်ပင်။
ဤအချိန်တွင် သူ၏ရုပ်ခန္ဓာခွန်အားသည်
လုံးဝကိုကုန်ဆုံးလုနီးပါး ဖြစ်နေပါပြီ။
ဟာကျူလီတူကို မြှောက်ရန်အသာထား
လှုပ်လို့ပင်မရပေ။

"ကြည့်ရတာ ငါ့ရဲ့ရုပ်ခန္ဓာခွန်အားကို
မြှင့်တင်ရမယ့်ပုံပဲ။"ယန်ယွဲ့ သည်
ထုံကျင်နေသော ညာဖက်လက်ကို

တစ်ချက်ခါလိုက်ရင်း ပတ်ဝန်းကျင်ရှိ လူတိုင်းကို ဂရုမစိုက်ဘဲ လနတ်သမီးခန်းမ ဆီသို့ လျှောက်သွားခဲ့သည်။

"နင်က ပိုသန်မာလာတယ်!" မှူချင်းဖန်သည် ယန်ယွဲ့ကို စိုက်ကြည့်ရင်း တုန်လှုပ်သွားသလို ခံစားလိုက်ရသည်။ အဘယ်ကြောင့်ဆိုသော် အစောပိုင်းက တိုက်ပွဲကို သူမလည်း စောင့်ကြည့်နေခဲ့ခြင်းပင်။

ရက်အနည်းငယ်သာ ကြာသည့်တိုင်
ယန်ယဲ့သည်
ဤမျှအစွမ်းထက်လာလိမ့်မည်ဟု
မမျှော်လင့်ထားပေ။

ယန်ယဲ့ သည် သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါးကို တစ်ယောက်တည်း
ရင်ဆိုင်ရုံသာမကဘဲ
သူတော်စင်တစ်ပိုင်းအဆင့် ၁ ပါးကိုပင်
သတ်ပစ်ခဲ့သည်။ ၎င်းသည်
သူတော်စင်တစ်ပိုင်းအဆင့် များပင်လျှင်
မပြီးမြောက်နိုင်သော အရာပါ။

"ငါက ရတနာလက်နက်တွေကိုပဲ အားကိုးတာပါ!" ယန်ယွဲ့ သည် ခေါင်းခါရင်း ပြောလိုက်သည်။ “ပြီးရင် ငါ ခဏလောက် ခရီးထွက်ရဦးမယ်။ အဲဒီ့အချိန်အတွင်းမှာ ရှေးဟောင်းမြင့်မြတ်မြို့တော်ကို ပြန်လာနိုင်မယ်မထင်ဘူး။ ငါမရှိတဲ့အချိန် ငါ့မိတ်ဆွေ ဖူဂျင်းရှန်ကို ခန်းမသခင်ရဲ့ စောင့်ရှောက်မှုအောက်မှာ ထားခဲ့မယ်။"

"ပြဿနာနည်းနည်းရှိလို့!" မူချင်းဖန်က တိုးညှင်းသော အသံဖြင့် ပြောလိုက်သည်။

"ဘာလဲ?" ယန်ယွဲ့က မျက်မှောင်ကြုတ်ကာ မေးလိုက်၏။

သူမက “မီးဝိညာဉ်မျိုးနွယ်စုရဲ့အဖွဲ့ဝင်တွေင မကြာသေးခင်တုန်းက သူမကိုရှာဖို့ ဒီကို အဆက်မပြတ်လာနေကြတယ်။ ဒါပေမဲ့ သူမကို ပြန်မခေါ်အောင် ငါတားထားတယ်။ ဒါပေမဲ့ ဒီကိစ္စကို

သူတို့လက်လျှော့မှာမဟုတ်ဘူးလို့
ငါထင်တယ်။ ပွင့်ပွင့်လင်းလင်း
မလုပ်ကြပေမယ့် အခွင့်ကောင်းစောင့်ပြီး
ဖမ်းဆီးမှာစိုးတယ်။

နင်လည်း မီးဝိညာဉ်မျိုးနွယ်စုရဲ့ဘိုးဘေးက
ဘယ်လောက်အစွမ်းထက်တယ်ဆိုတာ
သိမှာပါ။သူတို့သာ အရိပ်ထဲကနေ
တိုက်ခိုက်ရင် ငါတို့က သူ့ကို တားဖို့
အစွမ်းအစမရှိတော့ဘူး!”

"ဘာလို့ သူ့ကို ရှာနေကြတာလဲ" ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။

သူမက ခေါင်းယမ်းပြီး “မသိဘူး၊ ဒါပေမဲ့ သူမရဲ့ တုံ့ပြန်မှုအပေါ် မူတည်ရင် လုံးဝ မကောင်းတာတော့သေချာတယ်။”

"ခန်းမသခင်!" ရုတ်တရုတ် မူလင်းသည် ခန်းမထဲသို့ရောက်လာသည်။ ယန်ယဲ့ကိုတွေ့သောအခါ အနည်းငယ်

အံ့သြသွားသည်။ ထို့နောက် သူမက ခေါင်းညိတ်ကာ “ခန်းမသခင်၊ အစ်ကိုယန်၊ မီးဝိညာဉ်မျိုးနွယ်စုက ပြန်ရောက်လာပြီ။ သူတို့က ဘာပဲဖြစ်ဖြစ် ဂျင်းရှန်ကို ပြန်ခေါ်မယ်လို့ ပြောပြီးပြီ။ သူတို့နဲ့အတူ သူတော်စင်တစ်ပိုင်းအဆင့်တွေ ၂ ပါးတောင် ခေါ်လာတယ်။ ငါတို့က သူတို့ကို တားလို့မရဘူး။”

"မီးဝိညာဉ်မျိုးနွယ်စုကို အပြီးသတ်ချေမှုန်းဖို့တော့ လိုနေပြီ။"

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့၏
ပုံရိပ်သည် ခန်းမထဲမှ
ပျောက်ကွယ်သွားသည်။

သူမက "သွားရအောင်။ ငါတို့က
သူ့စိတ်ကြိုက်လုပ်ခွင့်ပေးလို့ မရဘူး!"
စကားဆုံးသည်နှင့် မူချင်းဖန် လည်း
ယန်ယဲ့နောက်ကနေ
အမြန်လိုက်ပါလာခဲ့သည်။

မီးဝိညာဉ်မျိုးနွယ်စုသည်
ပျက်လုနီးပါးဖြစ်ခဲ့သော်လည်း
သူတော်စင်တစ်ပိုင်းအဆင့်
တစ်ဒါဇင်ကျော်ရှိသေးသည်။

ထို့အပြင် မီးဝိညာဉ်ဘိုးဘေးသည် သာမန်
သူတော်စင်တစ်ပိုင်းအဆင့်တွေ ၁၀ ပါးကို
တစ်ကိုယ်တည်း ရင်ဆိုင်နိုင်၏။

ဤနေရာတွင် ပဋိပက္ခဖြစ်လျှင်
လနတ်သမီးခန်းမသည် ကျိန်းသေပေါက်
ဒုက္ခရောက်လိမ့်မည်။

မကြာခင်မှာပဲ ယန်ယဲ့သည် ဖူဂျင်းရှန်၏ အခန်းရှေ့သို့ ရောက်လာခဲ့သည်။

ထိုအချိန်တွင် လနတ်သမီးခန်းမ၏ အဖွဲ့ဝင်တစ်ဦးသည် ဖူဂျင်းရှန်၏ အခန်းအပြင်ဖက်ရှိ အဘိုးအို ၃ ယောက်နှင့် ထိပ်တိုက်တွေ့နေပါသည်။

ယန်ယဲ့ သည် အဘိုးအို ၃ ယောက်အနက် ၂ ယောက်ကိုတော့ ကောင်းကောင်းသိသည်။

ထိုအထဲမှ တစ်ယောက်က သူ သတ်ချင်နေသည့် အဘိုးအိုချန်းယန် ပါ။

နောက်တစ်ယောက်ကတော့
မဟာအကြီးအကဲ ပင်။

“ဒါက ငါတို့မီးဝိညာဉ်မျိုးနွယ်စုရဲ့
အတွင်းရေးကိစ္စပဲ။ ကျေးဇူးပြုပြီး
ဝင်မစွက်ဖက်ပါနဲ့!" အဘိုးအိုချန်းယန် သည်
လနတ်သမီးခန်းမ၏
အဖွဲ့ဝင်နောက်မှာရပ်နေသည့် ဖူဂျင်းရှန်ကို
စူးစူးစိုက်စိုက် ကြည့်ကာ စူးရှသော
အသံဖြင့် ပြောလိုက်သည်။

"ဖူဂျင်းရှန်က အခု လနတ်သမီးခန်းမရဲ့ အဖွဲ့ဝင်ဖြစ်နေပြီ!" ဤအချိန်မှာပဲ အေးစက်စက်အသံနှင့်အတူ မူချင်းဖန် နှင့် ယန်ယွဲ့ တို့ရောက်လာကြသည်။

မူချင်းဖန်ကို တွေ့သောအခါ လနတ်သမီးခန်းမ၏ အဖွဲ့ဝင် နှင့် ဖူဂျင်းရှန် တို့လည်း ချက်ချင်း ဦးညွှတ်လိုက်သည်။ ဖူဂျင်းရှန် သည် မူချင်းဖန်၏ ဘေးနားမှ ယန်ယွဲ့ကို စိုက်ကြည့်ကာ အနည်းငယ် ခေါင်းညိတ်သည်။

ဤအချိန်တွင် သူမ၏မျက်နှာသည်
အမာရွတ်များဖြင့် ဖုံးလွှမ်းနေသေးပြီး
အလွန်ကြောက်စရာကောင်းပုံရသည်။
သို့သော်လည်း ယန်ယဲ့သည် ဤအချိန်တွင်
ဖူဂျင်းရှန်က ယခင်နှင့်
အနည်းငယ်ကွဲပြားနေသည်ကို
သတိပြုမိလိုက်သည်။

ယုံကြည်မှု။..... သူမသည်
ယုံကြည်မှုရှိခဲ့သည်။

မီးဝိညာဉ်မျိုးနွယ်စု၏
သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါးနှင့်
ရင်ဆိုင်နေရသည့်တိုင်
ကြောက်ရွံ့ပုံမပေါ်ပါ။

"ခန်းမသခင်မှု၊ ဖူဂျင်းရှန်က
ငါ့မီးဝိညာဉ်မျိုးနွယ်စုရဲ့
အဖွဲ့ဝင်တစ်ဦးလေ။" အဘိုးအိုချန်းယန်က
လေးလေးနက်နက် အသံနဲ့ပြောလေသည်။
"ငါ့မီးဝိညာဉ်မျိုးနွယ်စုက
လနတ်သမီးခန်းမကို မင်းရဲ့လေးစားတယ်၊

ဒါပေမဲ့ ငါတို့ ဒါကို
ကြောက်တယ်လို့မဆိုလိုဘူး။ အဲဒါကို
နားလည်ပေးပါ။"

ယန်ယဲ့ သည် အဘိုးအိုချန်းယန်ကို
မသိမသာလေးကြည့်ကာ စိတ်ထဲက
သတ်ဖြတ်ချင်စိတ်ကို မျိုသိပ်လိုက်၏။
ထို့နောက် ဖူဂျင်းရှန်ကို လှည့်ကြည့်ကာ
"သူတို့ ဒီမှာ ဘာအတွက်လာတာလဲ"

ဖူဂျင်းရှန်သည် ခဏလောက်
လေးလေးနက်နက် စဉ်းစားပြီးမှ
ပြန်ပြောသည်။ "ငါ့ကို
တစ်ယောက်ယောက်က အလိုရှိနေတယ်၊
ဒါကြောင့် သူတို့က ငါ့ကို အဲဒီလူလက်ထဲ
ထည့်ပေးဖို့အတွက် လာရှာတာပဲ!"

ထိုအချိန်တွင် မီးဝိညာဉ်မျိုးနွယ်စု၏
မဟာအကြီးအကဲသည် "ဂျင်းရှန်၊ ဒါက
ယုတ္တိမတန်ဘူးဆိုတာ ငါသိပါတယ်။ ဒါပေမဲ့
ငါတို့မျိုးနွယ်စုရဲ့လက်ရှိအနေအထားကို

မင်းသိထားရမယ်။ ဒါကို
မင်းသဘောမတူရင် ကျွန်အဖွဲ့ဝင်တွေက
ငါတို့မျိုးနွယ်စုကို မြို့ထဲမှာနေခွင့်
ပြုမှာမဟုတ်ဘူး။ ငါတို့
မျိုးနွယ်စုတစ်ခုလုံးရဲ့အခြေအနေကို
မင်းစဉ်းစားနိုင်မယ်လို့ ငါမျှော်လင့်ပါတယ်။"

ဖူဂျင်းရှန်၏ ပါးစပ်ထောင့်တွင်
အေးစက်သော အပြုံးတစ်ခု ပေါ်လာသည်။
သူမက "မဟာအကြီးအကဲ၊ သူက
ငါ့ခင်ပွန်းနဲ့ ကလေးကို သတ်ခဲ့တာ

မသိဘူးလား။ သူငါ့ကို
'ကျင့်ကြံခြင်းအရင်းအမြစ်'
ဖြစ်အောင်လုပ်နေတာ နင်တို့မသိတာလား။
မှန်တယ်၊ နင်တို့သိပေမယ့် ငါ့ကို
လွှဲပေးချင်နေသေးတာ။
ဘာကြောင့်လဲဆိုတော့
တစ်ယောက်တည်းကျန်တဲ့
အမျိုးသမီးတစ်ယောက်ရဲ့
အသက်နဲ့သေဆုံးမှုက
နင်တို့မိုးဝိညာဉ်မျိုးနွယ်စုရဲ့အနာဂတ်နဲ့
ယှဉ်လို့မရပါဘူး၊ ဟုတ်တယ်မလား?"

အဘိုးအိုချန်းယန်က
အေးစက်စွာပြောလိုက်သည်။
"မင်းသိပြီးရင် ငါ ရှင်းရှင်းပဲပြောမယ်။
ဒါဟာ ငါတို့မျိုးနွယ်စုရဲ့ အနာဂတ်နဲ့
သက်ဆိုင်တယ်။ ဒီတော့ မင်း
ငြင်းစရာမရှိဘူး။ ငါတို့နှင့်အတူလိုက်ခဲ့။
ငါတို့က မင်းရဲ့မျက်နှာပေါ်မှာရှိတဲ့
အမာရွတ်တွေကို ဖြေရှင်းပေးမယ်။"

"မီးဝိညာဉ်မျိုးနွယ်စုက တကယ်ကို ပိုဆိုးလာတာပါလား!" ယန်ယွဲ့က ရုတ်တရက် ဝင်ပြောလိုက်သည်။

“ကိုယ်အသက်ရှင်ဖို့ တခြားသူတွေကို အားကိုးဖို့ မပြောနဲ့၊ အသက်ရှင်ဖို့ အခွင့်အရေးရဖို့ အမျိုးသမီးတစ်ယောက်ကို သုံးဖို့တောင် လိုအပ်တယ်။ ဘယ်လောက်ရှက်စရာကောင်းလိုက်သလဲ!"

## ၉၂၀

## အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၂၀ - ဂူကလန်၊ ဂူရှဲ့ရှန်း

"ခွေးကောင်!" အဘိုးအိုချန်းယန်က ဒေါသထွက်သွားသည်။ သူ့ထံကနေ သူတော်စင်တစ်ပိုင်းအဆင့် အငွေ့အသက်များ ထွက်လာပြီး ယန်ယဲ့ကို စူးစိုက်ကြည့်ကာ "မင်းကိုယ်မင်း ဘယ်သူလို့ထင်လဲ!? ငါ့ရဲ့မှီးဝိညာဉ်မျိုးနွယ်စုကို ဘယ်လိုမကောင်းပြောရဲတာလဲ။"

စကားပြောနေရင်းက တိုက်ခိုက်ရန် ပြင်လိုက်၏။ သို့သော် မဟာအကြီးအကဲက အဘိုးအိုချန်းယန်ကို တားလိုက်သည်။

ထို့နောက်

“ယန်မန်း၊ ဒါ ငါ့ရဲ့မီးဝိညာဉ်မျိုးနွယ်စုနဲ့ဆိုင်တယ်။မင်းနဲ့ ဘာမှမဆိုင်ဘူးလေ။" မဟာအကြီးအကဲ က အသံတိုးတိုးဖြင့် ပြောသည်။

"ယန်မန်း " ဟူသည့် စကားကို
ကြားလိုက်ချိန်တွင် အဘိုးအိုချန်းယန်၏
အမူအရာသည် ချက်ချင်းပင်
ပြောင်းသွားသည်။ ဤနာမည်ကို သူလည်း
သဘာဝအတိုင်း ကြားဖူးထားသည်လေ။

မကြာသေးခင်ကမှ အဆွေးနွေးပွဲ နှင့်
မန်းကလန် သည် ဤလူယန်မန်းကြောင့်
ပျက်စီးလုနီးပါးဖြစ်သွားသည်
မဟုတ်ပါလော။

ဤအချိန်တွင် ယန်ယဲ့သည်တော့
သူ့ရှေ့တွင်ရှိနေသည့် အဘိုးအိုချန်းယန်ကို
ချက်ချင်း သတ်ပစ်ချင်နေ၏။

သူ့ခွန်အားကိုအပြည့်သုံးပါက
အဘိုးအိုချန်းယန်အား သတ်ပစ်နိုင်သည်ဟု
ယုံကြည်သည်။

သို့သော် အဆုံးတွင် သူက
ကိုယ့်ကိုယ်ကိုပြန်ထိန်းကာ
မတိုက်ခိုက်ခဲ့ပေ။

လနတ်သမီးခန်းမသည်
သူ့အပေါ်အလွန်ဂရုစိုက်ပြီး သူသာ

အဘိုးအိုချန်းယန်ကိုသတ်ပစ်လိုက်ပါက

ထိုကိစ္စနှင့် သေချာပေါက်

ပတ်သက်နေပေလိမ့်မည်။လနတ်သမီးခန်းမ

ကို ဒုက္ခမပေးချင်ပေ။

ထို့အပြင် သူသာ အဘိုးအိုချန်းယန်ကို

အခုသတ်လိုက်ပါက ပြဿနာများစွာနှင့်

ရင်ဆိုင်ရပေလိမ့်မည်။

ထိုထက်အရေးကြီးသည်က

အနှောင်အဖွဲ့စေတီကို ဝင်ရောက်ပြီး

ရှေးဟောင်းဓားကို ပြန်ယူရန်ပါ။

ယန်ယွဲ့ သည် သူ့စိတ်ထဲက
သတ်ဖြတ်ချင်စိတ်ကိုမျိုသိပ်လိုက်ပြီး
"ထွက်သွားစမ်း။ ဖူဂျင်းရှန်ကို
မင်းတို့လက်ထဲ ပြန်ထည့်ပေးမှာ
မဟုတ်ဘူး။ အမြန်ထွက်သွားကြ!"

"ဘယ်လောက်ရဲတင်းလိုက်သလဲ! မင်း…."
အဘိုးအိုချန်းယန်သည်
အောင်ငေါက်လုဆဲဆဲမှာပင် ယန်ယွဲ့က
သူ့လက်ဖဝါးကို လှန်ကာ ဟာကျူလီတူကို
ထုတ်ယူလိုက်သည်။

ယန်ယဲ့ သည် သူ့လက်ထဲက
ဟာကျူလီတူကို ဝှေ့ယမ်းရင်း
အဘိုးအိုချန်းယန်ကို စိုက်ကြည့်ကာ
"ခွေးအိုကြီး။ အခုထွက်မသွားဘဲ
သောက်စကားများနေသေးရင်
မင်းထွက်သွားစရာမလိုတော့ဘူး။
ဒီနေရာမှာပဲသေနိုင်တယ်!"

အဘိုးအိုချန်းယန် သည်
ဒေါသထွက်သွား၏။တိုက်ခိုက်တော့မည်ဖြ

စ်သော်လည်း မဟာအကြီးအကဲက နောက်တစ်ကြိမ် တားလိုက်သည်။ မဟာအကြီးအကဲ သည် ယန်ယဲ့ကို စိုက်ကြည့်ကာ "ယန်မန်း၊ ဖူဂျင်းရှန်က သခင်ငယ်ဂူ လိုချင်တဲ့ လူတစ်ယောက်ပါ။ ဒါကို သေချာစဉ်းစားရမယ်!"

"မင်းတို့ ထွက်သွားမှာလား အသေခံမှာလား" ယန်ယဲ့ သည် မျက်လုံးထဲတွင် သတ်ဖြတ်ခြင်းအငွေ့အသက်များ

ပေါက်ကွဲလာကာ
အေးစက်စက်ပြောလိုက်လေသည်။

မဟာအကြီးအကဲ နှင့် အဘိုးအိုချန်းယန်
တို့နှစ်ဦးလုံး ဒေါသကြောင့် မျက်နှာများ
နီမြန်းသွားကြလေသည်။

ရုတ်တရက်ဆိုသလိုပင် အသံတစ်ခုက
ပွဲတင်ထပ်လာပါသည်။ "ငရဲဘေကရီကလွဲရင်
အခြားတစ်ယောက်ယောက်က ငါ
ဂူရွဲ့ရှန်းကို စကားပြောဖို့ မထိုက်တန်ဘူး။

ဒါပဲပြောပါရစေ။ ဒီနေ့တော့ ငါ သူမကို ခေါ်သွားမယ်။ တကယ်လို့ လနတ်သမီးခန်းမက တားရဲရင် ဒီနေ့ လနတ်သမီးခန်းမတစ်ခုလုံး မြင့်မြတ်နယ်မြေမှာ တည်ရှိတော့မှာမဟုတ်ဘူး။"

အားလုံး အံ့အားသင့်သွားကြ၏။ လူတိုင်း မတိုင်ပင်မိဘဲ အသံထွက်ရာဆီသို့ တူညီစွာ လှမ်းကြည့်လိုက်ကြသည်။

အစိမ်းရောင်ဝတ်လူငယ်တစ်ယောက်
ဖြည်းညှင်းစွာ လျှောက်လာသည်ကို
တွေ့လိုက်ရသည်။

ထိုလူငယ် အတော်လေး ငယ်ရွယ်သေးပြီး
သူ့အသွင်အပြင်ကို ကြည့်ရသည်မှာ
အသက် ၂၀ ဝန်းကျင်သာ ရှိသေး၏။

သူ၏ဘယ်ဘက်ရင်အုံနေရာတွင် '古'(ဂူ)
ဟူသည့်
စာလုံးသေးသေးလေးတစ်ခုရှိနေသည်။
၎င်းသည် သူ၏ မျိုးနွယ်စုအမည် (ဂူ)
ကိုကိုယ်စားပြုသည်။

လူငယ်၏ရင်ဘတ်က "ဂူ" စာလုံးကို မြင်လိုက်ချိန်မှာ လနတ်သမီးခန်းမ၏ အဖွဲ့ဝင်အားလုံးသည် ချက်ချင်းပင် မျက်နှာပျက်သွားကြတော့သည်။

"ဂူကလန်! ဂူကလန်ရဲ့ဘိုးဘေးက မြင့်မြတ်ခန်းမအားလုံးရဲ့ပထမဆုံး မြင့်မြတ်သခင် ဖြစ်ခဲ့တယ်။ပြီးတော့ ဂူကလန် တည်ရှိခဲ့တာ နှစ်ပေါင်း ၁၀၀,၀၀၀ ကျော် ကြာကတည်းကပဲ။

သူတို့ရဲ့ အရင်းအမြစ်တွေ၊
အရန်အင်အားတွေက လက်ရှိ
မြင့်မြတ်ခန်းမတွေတောင်
နားမလည်နိုင်ဘူး။

ဂူရွဲ့ရှန်းကို ဂူကလန်ရဲ့
နံပါတ်တစ်ပါရမီရှင်လို့သတ်မှတ်ထားကြတယ်။ ပြီးတော့ သူက မြင့်မြတ်နယ်မြေရဲ့
လူငယ်မျိုးဆက်မှာ
အရမ်းကြောက်စရာကောင်းတဲ့ ပါရမီရှင်လို့
ပြောနိုင်တယ်။" မူချင်းဖန်သည်
ယန်ယဲ့၏ဘေးနားတွင် ရပ်နေကာ

ရှင်းပြနေသည် "ဂူကာလန်က ရွှေးဟောင်းမြင့်မြတ်မြို့တော်ရဲ့နံပါတ်တစ် မဟာကာလန်ကြီးလို့ ပြောလို့ရတယ်။

တကယ်တော့ သူတို့က ရှေးဟောင်းမြင့်မြတ်မြို့တော်မှာတင်မက ဘူး၊ မြင့်မြတ်ခန်းမတွေထဲမှာတောင် အာဏာရှိတယ်။

ငရဲကေရီ ဆိုရင်တောင် ဂူကာလန်ကို မျက်နှာသာပေးရမယ်။ နင်က စိတ်ထင်သလို အရမ်းကြီးမလုပ်နဲ့။"

နောက်ဆုံးပြောလိုက်သည့် စကားက သူမပြောလိုသည့်အဓိကအချက်ဖြစ်သည်။

ယန်ယဲ့က ရုတ်တရက်ပြောလိုက်သည် "ဒါဆို ငါ့ရဲ့နောက်ခံက ဘာလဲဆိုတာ မင်းသိလား"

မူချင်းဖန် သည် အနည်းငယ် ထိတ်လန့်သွားပြီး သူမ၏ ခေါင်းကိုခါလိုက်ကာ "တကယ်တော့ ငါလည်း မသိဘူး!"

"ဒါဆို မင်းသိအောင်ပြောလိုက်မယ်။
ငါ့ရဲ့နောက်ခံပ ဂူကလန်ထက် အများကြီး
ပိုကြီးတယ်ဆိုတာပဲ။" ယန်ယဲ့က
သိပ်ပြီးဂရုမစိုက်ပုံဖြင့် "ဒီတော့ ငါက
ဘာကိုကြောက်ရမှာလဲ။"

မူချင်းဖန် သည်
စကားမပြောနိုင်တော့သည့်အလား
တိတ်ဆိတ်သွား၏။

ယန်ယဲ့ သည် ဖူဂျင်းရှန်ကို
လှည့်ကြည့်လိုက်ရာ သူမက
အစိမ်းရောင်ဝတ်လူငယ်အား
စူးစိုက်စိုက်ကြည့်နေသည်ကို
သတိပြုမိလိုက်သည်။ ထို့အပြင် သူမ၏
မျက်လုံးများတွင် မကျေမနပ်မှုများ၊
နာကြည်းမုန်းတီးမှုများပါ
ပြည့်နှက်နေလေသည်။

"သခင်လေးဂူ ၊ မင်းကဒီမှာပဲ။"
အဘိုးအိုချန်းယန် သည် ဂူရှဲ့ရှန်းကို

ပြုံးပြပြီး သူ့မျက်လုံးများက
မြှောက်ပင့်သည့် အရိပ်အယောင်အပြည့်ပါ။

ဂူရွဲ့ရှန်းက အဘိုးအိုချန်းယန်ကို
တစ်ချက်မျှပင် မကြည့်ပေ။
သူ့အကြည့်သည် ဖူဂျင်းရှန် အပေါ်ကို
ချက်ချင်းရောက်သွားသည်။ ဂူရွဲ့ရှန်းက
အေးစက်စွာ ရယ်မောလိုက်ပြီး "မင်းက
အရမ်းလှတဲ့ မိန်းမပဲ။
မင်းဒီလိုဖြစ်လာလိမ့်မယ်လို့
ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။

စိတ်မပူပါနဲ့၊ ဒီသခင်လေးက
မင်းရဲ့ရုပ်ရည်ကို ပြန်ပြီးပြုပြင်ပေးမယ်။
ငါလုပ်နိုင်ရုံတင်မကဘူး၊ မင်းကို
ပိုတောင်လှအောင် လုပ်နိုင်သေးတယ်။
ဟုတ်ပါတယ် မင်းပေးရမယ့်အရာက
ငါ့ဘေးနားက
ခွေးမတစ်ကောင်ဖြစ်လာဖို့ပဲ!”

"ငါက ခွေးမတစ်ကောင်ဆိုရင် နင်က
ခွေးထီးမဟုတ်ဘူးလား"

ဖူဂျင်းရှန်ကလည်းကြောက်လန့်ခြင်းမရှိပေ။ အေးစက်စွာ ရယ်မောလိုက်သည်။

ဂူရွဲ့ရှန်း၏ အကြည့်သည် အေးခဲလာပြီး ယန်ယွဲ့ကို လက်ညှိုးထိုးပြကာ "မင်းမှာ သူ့အကူအညီကြောင့် ငါ့ကို ဆန့်ကျင်နိုင်မယ်လို့ ထင်နေတာလား။ စောင့်ကြည့်လိုက်ပါ၊ မင်းအားကိုးတဲ့လူက ငါ့ရှေ့မှာရပ်နေတဲ့အခါ ဘယ်လောက်တန်ဖိုးမရှိလဲဆိုတာ မင်းကို ငါသက်သေပြမယ်!"

"နင့်ကို ပြောတာမဟုတ်ဘူး၊ ငါ့အမြင်အရ နင်နဲ့ နင့်အစ်ကို အတူတူပေါင်းရင်တောင်မှ သူ့ထက်ဝက်တောင် မရဘူး!"

ထိုစကားပြောလိုက်ပြီးနောက် ဖူဂျင်းရှန်၏ မျက်လုံးထဲမှ မကျေမနပ်ဖြစ်နေသည့်အရိပ်အယောင်များ တစ်ဖန်ငြိမ်သက်သွားခဲ့သည်။

'မင်းဘယ်လိုသတ္တိရှိသလဲ! ဖူဂျင်းရှန်! သခင်လေးဂူ ကို ဒီလိုပုံစံနဲ့

ဘယ်လိုပြောရဲတာလဲ။"
အဘိုးအိုချွန်းယန်သည် ဒေါသတကြီး
အော်ငေါက်လိုက်၏။

ဂူရွှဲ့ရှန်းက အေးစက်စွာ ရယ်မောလိုက်ပြီး
မူချင်းဖန်ကို ကြည့်ကာ "မူချင်းဖန်၊ မင်းရဲ့
လနတ်သမီးခန်းမက ငါ့ဂူကလန်နဲ့
နည်းနည်းလေး ဆက်ဆံရေးရှိတယ်လို့
ယူဆလို့ရတယ်။ ဒါကြောင့် ငါတို့ရဲ့
ဆက်ဆံရေးကောင်းကို
မပျက်စီးစေချင်ဘူး။ ငါ

သူမကိုလိုချင်တယ်။ မင်းငါ့ကိုတားဖို့
တွန်းအားပေးရင် မင်းရဲ့
လနတ်သမီးခန်းမက ဂူကလန်ကို
ရင်ဆိုင်နိုင်မလားဆိုတာ ကြည့်ရအောင်။"

"သူမက ငါ့လနတ်သမီးခန်းမရဲ့
အဖွဲ့ဝင်တစ်ယောက်လေ။"မူချင်းဖန်က
တိုးညှင်းသော အသံဖြင့် ပြောလိုက်သည်။
အကယ်၍ သူမသည် ဖူဂျင်းရှန်ကို ထိုကဲ့သို့
လွှဲပေးလိုက်ပါက

လနတ်သမီးခန်းမတစ်ခုလုံး
ဂုဏ်သိက္ခာကျဆင်းသွားပါလိမ့်မည်။
သို့သော် လွှဲမပေးရင်လည်း ဂူကလန်၏
ဒေါသနှင့် ရင်ဆိုင်ရပေမည်။

ဂူရှဲ့ရှန်းက " ဒါဆို လနတ်သမီးခန်းမက
သူမကို ကာကွယ်ဖို့ ရည်ရွယ်ထားတာလား၊
ဟမ့်?"

မှူချင်းဖန်၏ မျက်လုံးများသည် ချက်ချင်းပင် မှိန်ကျသွားပါတော့သည်။ ဤအချိန်မှာ သူမက အတော်လေး စိတ်ရှုပ်ထွေးနေ၏။ ဂူကလန်၏ အဖွဲ့ဝင်များသည် မြင့်မြတ်အဆင့်သို့ မတက်သော်လည်း ၎င်းတို့ဟာ လုံးဝကြောက်မက်ဖွယ်ကောင်းကြောင်း သံသယမရှိပါ။

သူမရှေ့တွင် ရပ်နေသော ဂူရွဲ့ရှန်း လိုပင်။ အကယ်၍ ၎င်းသည်

မြင့်မြတ်အဆင့်ကိုတက်ရန်ကြိုးစားပါက
ထိပ်တန်းအဆင့် ၅ အတွင်းဝင်နိုင်သည်။

 ထို့ကြောင့် ဂူရှဲ့ ရှန်း သာ
လနတ်သမီးခန်းမကို တိုက်ခိုက်ပါက
၎င်းတို့အတွက်
သေချာပေါက်ကပ်ဘေးတစ်ခုဖြစ်လာမည်
ဖြစ်သည်။

၉၂၁

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၂၁ - ထွက်ပြေးရပြန်ပြီ

"ငါ လနတ်သမီးခန်းမကနေ

နုတ်ထွက်တယ်!" မူချင်းဖန်က စိတ်ထဲ

လွှန်ဆွဲနေချိန်တွင် ဖူဂျင်းရှန်က ရုတ်တရက်

ရှေ့တိုးလာသည်။

သူမသည် ပတ်ဝန်းကျင်ရှိ

လနတ်သမီးခန်းမ၏ အဖွဲ့ဝင်များကို

တစ်ချက်ကြည့်လိုက်ပြီး

"တောင်းပန်ပါတယ်။ လနတ်သမီးခန်းမထဲ

ဝင်ပြီးကတည်းက
ဘာမှမလုပ်ရသေးပေမယ့်
လနတ်သမီးခန်းမကို အမြဲတစေ
ပြဿနာတက်စေတယ်။ အခု
ငါနင်တို့အားလုံးကို နှောင့်ယှက်လို့
မရတော့ဘူး။ ဒါက ငါ့ရဲ့ပြဿနာမို့
ငါကိုယ်တိုင်ဖြေရှင်းလိုက်မယ်!"

လနတ်သမီးခန်းမ၏ အဖွဲ့များသည်
တိတ်ဆိတ်နေကြသည်။

တကယ်တော့ အတော်များများသည်

သူမကို သိပ်ပြီးဂရုမစိုက်ပေ။

အဘယ်ကြောင့်ဆိုသော်

သူမပြောခဲ့သည့်အတိုင်း အမှန်ပင်။ သူမ

ဝင်ရောက်လာကတည်းက

လနတ်သမီးခန်းမအတွက် ကြီးမားသည့်

ပြဿနာများ ဖြစ်စေခဲ့သည် ။

တစ်ကြိမ်တစ်ခါသာဆိုရင်တော့

တော်ပေသေးသည်။

သို့သော် ဤတစ်ကြိမ် လနတ်သမီးခန်းမကို

သူမ ယူဆောင်လာသည့် ပြဿနာဟာ

အလွန်ပင်ကြီးမားသည်။ အခန့်မသင့်ရင် လနတ်သမီးခန်းမတောင် ပျက်စီးသွားနိုင်သည်။

"ငါလည်း လနတ်သမီးခန်းမကနေ ထွက်ပြီ။" ထိုအချိန်တွင် ယန်ယွဲ့ကလည်း ရုတ်တရက်ပြောလိုက်ပါသည်။

ပတ်ဝန်းကျင်ရှိလူတိုင်း၏ အမူအရာသည် အနည်းငယ်ပြောင်းလဲသွားကြသည်။ မူချင်းဖန် သည် ယန်ယွဲ့ ဆီသို့ ချက်ချင်း

လျှောက်လာပြီး "နင်
ဒီလိုလုပ်စရာမလိုပါဘူး။
ငါတို့လနတ်သမီးခန်းမက သူမနဲ့အတူ
ရပ်တည်မယ်။”

ယန်ယဲ့က  ခေါင်းခါပြီး “ ငါ
လနတ်သမီးခန်းမကို ဒီအထဲမှာ
ဆွဲမထည့်ချင်ပါဘူး။ ဘာလို့လဲဆိုတော့ ငါ
တကယ် မဆွဲချင်တော့လို့ပါ။ ငါက
အမြဲတမ်း
ဒုက္ခပေးတတ်သူတစ်ယောက်လေ။

ငါ့လိုလူအတွက်

တစ်ယောက်တည်းနေရတာက

အကောင်းဆုံးပဲ။ ဘာလို့လဲဆိုတော့ ငါက

ဘယ်သူ့ကိုမှ ဆွဲဆောင်မှာမဟုတ်ဘူး။ ဒါကို

ငါတို့ကိုယ်တိုင် ဖြေရှင်းခွင့်ပြုပါ။ ငါ့ကို

ဆွဲဆောင်ဖို့ မကြိုးစားနဲ့။

ခန်းမသခင်အနေနဲ့က မင်းဟာ

လူအနည်းငယ်ကိုမတွေးဘဲ အဖွဲ့ဝင်တိုင်းကို

တွေးပေးဖို့လိုတယ်လေ။"

သူစကားပြောပြီးသည်နှင့် ဖူဂျင်းရှန် ဖက်ကို
လှည့်၍ ပြောလိုက်သည်
"မြင့်မြတ်နယ်မြေမှာ
မင်းနေဖို့နေရာမရှိဘူးဆိုတာ
မြင်ပြီမဟုတ်လား။ ငါတို့ ဒီကိစ္စပြီးတာနဲ့
ငါ့မွေးရပ်မြေကို သွားသင့်တယ်။
အနည်းဆုံးတော့ မင်းအဲဒီမှာ
ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လေ့ကျင့်နိုင်သလို
ပိုပြီးလုံခြုံမယ်။ ပြီးတော့ အဲဒီမှာ မင်းကို
ဘယ်သူမှ မသိဘူးဆိုတော့ နဂိုအတိုင်း
ဘဝကို အေးအေးဆေးဆေးနေလို့ရပြီ။"

ဖူဂျင်းရှန် သည် ယန်ယွဲ့ကို တိတ်တဆိတ် စိုက်ကြည့်နေခဲ့သည်။

"သူမက ပြန်စဖို့ အခွင့်အရေး ရှိမှာ မဟုတ်ဘူး!" ထိုအချိန်တွင် ဂူရွဲ့ရှန်းက ရုတ်တရက် ဝင်ပြောလာလေသည်။

"မင်းအကြောင်း ငါကြားတယ်။ မင်းက အဆွေးနှင်းပွင့်ကို ကိုယ်တိုင်ဖျက်ဆီးခဲ့တဲ့အပြင် မန်းကလန်ကိုတောင် ဖျက်ဆီးလုနီးပါးပဲ။

ဒါပေမဲ့ အဲဒါတွေအားလုံးက ငါ့အတွက် အသေးအမွှားလေးတွေဆိုတာ သိထားစေချင်တယ်။ မင်းဘာလို့ အခုထိ အသက်ရှင်နေသေးလဲ သိလား။ ငရဲကေရီကို မျက်နှာသာပေးလို့ပဲ။ မင်းသာ သူမနဲ့မသိရင် ငါမင်းကိုအစောကတည်းက သတ်ပြီးနေပြီ။"

ယန်ယဲ့ သည် ဂူရှဲ့ရှန်းကို လှည့်ကြည့်ကာ ခေါင်းခါပြီး ပြုံးပြရင်း "မင်းသိပါတယ်... မင်းကို ငါတကယ်မသတ်ချင်ဘူး။

ငါတကယ်မလုပ်ချင်တာ။ ဘာလို့လဲ ဆိုတော့ မင်းရဲ့အစ်ကိုကြီးက ငါ့နောက်ကို လိုက်လာမှာ မဟုတ်ဘူး၊ မင်းအဖေနဲ့ အဘိုးတောင် လိုက်လာမှာလား။ မျိုးဆက်ဟောင်းတွေက လူငယ်တွေကို လက်စားချေဖို့ အမြဲကြိုးစားတယ်။ ဒါဟာ တကယ့်ကို စိတ်အနှောက်အယှက် ဖြစ်စရာကောင်းတယ်။ ဒါပေမဲ့ ....”

ထိုစကားပြောပြီးသည်နှင့် ခဏရပ်ကာ သူ့လက်ဝါးကို လှန်လိုက်ပြီး

ဟာကျူလီတူကို ကိုင်လိုက်ရင်း "ဒါပေမဲ့ ငါမင်းကိုမသတ်ရင် မင်းက ကိုယ့်ကိုယ်ကို တကယ်ကြီးမြတ်ပြီး အစွမ်းထက်တယ်လို့ ထင်နေလိမ့်မယ်..."

"ယန်မန်း!" ရုတ်တရက် မူချင်းဖန်က စိုးရိမ်တကြီးနဲ့ပြောလေသည်။ "သူက မြင့်မြတ်အဆင့်ရဲ့ အဆင့် ၅ နဲ့ ယှဉ်နိုင်တယ်၊ အရမ်းလုပ်နဲ့...."

"မြင့်မြတ်အဆင့်ရဲ့ အဆင့် ၅ လား? ထိပ်ဆုံး ၃ ယောက်ထဲ ရောက်နေရင်တောင် ငါ သူ့ကို မကြောက်ဘူး!" ယန်ယွဲ့ သည် မူချင်းဖန်ကို လစ်လျူရှုလိုက်ကာ သူ့လက်ကိုဝှေ့ယမ်းပြီး ဟာကျူလီတူဖြင့် ဂူရှဲ့ရှန်းကို ထုချလိုက်ပါတော့သည်။

ဤနေရာရှိလူတိုင်း အံ့သြသွားကြသည်။ ယန်ယွဲ့ သည် ထိုကဲ့သို့ တိုက်ခိုက်လိမ့်မည်ဟု သူတို့ မမျှော်လင့်ထားခဲ့ကြပေ။ ထိုအချိန်တွင်

ဂူရဲ့ ရှန်း ပင်လျှင် အနည်းငယ်
အံ့အားသင့်သွားခဲ့၏။

သူ့အမြင်အရတော့ သူသည်သာ
မောက်မာစွာ ပြုမူသင့်သူဖြစ်သည်။
သူသည် အရင်ဆုံးသာ
စတင်တိုက်ခိုက်သူဖြစ်သင့်၏။

သို့ရာတွင် သူ့ရှေ့မှလူက သူ့ထက်တောင်
ပို၍မောက်မာပြီး
အရင်ဆုံးတိုက်ခိုက်ခဲ့သည်လား။

ဤအရာသည် လုံးဝကို
ဒေါသထွက်စရာပင်။

"လုံးဝကို မထီမဲ့မြင်ပြုခြင်း။ ဒီကောင်က
ငါ့ကို ဂရုမစိုက်ဘဲ ဂူကလန် ကိုပါ
လစ်လျူရှုလိုက်တာလား။"

"မင်းက ကိုယ့်သေတွင်းကိုယ်တူးတာပဲ!"
ဂူရွဲ့ရှန်းက ဒေါသတကြီး အော်ဟစ်ရင်း
သူ၏လက်ဝါးကိုဆန့်ကာ ဟာကျူလီတူကို
ပြန်ရိုက်ထည့်လိုက်သည်။

ဂူရွဲ့ရှန်း၏ ညာဖက်လက်ဖဝါးက ဟာကျူလီတူဆီသို့ ဖြည်းညှင်းစွာရွေ့လျားလာပြီး ရုတ်တရက် လက်ဝါးသည် မူလထက် ၂ ဆပိုကြီးလာကာ ရိုက်ချခဲ့သည်။

အုန်း!

ရောမပေါက်ကွဲသံကြီး
ထွက်ပေါ်လာပြီးနောက်တွင်ဂူရွဲ့ရှန်း၏
ခြေထောက်နှစ်ဖက်လုံး
တန်ပြန်အားလှိုင်းကြောင့် မြေကြီးထဲသို့
နစ်ဝင်သွားလေသည်။

ဤအခိုက်အတန့်တွင် သူ့မျက်လုံးထဲ၌
အံ့အားသင့်သွားသည် ။ ယန်ယဲ့၏
စွမ်းအားသည် အမှန်တကယ်ပင်
ကြောက်မက်ဖွယ်ကောင်းလိမ့်မည်ဟု သူ
မထင်ထားခဲ့ပေ။

"ဖိနှိပ်လိုက်စမ်း!" ယန်ယဲ့ သည် အေးစက်စက်အော်ဟစ်ကာ လက်နှစ်ဖက်ဖြင့် တူကို ဆုပ်ကိုင်လိုက်ပြီး အားကုန်သုံး၍ ဖိချလိုက်သည်။

ဘုန်း!

ဂူရွှဲ့ရှန်း၏ ခန္ဓာကိုယ်သည် မြေပြင်ပေါ်သို့ လဲကျသွားပါတော့သည်။

တစ်ချိန်တည်းတွင် ယန်ယဲ့ သည်
သူ၏ညာလက်ကို ဆန့်ကာ ဂူရှဲ့ရှန်းကို
ရိုက်ချလိုက်သည်။

သို့သော် ရုတ်တရက်ဆိုသလိုပင်
အာကာသဟင်းလင်းပြင်ထဲကနေ
ရောမလက်ဝါးကြီးနှစ်ဖက်ပေါ်လာပြီး
ယန်ယဲ့၏ လက်ဝါးနှင့် တိုက်မိသွားကာ
ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။

ဤအချိန်တွင် ယန်ယဲ့၏ အကြည့်များသည်
အဘိုးအိုချန်းယန် နှင့် မီးဝိညာဉ်မျိုးနွယ်စု၏

မဟာအကြီးအကဲ ဆီသို့
ကျဆင်းသွားခဲ့သည်။

သို့သော်လည်း ယန်ယဲ့ သည်
နောက်ထပ်တိုက်ခိုက်မှုကို မပြုလုပ်ခဲ့ပေ။
သူ့လက်ကို ဆန့်ထုတ်၍ ဖူဂျင်းရှန်၏
ပုခုံးကို ဖမ်းကိုင်လိုက်ပြီး
သူကိုယ်တိုင်လည်း လျှပ်တပြက်ဆိုသလို
မိုးကုတ်စက်ဝိုင်းထဲကို
ပျောက်ကွယ်သွားခဲ့ပါသည်။

အဘိုးအိုချန်းယန် နှင့် ဂူရွဲ့ရှန်း ကို

သတ်ချင်သော်လည်း အခြေအနေသည်

ခွင့်မပြုခဲ့ပါ။

လနတ်သမီးခန်းမ ဆီ အပြေးအလွှား

ရောက်ရှိလာသော

သူတော်စင်တစ်ပိုင်းအဆင့်များ၏

အရှိန်အဝါကို

ခံစားမိလိုက်သောကြောင့်ပင်။

သူသာ ချက်ချင်း မထွက်ခွာပါက

ဤနေရာတွင် ပိတ်မိသွားပေမည်။

"ယန်မန်း! ငါ မင်းကို သတ်မယ်လို့ ကတိပေးတယ်!" မြေပြင်ပေါ်ကနေ ဂူရွဲ့ရှန်း၏ ဒေါသတကြီး အော်ဟစ်သံ ပဲ့တင်ထပ်လာသည်။

ယန်ယဲ့ သည် ကီလိုမီတာ ၅၀၀ နီးပါး ပျံသန်းလာပြီးနောက်တွင် နောက်ကနေ လိုက်ပါလာသူမရှိကြောင်း အတည်ပြုလိုက်ပြီး နောက်ဆုံးတွင် ရပ်တန့်သွားသည်။

တစ်ဆက်တည်း ဖူဂျင်းရှန်ကို စိုက်ကြည့်ကာ "မြင့်မြတ်နယ်မြေမှာ မင်းအတွက် ဒါမှမဟုတ် ငါ့အတွက် နေရာမရှိဘူး။ ဆန်းကြယ်တိုက်ကြီးကို သွားလိုက်ပါ။ ငါအရင်ကပြောခဲ့သလိုပဲ မင်းအဲဒီမှာ အစကနေ ပြန်စလို့ရတယ်။ ဒါ့အပြင် ကလဲ့စားချေချင်ရင် အရင်ဆုံး အေးအေးဆေး ဆေးနဲ့ ကျင့်ကြံနိုင်ဖို့လုံခြုံတဲ့ နေရာတစ်ခု လိုအပ်တယ် မဟုတ်လား။ ပြီးတော့ မြင့်မြတ်နယ်မြေက အခုကစလို့

နောက်နှစ်လအတွင်းမှာ

ပရမ်းပတာဖြစ်တော့မယ်။

ဒီလိုဖြစ်လာတာနဲ့

မင်းအခုလက်ရှိပိုင်ဆိုင်ထားတဲ့

ခွန်အားတွေနဲ့ ဆိုရင် မြင့်မြတ်နယ်မြေမှာ

အသက်ရှင်နိုင်မှာမဟုတ်ဘူး။”

ဖူဂျင်းရှန် သည် ယန်ယွဲ့ကို စိုက်ကြည့်ရင်း

"နင် ငါ့ကို ဘာလို့ ဒီလိုမျိုး

အမြဲကူညီပေးနေတာလဲ"

ယန်ယဲ့ သည် “မင်းရဲ့အတွေ့အကြုံတွေက
ငါ့ကိုယ်ပိုင်ဘဝနဲ့ နည်းနည်းတူတယ်။
ဒါပေမဲ့ ငါ့ကံက မင်းအတွက်ထက်
ပိုကောင်းတယ်။ ကံကြမ္မာကောင်းတချို့ကို
ငါရခဲ့တယ်လေ။ ဒီတော့
ငါလက်စားချေနိုင်ခဲ့ပြီ။
မင်းလက်စားချေချင်ရင်
မင်းအရင်ဆုံးရှင်သန်ရမယ်။ ဒါပဲ
ငါပြောနိုင်တယ်။"

ဤစကားများ ပြောပြီးသည်နှင့် နှစ် ၁၀၀၀ သက်တမ်းရှိသည့် မီးသလင်းကျောက် ၁ လုံးကို ထုတ်ယူပြီး "ကံကောင်းပါစေ!" ယန်ယဲ့၏ ပုံရိပ်သည် တဖျပ်ဖျပ်ဖျပ်ခတ်ပြီး ပျောက်ကွယ်သွားခဲ့သည်။

ဖူဂျင်းရှန် သည် လက်ထဲမှ မီးသလင်းကျောက်ကို ကိုင်ထားရင်း သူမ၏အကြည့်ဟာ အနည်းငယ်လွတ်သွားသည်။

ရုတ်တရက်ဆိုသလိုပဲ
အမျိုးသမီးတစ်ယောက်ရဲ့အသံက "ဂျင်းရှန်၊
အဲဒီလူရဲ့ခန္ဓာကိုယ်က ယန်စွမ်းအင်တွေ
ပြည့်နေတယ်။ နေလောင်နေတဲ့အတိုင်းပဲ။
လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀,၀၀၀ က
ထူးထူးခြားခြား ပါရမီရှင်တွေဆိုရင်တောင်
သူနဲ့နှိုင်းယှဉ်လို့မရဘူး။ နင် သူ့ရဲ့
ယန်စွမ်းအင်ကို စုပ်ယူပြီး သူ့ရဲ့ကျင့်ကြံမှုကို
ဝါးမြိုလိုက်မယ်ဆိုရင်
သူတော်စင်တစ်ပိုင်းအဆင့်ကို
ချက်ချင်းရောက်နိုင်လောက်တယ်။"

အသံသည် စိတ်လှုပ်ရှားမှု နှင့် ရှုံးသွပ်မှု အရိပ်အယောင်များ သယ်ဆောင်လာသည်။

၆၂

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၂ - အနှောင်အဖွဲ့စေတီ သို့

ထိုစကားကို ကြားလိုက်သည့်အခါ ဖူဂျင်းရှန်၏ အမူအရာသည်

ချက်ချင်းအေးစက်လာပြီး "နင် သူ့ကို
အဲ့လိုလုပ်ဝံ့ရင်
ငါနင်ကိုချက်ချင်းဆွဲချမယ်။"

ဖူဂျင်းရှန် သည် နေရာတွင်
အချိန်တော်တော်ကြာထိရပ်နေကာ
ထို့နောက် တစ်လှမ်းချင်း
ထွက်ခွာသွားပါတော့သည်။
သို့သော် သူမသည် ဆန်းကြယ်တိုက်ကြီး၏
ဦးတည်ရာသို့ ဦးတည်မသွားခဲ့ပေ။

မတူညီသော ဦးတည်ရာဆီသို့
သွားနေခဲ့သည်။

တစ်ဖက်တွင် ယန်ယဲ့ သည်
ရှေးဟောင်းမြင့်မြတ်မြို့တော်သို့
ပြန်လာခဲ့သည်။

မှန်ပါသည်။ ယန်ယဲ့ သည် မြို့ထဲကို
ပြန်ဝင်လာသော်လည်း ပေါ်တင်မဟုတ်ချေ။
ပေါ်တယ်ခန်းမ ဆီသို့
ချက်ချင်းသွားလိုက်၏။

"အနှောင်အဖွဲ့စေတီ !" ယန်ယဲ့ သည် သူ့ရှေ့တွင် ရပ်နေသော အဘိုးအိုကို စိုက်ကြည့်ကာ အမှတ်ကတ် ကို ထုတ်ယူလိုက်သည်။

အဘိုးအိုသည် ခေါင်းမော့ကာ ယန်ယဲ့ကို ကြည့်လိုက်ပြီးနောက် ကတ်ကိုယူကာ ပေါ့ပေါ့ပါးပါး ပုတ်လိုက်သည်။ ယန်ယဲ့၏ ကတ်ထဲမှ အမှတ် ၅၀၀၀၀ သည် ချက်ချင်း ပျောက်ကွယ်သွားပါသည်။

အဘိုးအိုက အမှတ်ကတ်ကို ယန်ယဲ့ထံ ပြန်ပေးကာ “အဆင့် ၄ ရဲ့ ပထမအခန်း” ဟု ပြောလိုက်သည်။

ယန်ယဲ့ သည် အမှတ်ကတ်ကို ပြန်ယူလိုက်ပြီး အဆင့် ၄ ထပ်မြောက်သို့ တက်သွားသည်။

၄ ထပ်မြောက်သို့ တက်လာပြီး သူ့ရှေ့မှ အခန်းကို စိုက်ကြည့်ရင်း

အသက်ပြင်းပြင်းရှူလိုက်သည်။
ဓားဝိညာဉ်၊ ငါလာပြီ!"

သူစကားပြောပြီးသည်နှင့် အခန်းထဲသို့ဝင်လာပြီးနောက်
အပြာရောင်အလင်းတန်းတစ်ခုက သူ့ကိုဖုံးလွှမ်းသွားသည်။
ထိုခဏလေးမှာပဲ ယန်ယွဲ့၏ခန္ဓာကိုယ်သည်လည်း အခန်းထဲကနေ
ပျောက်ကွယ်သွားပါတော့သည်။

အချိန်မည်မျှ ကြာသွားသည်ပင်မသိ၊
ယန်ယဲ့ သည် နောက်ဆုံးတွင် သူ့ခြေဖဝါးက
မြေပြင်နှင့်ထိသွားပြီဟု ခံစားမိလိုက်သည်။

ထို့နောက် သူ့မျက်လုံးများကို
ဖြည်းညှင်းစွာဖွင့်ကာ ပတ်ဝန်းကျင်ကို
ကြည့်နေသည်။

ယခုမှ မြေအောက်ရောက်နေတာကို
သတိထားမိသွားလေသည်။ သို့သော်
သူသည် မြေအောက်တွင်
ပိတ်မိနေခြင်းမရှိသကဲ့သို့

အထက်ခေါင်းမော့၍ ကောင်းကင်ကိုပင်
မျှော်ကြည့်နိုင်ပါသည်။

သို့သော် ကောင်းကင်သည် မီတာ ၃၀
လောက်သာကျယ်ပြန့်၏။ လက်ရှိ
သူနေရာက်နေသောနေရာသည်
အလွန်နက်ရှိုင်းသော
မြေအောက်ဖြစ်ကြောင်းသဘောပေါက်လို
က်သည်။

ယန်ယဲ့၏ စိတ်ထဲ၌ သူသည် ယခုအချိန်မှာ
မြေပြင်အောက် ကီလိုမီတာ ၁၀၀,၀၀၀
သို့မဟုတ် ၁,၀၀၀ ကျော်တွင် ရှိနေသည်။

ဤအခိုက်အတန့်တွင် သူ့ပတ်ဝန်းကျင်တွင် ကျောက်တုံးအိမ်များစွာရှိနေသည်ကို သတိထားမိခဲ့သည်။ ထို့အပြင် ၎င်းတို့အားလုံးသည် လေထဲတွင် လွင့်မျောနေကြ၏။

ယန်ယဲ့ သည် လေပေါ်ကျောက်တုံးပေါ်တွင် ရပ်နေရင်းက ရှေ့တစ်လှမ်းတိုးပြီး အောက်ကိုငုံ့ကြည့်လိုက်မိသည်။ သူ့အောက်ဖက် ကီလိုမီတာ ၁၀၀

ကျော်အကွာမှာ
အနက်ရောင်စေတီတစ်ဆူကို
မြင်လိုက်လေသည်။ စေတီ၏
ထိပ်တည့်တည့်၌ ရွှေးဟောင်း
ဓားတစ်ချောင်း စိုက်ထားသည်ကိုပါ
မြင်တွေ့လိုက်ရလေသည်။

"ဓားဝိညာဉ်၏
အဓိကကိုယ်ထည်။"ယန်ယဲ့၏
မျက်လုံးများသည် ကျဉ်းမြောင်းလာပြီး
ချက်ချင်းပင် ခုန်ဆင်းရန် ပြင်လိုက်သည်။

သို့သော် အဘိုးအိုတစ်ယောက် သူ့ရှေ့တွင်
ပေါ်လာသည်။ အဘိုးအိုကိုမြင်သောအခါ
ယန်ယဲ့၏အမူအရာသည်
အနည်းငယ်ပြောင်းလဲသွားလေသည်။
အကြောင်းအရင်းမှာ အဘိုးအို သည်
အလယ်အလတ်
သူတော်စင်တစ်ပိုင်းအဆင့်
ဖြစ်နေသောကြောင့်ပင်။

"မင်း လေ့ကျင့်ဖို့အတွက် လာတာလား"
အဘိုးအိုက မေးလေသည်။

ယန်ယဲ့ သည်
ခေါင်းညိတ်ပြီးပြောလိုက်သည်"ဒါက
ဒီဂျူရဲ့ပထမဆုံးအကြိမ်ပါ။ ဒါကြောင့်
သိပ်မသိပါဘူး။ ကျေးဇူးပြုပြီး
လမ်းညွှန်ချက်လေးပေးပါဦး... အကြီးအကဲ။
”

အဘိုးအိုက "ပတ်ဝန်းကျင်မှာရှိတဲ့
အဲဒီအိမ်တွေကို  တွေ့လား။ သူတို့အထဲမှာ
သန့်စင်တဲ့စွမ်းအင်တွေရှိတယ်။ မင်း

ကျင့်ကြံရမယ့်နေရာပဲ။ ဒါ့အပြင်
အဲဒီအိမ်ထဲက တစ်ခုစီက
အောက်ဖက်ချော်ရည်ကမ္ဘာကို
ဦးတည်ထားတဲ့
လမ်းကြောင်းအသီးသီးရှိတယ်။ အဲဒီမှာ
အရမ်းသန့်စင်တဲ့
မီးသလင်းကျောက်တွေရှိတယ်။ မင်းရဲ့
ခွန်အားကို ယုံကြည်မှုရှိရင်
စမ်းကြည့်နိုင်ပါတယ်။
ပြီးတော့ အောက်ဖက်မှာရှိတဲ့
အနက်ရောင်စေတီက အနှောင်အဖွဲ့စေတီ

လို့ခေါ်တယ်။ စေတီက နယ်ခြားမိစ္ဆာတွေကို ချုပ်နှောင်ထားတာ။

အဲဒီနားကို မသွားပါနဲ့၊ ဒါမှမဟုတ်ရင် မင်း သတိမပြုမိခင်မှာပဲ သေသွားလိမ့်မယ်။”

အဘိုးအိုက စကားပြီးတာနဲ့ ပျောက်သွားသည်။

ယန်ယဲ့ သည် မျက်မှောင်ကြုတ်လျက် နေရာတွင်တွေတွေကြီးရပ်နေလေသည်။ ရှေ့ကိုဆက်မတိုးသေးပေ။

အဘယ်ကြောင့်ဆိုသော်
အနှောင်အဖွဲ့စေတီတစ်ဝိုက်တွင်
ကြောက်မက်ဖွယ်ကောင်းသော အော်ရာ
၁၀ ခုထက်မနည်းရှိကြောင်း
သတိပြုမိသောကြောင့်ဖြစ်သည်။

၎င်းတို့သည် အနည်းဆုံး
သူတော်စင်တစ်ပိုင်းအဆင့်များပင်။
ထို့အပြင် မထင်မရှားဖုံးကွယ်ထားသည့်
အော်ရာ အချို့ကိုပါ ခံစားမိခဲ့သည်။

ထိုအောက်ရာများသည် သေချာပေါက်

အလယ်အလတ်

သူတော်စင်တစ်ပိုင်းအဆင့်များဖြစ်သည်။

ယန်ယဲ့ သည် ချက်ချင်းမထွက်သေးဘဲ

အချိန်တော်တော်ကြာသည်ထိ

စဉ်းစားနေခဲ့သည်။

ယခုလက်ရှိ သူ့တွင်

သူတော်စင်တစ်ပိုင်းအဆင့် ဓားအစေခံ ၁၁

ယောက်ရှိပြီး အလယ်

သူတော်စင်တစ်ပိုင်းအဆင့် ပင်ရှိသည်။

သို့သော်လည်း ၎င်းသည်
အနက်ရောင်စေတီတွင် စောင့်ကြပ်နေသည့်
သူတော်စင်တစ်ပိုင်းအဆင့်များကို
ဆန့်ကျင်ရန် မလုံလောက်ချေ။
သူ့တွင် အရည်အချင်း၊ အရေအတွက် နှင့်
အားသာချက်ဘာတစ်ခုမှမရှိပါ။

ယန်ယဲ့ သည် ကျောက်တုံးအိမ်များကို
ငုံ့ကြည့်ပြီးနောက် လစ်လပ်နေသော
အိမ်များကို ရွေးချယ်ကာ အိမ်တစ်လုံးထဲသို့
ဝင်လိုက်သည်။

ကျောက်တုံးအိမ်ထဲ ဝင်လိုက်သည်နှင့်
အလွန်သန့်စင်သော စွမ်းအင်ကြိုးများသည်
ချက်ချင်းပင် သူ့ကို ထိမှန်လာသဖြင့်
အတော်လေး ဝမ်းသာသွားခဲ့သည်။

ယန်ယဲ့သည် တုံ့ဆိုင်းမနေဘဲ ချက်ချင်းပင်
တင်ပျဉ်ခွေထိုင်ပြီးနောက် နှစ် ၁၀၀၀
သက်တမ်းရှိ မီးသလင်းကျောက်ကို
မျိုချလိုက်သည်။ တစ်ချိန်တည်းမှာပင်
သူ့ပတ်ဝန်းကျင်ရှိ ဆန်းကြယ်ချီစွမ်းအင် နှင့်

မီးသလင်းကျောက်ထဲမှ စွမ်းအင်နှစ်ခုလုံးကို စတင်စုပ်ယူလိုက်ပါသည်။

လက်ရှိတွင် သူသည် အဆင့် ၃ အထွတ်အထိပ်အဆင့် သိုင်းကျောဇ် ဖြစ်နေပါပြီ။

ဤအခွင့်အရေးကို ဆုပ်ကိုင်ကာ အဆင့် ၄ သိုင်းကျောဇ်အဆင့်သို့ တက်လှမ်းရန် ဆုံးဖြတ်လိုက်၏။

အမှန်တော့ အဆင့် ၃ သိုင်းကျောဇ် သို့မဟုတ် အဆင့် ၄ သိုင်းကျောဇ် ဖြစ်စေ

သူ့အတွက် မထူးခြားပါ။ သို့သော် ၎င်းသည် သူဖြတ်သန်းရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

သူ၏ကျင့်ကြံမှုသည် အဆင့် ၉ သိုင်းကောရာဇ် ရောက်မှသာ သူတော်စင်တစ်ပိုင်းအဆင့်ကို တက်လှမ်းနိုင်မည် ဖြစ်သည်။

၎င်းသည် အထွတ်အထိပ် နယ်ပယ်တစ်ခုဖြစ်သော် လည်း မြန်မြန်ဆန်ဆန် လုပ်ဆောင်၍မရပေ။ အဘယ်ကြောင့်ဆိုသော်

အဆင့်ကျော်တက်သွားလျှင် သူ၏
အခြေခံအုတ်မြစ်က
ခိုင်မာတော့မှာမဟုတ်ပါ။

အရင်းအမြစ် ၂ ခုမှရသည့်
သန့်စင်သောစွမ်းအင်ဖြင့် ယန်ယွဲ့ သည်
အဆင့် ၄ သိုင်းကျောရာ၏အဆင့်ကို
အလွယ်တကူ ချိုးဖျက်နိုင်ခဲ့ပါသည်။

အောင်း!

ရုတ်တရက် အခန်းအပြင်ဖက်မှ
ဓားအူ(အော်)သံတစ်ချက် မြည်
ဟီးလာသည်။ တစ်ချိန်တည်းမှာပင် ယန်ယဲ့
သည် ကျင့်ကြံနေရင်း သူ၏လက်ထဲရှိ
ရှေးဟောင်းဓားအိမ်က ပြင်းထန်စွာ
လှုပ်ခါသွားသလို ခံစားလိုက်ရသည်။

ယန်ယဲ့ သည်
ခဏလောက်စဉ်းစားပြီးနောက် သူ့ဝတ်ရုံကို

အမြန်လဲကာ မူလအသွင်အပြင်ကို ပြန်ပြောင်းလိုက်သည်။

တစ်ချိန်တည်းမှာပင် သူသည် မျက်နှာဖုံးကို ထုတ်ယူကာ တပ်ဆင်ခဲ့သည်။

ယန်မန်း သည် သူဖန်တီးထားတဲ့ အထောက်အထားဖြစ်ရာ အနာဂတ်မှာ သိမ်းဆည်းထားဖို့ အရေးကြီးသည်။ ၎င်းကို လုံးဝမပျက်စီးစေလိုပေ။

အားလုံး ပြင်ဆင်ပြီးသည်နှင့် ကျောက်တုံးအိမ်ထဲကနေ ထွက်လာကာ

အောက်ဖက်မှ အနက်ရောင်စေတီကို
ငုံ့ကြည့်လိုက်သည်။

ယန်ယဲ့ တစ်ယောက်သာမကပေ၊ အခြား
ကျောက်တုံးအိမ်ထဲရှိ ကျင့်ကြံနေသူများပါ
အခန်းထဲကနေ ထွက်လာပြီး
အနက်ရောင်စေတီကို ငုံ့ကြည့်နေကြ
လေသည်။

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၂၃ - ထွက်လာကြပြီ

ထိုအတောအတွင်း အသံတစ်ခုက ပဲ့တင်ထပ်သည် “နယ်ခြားမိစ္ဆာတွေ တိုက်ခိုက်နေတာ။ အားလုံး ကိုယ့်အခန်းထဲ ကိုယ်ပြန်ဝင်ကြ။"

ဤစကားများ ပြောလိုက်သူက
သူတော်စင်တစ်ပိုင်းအဆင့် ပင်ဖြစ်သည်။
သို့တိုင် ဤအချိန်တွင် မည်သူမျှ ၎င်း၏
အမိန့်ကို မနာခံကြချေ။

အောက်မှ ရှေးဟောင်းဓားသည် ပို၍ပင်
ဆက်တိုက် တုန်ခါနေပြီး တဖြည်းဖြည်းနှင့်
ပြင်းထန်လာပါသည်။

ရုတ်တရက် ယန်ယဲ့ နှင့်
အခြားလူများရှေ့တွင် အဘိုးအိုတစ်ဦး

ပေါ်လာသည်။ အဘိုးအိုသည် အေးစက်စွာ တစ်ချက်ကြည့်လိုက်ပြီး “မင်းတို့အားလုံး ပြန်မဝင်ကြသေးဘူးလား။ သေချင်နေကြတာလား။"

ဤအချိန်တွင် လူငယ်တစ်ဦးက “အကြီးအကဲ! ငါတို့ကို လျစ်လျူရှုထားလို့ရတယ်။ ငါတို့ ဒီကို လာနိုင်ခဲ့တယ်ဆိုမှတော့ အားလုံးက သာမန်လူတွေမဟုတ်ဘူးလေ။

ဒီက ရောင်းရင်းတွေလည်း ငါနဲ့
စိတ်တူကိုယ်တူလို့ထင်တယ်။ အားလုံးက
နယ်ခြားမိစ္ဆာတွေ နဲ့ပတ်သက်လို့
သိချင်နေကြတာ။

အကြီးအကဲ! ကျေးဇူးပြုလို့ ငါတို့ကို
စိတ်ပိုင်းဆိုင်ရာ ပြင်ထားနိုင်အောင်လို့
နယ်ခြားမိစ္ဆာတွေရဲ့စွမ်းရည်ကို
မျက်မြင်ကြည့်ခွင့်ပြုပါ။
တောင်းဆိုပါတယ်.... အကြီးအကဲ!"

အဘိုးအိုက လူငယ်ကို ခဏလောက် စိုက်ကြည့်ရင်း “ကောင်းပြီ ဝူရှင်း။ မင်းကြည့်ချင်နေမှတော့ ကြည့်လိုက်။" အဘိုးအိုသည် စကားပြီးသည်နှင့် ပျောက်ကွယ်သွားသည်။

"ဝူရှင်း! မြင့်မြတ်အဆင့်ရဲ့အဆင့် ၃ ပညာရှင်!” တစ်စုံတစ်ယောက်သည် တုန်လှုပ်ခြောက်ခြားစွာဖြင့် အလိုအလျောက် အော်ဟစ်လိုက်လေသည်။

ပတ်ဝန်းကျင်ရှိ လူငယ်များသည် ဂူရှင်း ဆိုသော လူငယ်အား ချက်ချင်း စိုက်ကြည့်နေကြသည်။

နောက်ဆုံးတွင် မြင့်မြတ်အဆင့်သည် မြင့်မြတ်နယ်မြေ တစ်ခုလုံးတွင် အစွမ်းထက်ဆုံး အဆင့်ဖြစ်သည်။ ထိပ်တန်း ပါရမီရှင် ၁၀ ဦးသည် စစ်မှန်သည့် ထူးခြားသော ပါရမီရှင်များဖြစ်ကြ၏။

ထိပ်တန်း ၃ ယောက်သည် သူတို့၏ ကျင့်ကြံမှုအဆင့်ကို ကျော်ပြီး

သူတော်စင်တစ်ပိုင်းအဆင့်အား
သတ်နိုင်သည်ဖြစ်ရာ ပိုလို့တောင်
ကြောက်စရာကောင်းပေသည်။

ယန်ယဲ့ သည် ဝူရှင်း ကို
တစ်ချက်ကြည့်လိုက်သည်။
သူသည်လည်း ယခင်က မြင့်မြတ်အဆင့်၏
အဆင့် ၃ ပညာရှင်ဖြစ်ခဲ့သည့် ရှားဟို့ရွှမ် နှင့်
တိုက်ခိုက်ခဲ့ဖူးသည် မဟုတ်ပါလော။

ရှားဟို့ရှမ်က အမှန်ပင်
အစွမ်းထက်သည်ဟုဆိုနိုင်၏။
သူကိုယ်တိုင်ပင် ရှားဟို့ရှမ်၏ လက်ထဲ၌
ရှုံးနိမ့်လုနီးပါးပင်။ ထို့ကြောင့် ယန်ယဲ့ သည်
မြင့်မြတ်အဆင့် ၃ ၏
ဤပါရမီရှင်အသစ်ကို
အလွန်စိတ်ဝင်စားခဲ့သည်။

ဝူရှင်း သည် အောက်ဖက်မှ
အနက်ရောင်စေတီကြီးအား
စူးစူးစိုက်စိုက်ကြည့်ရင်း မျက်လုံးများက

စိတ်လှုပ်ရှားနေသော အရိပ်အယောင်များ
မှိတ်တုတ်မှိတ်တုတ် ထွက်ပေါ်လာသည်။
သူက “လူတိုင်း၊ ငါတို့ ကျင့်ကြံနေတဲ့
ပန္တိမပန်းတိုင်က နယ်ခြားမိစ္ဆာတွေကို
သတ်ပစ်ဖို့ပဲ။ မကြာခင်မှာ
နယ်ခြားမိစ္ဆာတွေ ပေါ်လာတော့မယ်။
မင်းတို့အားလုံး ငါနဲ့အတူလိုက်ပြီး
နယ်ခြားမိစ္ဆာတွေကို သတ်ဝံ့သလား”

ဘယ်သူမှမဖြေ။
အနက်ရောင်စေတီ(နတ်ဆိုးအကျဉ်းထောင်

ကို)ကနေ ထွက်ပေါ်လာသည့်
နယ်ခြားမိစ္ဆာများတွင်
အားအနည်းဆုံးပင်လျှင်
သူတော်စင်တစ်ပိုင်းအဆင့် ပင်တည်း။
ထို့အတွက် သူတို့က နယ်ခြားမိစ္ဆာများကို
မည်သို့သတ်ပစ်နိုင်မည်နည်း။
နောက်ဆုံးတွင် နယ်ခြားမိစ္ဆာများ သည်
သူတော်စင်တစ်ပိုင်းအဆင့်
စွမ်းအားသာမကဘဲ
အင်မော်တယ်ခန္ဓာကိုယ်ပါရှိနေသည်မဟုတ်
သလော။

"ငါ့ကိုလည်းထည့်တွက်လိုက်ပါ!"
ဤစကားများကို ပြောလိုက်သူမှာ ယန်ယွဲ့ပင်ဖြစ်သည်။ အနက်ရောင်စေတီ အနားသို့ ချဉ်းကပ်ရန် အကြောင်းပြချက်မရှိသဖြင့် အတော်လေးခေါင်းခဲနေချိန်မှာ ဝူရှင်းက ဖိတ်ခေါ်လာသည်ဖြစ်ရာ အံကိုက်ဖြစ်သွားသည်။

ဤနေရာရှိလူတိုင်းသည် ယန်ယွဲ့ကို စူးစူးရဲရဲစိုက်ကြည့်နေပြီး

မျက်နှာဖုံးတပ်ထားသည်ကို မြင်သောအခါ အနည်းငယ် ထိတ်လန့်သွားကြသည်။

ထိုလူများထဲမှ တစ်ဦးက “နယ်ခြားမိစ္ဆာတွေရဲ့ခွန်အားကို မင်းသိမယ်ထင်တယ်။ ဝူရှင်းက မြင့်မြတ်အဆင့်ရဲ့ အဆင့် ၃ ပညာရှင်ဖြစ်လို့ သူတော်စင်တစ်ပိုင်းအဆင့်တွေကို သတ်နိုင်တယ်။ ရိုးရိုးသားသား ပြောရရင် သူက အဲဒီနေရာကို အတင်းတိုးဝင်ပြီး တိုက်ခိုက်နိုင်စွမ်းရှိတယ်။ ဒါပေမဲ့ မင်း…”

ယန်ယဲ့ သည် ခေါင်းခါရင်း

"မင်းရဲ့စိုးရိမ်မှုကို ငါကျေးဇူးတင်ပါတယ်။

ဒါပေမဲ့ ငါက အဲဒါကို ခေါင်းငုံ့မခံချင်ဘူး။

ပြီးတော့ ငါ့ရဲ့စွမ်းရည်ကို သဘာဝအတိုင်း

ယုံကြည်မှုအပြည့်ရှိတယ်။ ဒါ့ပြင်

မင်းတို့အားလုံး စဉ်းစားပြီးပြီလား။

နယ်ခြားမိစ္ဆာတွေအကုန်လုံးသာ

နတ်ဆိုးအကျဉ်းထောင်ကနေ

လွတ်မြောက်လာပြီဆိုရင်.......

အဲဒီအချိန်မှာ မင်းတို့အားလုံး ဒီလိုပဲ

နောက်တွန့်နေဦးမှာလား။”

အကယ်၍ ၎င်းတို့ထဲမှ အနည်းငယ်သာ
ရှေ့ထွက်လာခဲ့ရင် ဓားဝိညာဉ်၏
ပင်မကိုယ်ထည်အနား ချဉ်းကပ်ရန်
အလွန်ခက်ခဲပါလိမ့်မည်။

သို့သော် အုပ်စုလိုက်
အတူတူရှေ့တက်သွားပါက ပိုကောင်းသည့်
အခွင့်အရေးရှိလာမည်ဖြစ်သည်။

"မှန်တယ်!" ဝူရှင်းက ဆက်ပြောသည် ၊
"နယ်ခြားမိစ္ဆာတွေ
နတ်ဆိုးအကျဉ်းထောင်ထဲက

လွှတ်မြောက်လာတော့မယ်။ ဒီလိုဆိုတော့ ငါတို့က ဘာလို့များ သူတို့ကို မတိုက်ခိုက်တာလဲ။ ဒီအခွင့်အရေးကို ငါတို့နဲ့ နယ်ခြားမိစ္ဆာတွေကြားက ကွာဟချက်တွေ ဘယ်လောက်များလဲဆိုတာ ဆုံးဖြတ်လို့ရတယ်။ ဒါဆို နတ်ဆိုးအကျဉ်းထောင်တစ်ခုလုံး ပျက်စီးပြီး နယ်ခြားမိစ္ဆာတွေလွှတ်မြောက်လာတဲ့အခါ ငါတို့က အဆင်သင့်ဖြစ်နေပြီ!”

"ဝူရှင်း ပြောတာမှန်တယ်!
ငါ့ကိုလည်းထည့်တွက်ပါ!"
လူငယ်တစ်ယောက်က ရှေ့ကို
တိုးလာသည်။

ထိုလူငယ် ရှေ့တိုးလာပြီးနောက် နောက်ထပ်
လူငယ်အနည်းငယ် ဆက်တိုက် ရှေ့သို့
တိုးလာခဲ့ပါသည်။

ထိုအချိန်တွင် ဝူရှင်းက ယန်ယဲ့ကို
စိုက်ကြည့်ကာ "အစ်ကို၊ မင်းရဲ့အော်ရာက

အရမ်း အစွမ်းထက်တယ်။ မင်းဟာ မြင့်မြတ်အဆင့်ရဲ့ အဆင့်သတ်မှတ်ချက်ထဲက တစ်ယောက်ဖြစ်ရမယ်။ ဟုတ်နိုင်မလား။"

ယန်ယဲ့ သည် ခေါင်းခါပြီး "ငါက လေလွင့်ကျင့်ကြံသူတစ်ယောက်ပါပဲလေ။ ဒီကိုလာပြီး ကျင့်ကြံခွင့်ရတာက ကံကောင်းခြင်းတစ်ခုပဲ။"

ဝူရှင်း သည် ယန်ယဲ့ကို တစ်ချက်
စိုက်ကြည့်လိုက်သည်။

ယန်ယဲ့ သည် မည်သူမည်ဝါဖြစ်ကြောင်း
ထုတ်ဖော်ရန်မရည်ရွယ်ကြောင်း
နားလည်သောကြောင့် ခေါင်းညိတ်ပြကာ
အခြားစကားများ ထပ်မပြောတော့ပေ။

ရုတ်တရက်ပင် အောက်ဖက်မှ ဓားအော်သံ
ထွက်ပေါ်လာသည်။ ဓားမြည်သံသည်
လူတိုင်း၏ နားထဲသို့
စူးရှစွာထိုးဖောက်လာသဖြင့်

အားလုံးမထိန်းနိုင်ဘဲ

မျက်မှောင်ကြုတ်လိုက်ကြသည်။

မျက်နှာဖုံးအောက်မှ ယန်ယဲ့၏

အမူအရာသည်လည်း

လေးနက်သွားလေသည်။ သူ့တွင်

ဓားဝိညာဉ်ရှိသောကြောင့်

ထိုဓား၏ခံစားချက်ကို ခံစားနိုင်ခဲ့သည်။

မနာလိုစိတ်၊ ဒေါသ၊ ကြမ်းတမ်းမှု၊

နာကြည်းမှုတွေနဲ့ ပြည့်နှက်နေခဲ့ခြင်းပါ။

ထိုခံစားချက်က ဝင်ရောက်လာချိန်တွင်
ယန်ယဲ့ သည် မထိန်းနိုင်ဘဲ
နှလုံးသားတစ်ခုလုံး တုန်လှုပ်သွားသည်။
သူလည်း ဓားဝိညာဉ်၏ခံစားချက်ကို
ကောင်းကောင်း နားလည်သည်။
နောက်ဆုံးတွင် နှစ်ပေါင်း ၁၀၀,၀၀၀
တိုင်တိုင် ချုပ်နှောင်ခံထားရသည့်
ဝမ်းနည်းကြေကွဲမှုကို မည်သူမျှ
ရှောင်ရှားနိုင်မည်မဟုတ်ပေ။
သို့သော် သူ့စိတ်ထဲ၌ အတော်လေး
စိုးရိမ်သွားသည်။

သူမကို ကယ်တင်ပြီးသည်နှင့်

မထိန်းချုပ်နိုင်တော့မည်ကိုပါ။

အကယ်၍ ထိုသို့ဖြစ်ခဲ့ပါက ၎င်းသည်

သူ့ကိုယ်သူ သေလမ်းရှာသည်နှင့်

ကွာခြားမည်မဟုတ်ပေ။

သို့သော် ထိုသို့ဖြစ်နေလျှင်ပင်

ရှေးဟောင်းဓားကို ကယ်တင်ရန်ကလွဲ၍

ရွေးချယ်စရာမရှိပါ။

အဘယ်ကြောင့်ဆိုသော် ၎င်းသည်

ဓားဝိညာဉ်၏ အဓိကကိုယ်ထည်ဖြစ်သည်။

အောင်မြင်ရန် ၀.၀၀၁ ရာခိုင်နှုန်းသာ ရှိလျှင်ပင် သူက အရှုံးပေးလို့မဖြစ်ပေ။

"ခွေးတွေ! နောက်ဆုံးတော့ လွတ်သွားပြီ။ ဟားဟား!" ရုတ်တရက် ကြုံးဝါးသံနှင့် ကျယ်လောင်သော ရယ်မောသံကြီးက မြေအောက်ဆီကနေ ပဲ့တင်ထပ်လာခဲ့သည်။ စေတီထိပ်ရှိ အဆင့်အနည်းငယ်သည်ပင် ကွဲထွက်သွားလေသည်။

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၂၄ -

ရှေးဟောင်းနတ်ဓား(ဓားဝိညာဉ်၏

ပင်မကိုယ်ထည်)ကို ပြန်ယူ

တစ်ချိန်တည်းမှာပင် စေတီ၏ အထဲကနေ

ပုံရိပ် ၁၀၀ နီးပါးခန့်

ပေါက်ကွဲထွက်လာသည်။ ပုံရိပ်များသည်

စေတီအတွင်းပိုင်းမှ ထွက်လာသည်နှင့်

တပြိုင်နက် ကောင်းကင်သို့
လင်းလက်သွားကြသည်။

သို့သော်လည်း ဤအချိန်တွင်
မြင့်မြတ်နယ်မြေ၏ အဆင့်မြင့်ပညာရှင်များ
အသီးသီးပေါ်လာကာ ၎င်းတို့၏
လမ်းကြောင်းကို
ပိတ်ဆို့ထားလိုက်ကြလေသည်။

"ထွက်လာနိုင်လို့ပျော်နေတာလား?
မင်းတို့ထွက်လာကတည်းက ဒီနေရာမှာ
သေနိုင်ပြီ။" အဖွဲ့ကို ဦးဆောင်လာသည့်

အဖြူရောင်ဝတ်ရုံအဘိုးအိုသည်
နယ်ခြားမိစ္ဆာ ၁၀၀ ကျော်ကို
အေးစက်စက်ကြည့်ကာ သူ့နောက်မှ
ပညာရှင်များကို အမိန့်ပေးလိုက်သည်။

ထိုခဏလေးမှာပဲ ပြင်းထန်သော
တိုက်ပွဲကြီးတစ်ခုဖြစ်ပေါ်လာပါတော့သည်။
ရက်စက်ကြမ်းကြုတ်သော
တိုက်ခိုက်မှုများ၊ စွမ်းအားလှိုင်းများဟာ
တဟုန်ထိုးတက်လာပြီး

အာကာသဟင်းလင်းပြင်သည်ပင်

တုန်ခါသွားလေသည်။

တိုက်ခိုက်မှုများသည်

အာကာသဟင်းလင်းပြင်ကို

ကွဲထွက်သွားစေသော်လည်း

အာကာသနိယာမက

အလိုအလျောက်ပြုပြင်ပေးနေ၏။

သို့ရာတွင် နောက်ဆုံး၌

အာကာသနိယာမသည်လည်း

ပြုပြင်နိုင်စွမ်းမရှိတော့ပေ။

အာကာသဟင်းလင်းပြင်သည်

အပိုင်းပိုင်းကွဲထွက်သွားကာ
ပရမ်းပတာချိတ်များ
စိမ့်ထွက်လာခဲ့သည်။

ဤတိုက်ပွဲကို အပေါ်စီးမှ ကြည့်နေသော
လူငယ်များစွာ၏ မျက်နှာများသည်
အရောင်ဖျော့သွားခဲ့ကြပါပြီ။

ဤအခိုက်အတန့်တွင်
ဤကဲ့သို့သောတိုက်ပွဲသည်
၎င်းတို့ဝင်ရောက်စွက်ဖက်နိုင်သည့်အရာမ
ဟုတ်ကြောင်း နားလည်သွားပုံပင်။

အထူးသဖြင့် နယ်ခြားမိစ္ဆာများ မသေဘဲ
အသက်ပြန်ရှင်လာသည့် မြင်ကွင်းအား
တွေ့လိုက်ရချိန်တွင်ပါ။

ဝူရှင်း၏ မျက်နှာပေါ်တွင်လည်း အနည်းငယ်
ချီတုံချတုံ ဖြစ်နေသည်။
သူတော်စင်တစ်ပိုင်းအဆင့်ကို သတ်ခဲ့သော်
လည်း
သူတော်စင်တစ်ပိုင်းအဆင့်များကြားတွင်
ခွန်အားကွာခြားမှုရှိပေသည်။

ယခု ထွက်ပေါ်လာသည့် နယ်ခြားမိစ္ဆာ
သူတော်စင်တစ်ပိုင်းအဆင့်များက
အတိတ်က သူသတ်ခဲ့သော
သူတော်စင်တစ်ပိုင်းအဆင့် နှင့်
လုံးဝကွာခြား၏။

"လူတိုင်း! နယ်ခြားမိစ္ဆာတွေကို သတ်ကြ။
တိုက်ခိုက်ရအောင်!" ရုတ်တရက်
အသံတစ်ခု ထွက်ပေါ်လာသည်။
လူတိုင်းလည်း လှမ်းကြည့်လိုက်ရာ
မျက်နှာဖုံးစွပ်ထားအမျိုးသားက

တိုက်ပွဲထဲသို့ ဝင်ရောက်နေပြီဆိုတာ
တွေ့လိုက်ကြရသည်။

ဝူရှင်း သည် ဤမြင်ကွင်းကို
မြင်လိုက်ချိန်တွင် နှလုံးသားထဲက
ရှက်ရွံ့မှုကို ခံစားလိုက်ရသည်။
လေလွင့်ကျင့်ကြံသူတစ်ဦးသည်
နယ်ခြားမိစ္ဆာများကို တိုက်ခိုက်ဝံ့သော်လည်း
သူလို မြင့်မြတ်အဆင့်၏ အဆင့် ၃
ပညာရှင်က ချီတုံချတုံ
ဖြစ်နေသည်မဟုတ်ပါလား။

ခဏအကြာတွင် ဝူရှင်းက
အသက်ပြင်းပြင်းရှူပြီး "အားလုံးပဲ! ငါနဲ့
လိုက်တိုက်ခိုက်ကြ!" နောက်ဆုံးတွင်
သူလည်း တုံ့ဆိုင်းမနေတော့ပေ။
ရှေ့ကိုခုန်ထွက်ကာ တိုက်ခိုက်လိုက်သည်။
ဤအခိုက်အတန့်တွင် ဝူရှင်း၏
ဦးဆောင်မှုဖြင့် လူငယ် ၂၀ ကျော်ပင်
ပါဝင်တိုက်ခိုက်ခဲ့သည်။

ဝူရှင်း နှင့် အခြားလူငယ်များ

တိုက်ခိုက်နေသည်ကို

မြင်လိုက်သည့်အချိန်မှာ

ဝတ်ရုံဖြူအဘိုးအို၏ မျက်နှာသည်

ချက်ချင်းပင် သိသိသာသာ

ပြောင်းလဲသွားကာ ဒေါသတကြီး

အော်ဟစ်လိုက်သည်။ “ကောင်လေးတွေ၊

ဘာလုပ်နေတာလဲ။ပြန်လာခဲ့။

အားလုံးနောက်ဆုတ်လိုက်ကြ...."

အုန်း!

သို့သော် မျက်နှာဖုံးစွပ်လူတစ်ဦးသည်
သူတော်စင်တစ်ပိုင်းအဆင့်
နယ်ခြားမိစ္ဆာအား ဓားဖြင့် တစ်ချက်တည်း
ပိုင်း ဖြတ်လိုက်သည်ကို
မြင်လိုက်ရသောကြောင့် သူ၏အသံသည်
ရုတ်ချည်းပင် ရပ်တန့်သွားသည်။

မျက်နှာဖုံးစွပ်လူက အခြားသူမဟုတ်ချေ။
ယန်ယွဲ့ပင်ဖြစ်လေသည်။

ဤအချိန်မှာ ယန်ယဲ့က
အလွန်လျင်မြန်သောအရှိန်ဖြင့်
အနောက်အဖွဲ့စေတီ၏ ထိပ်ဖျားပိုင်းသို့
တဖြည်းဖြည်းပျံတက်သွားပါသည်။
လမ်းတစ်လျှောက်လုံး တားဆီးလာသည့်
နယ်ခြားမိစ္ဆာတိုင်းက ဓားတစ်ချက်စီဖြင့်
အသတ်ခံလိုက်ရသည်ချည်းသာ။
သိပ်ပင်မကြာလိုက်ပေ၊ ယန်ယဲ့ သည်
စေတီ၏ ထိပ်ဆုံးအထပ်သို့
ရောက်သွားပါတော့သည်။

လူတိုင်း ဤမြင်ကွင်းကြောင့်
အံ့ဩတုန်လှုပ်သွားကြလေသည်။

အဖြူရောင်ဝတ်ရုံအဖိုးအိုသည်
ယင်းကြောင့် အနည်းငယ်
အံ့အားသင့်သွားပြီးနောက် အမူအရာသည်
ပြောင်းလဲသွားသည်။ ထို့နောက်
ဒေါသတကြီးနဲ့ "ချက်ချင်း ထွက်သွား!
နတ်ဓားမှာ သူ့စိတ်ဝိဉာဉ်ရှိတယ်။
သူ့ကိုယ်သူ ကာကွယ်လိမ့်မယ်!"

မှန်သည်။ ယန်ယဲ့ ချဉ်းကပ်လာသည်နှင့်

ဓားကြိုးတစ်ချောင်း ရုတ်တရက်

ထွက်လာသည်။ ယန်ယဲ့၏ အမူအရာသည်

သိသိသာသာပြောင်းလဲသွားကာ

ရှောင်တိမ်းလိုက်သည့်တိုင်

လွတ်မြောက်နိုင်ခြင်းမရှိတော့ပေ။

သို့သော်လည်း ဓားစွမ်းအင်က သူ့ကို

ကျော်သွားကာ နောက်မှ နယ်ခြားမိစ္ဆာကို

နှစ်ခြမ်းခွဲပစ်လိုက်သည်။

ယန်ယဲ့ သည် တစ်ခဏတာ

ထိတ်လန့်သွားပြီး နောက်တော့

ပျော်ရွှင်မှုများ ပြည့်လာခဲ့သည်။

သူ့ခန္ဓာကိုယ်သည် ရှေ့ကို လျှပ်တစ်ပြက်

ခုန်ထွက်သွားပြီး ညာလက်ကိုဆန့်ထုတ်ကာ

စေတီထိပ်ဖျားမှ ဓားကို

ဆွဲနုတ်လိုက်ပါတော့သည်။

ဤအခိုက်မှာ ယန်ယဲ့ဟာ အတော်လေး

အံ့သြသွား၏။ အကြောင်းမှာ

အင်အားအပြည့်ထည့်၍ ဆွဲနုတ်သည့်တိုင်

ရှေးဟောင်းဓားက
လှုပ်ခါသွားခြင်းတောင်မရှိပေ။

ယန်ယွဲ့သည် လက်နှစ်ဖက်ကိုဆန့်ကာ
ဓားလက်ကိုင်ကို ဆုပ်ကိုင်လိုက်ပြီး
နောက်တစ်ကြိမ် အားအင်အပြည့်ဖြင့်
ဆွဲနှုတ်လိုက်သည်။
သို့သော် ဓားသည် လုံးဝ
လှုပ်ရှားမှုမရှိပါပေ။

လုံးဝ နှုတ်မရဘူးလား....

မျက်နှာဖုံးအောက်ရှိ ယန်ယဲ့၏

မျက်လုံးများသည်တဖြည်းဖြည်းနှင့်

ကျဉ်းမြောင်းလာခဲ့သည်။

ထိုအချိန်တွင် ဝတ်ရုံဖြူအဘိုးအချို့

အဝေးကနေ သူ့ဆီသို့

ဦးတည်လာနေသည်ကို တွေ့လိုက်ရသည်။

၎င်းတို့၏ ရည်ရွယ်ချက်ဟာ မည်သည်ကို

ဦးတည်နေကြောင်းသိသာပေသည်။

"ငါဘာလုပ်ရမလဲ?ဒီအတိုင်းထွက်သွားရမလား...."

သို့သော် ဤကဲ့သို့ လက်ဗလာနှင့်ပြန်ထွက်မသွားချင်ပေ။ ယခုထွက်သွားပါက နောင်တွင်ဓားဝိညာဉ်၏ပင်မခန္ဓာကိုယ်ကိုထပ်မံကြိုးစားကယ်တင်ရန်ခက်ခဲသွားပေမည်။ ထို့ကြောင့်လက်ရှိအခွင့်အရေးကို လက်လွှတ်မခံဘဲဆက်လုပ်ရန်သာ ဆုံးဖြတ်လိုက်၏။

သူ၏ညာလက်ကို ဝှေ့ယမ်းကာ
ပထမအကြီးအကဲလင်း နှင့်
သူတော်စင်တစ်ပိုင်းအဆင့် ဓားအစေခံ ၁၀
ယောက် ပေါ်လာပြီး
ဝတ်ရုံဖြူအဘိုးအိုများကို
တားဆီးလိုက်သည်။

“သူတော်စင်တစ်ပိုင်းအဆင့် ရပ်သေးတွေ။
မင်း ဘယ်သူလဲဆိုတာ ပြောစမ်း"
ခေါင်းဆောင်အဘိုးအိုထံမှ

ထိတ်လန့်တုန်လှုပ်မှုနှင့်
ဒေါသတကြီးအသံထွက်ပေါ်လာပါသည်။

သို့သော် ယန်ယဲ့ သည် ၎င်းကို
ဂရုမစိုက်တော့ပေ။ ဤအချိန်တွင်
သူ့အကြည့်သည် ဓားအထက်မှာ
လွင့်နေသော တံဆိပ်ပေါ်သို့
ဆင်းသက်လာသည်။ ထို့နောက်
သူ၏မျက်လုံးထဲ၌
ရက်စက်ကြမ်းကြုတ်မှုများ
တောက်ပလာပြီး လနတ်ဓားကို

ထုတ်ယူကာ တံဆိပ်အပေါ်ကနေ
ပိုင်းချလိုက်၏။

အုန်း!

ပြင်းထန်သော ပေါက်ကွဲသံတစ်ခု
ထွက်ပေါ်လာကာ ဓားအထက်ရှိ
တံဆိပ်သည် ပြင်းထန်စွာ
တုန်လှုပ်သွားခဲ့သည်။ သို့သော်လည်း
ယန်ယဲ့၏ လက်ထဲရှိ လနတ်ဓားက ပို၍ပင်
ပြင်းထန်စွာ တုန်လှုပ်သွားသည်။

တစ်ချိန်တည်းမှာပင် ဓားမျက်နှာပြင်ပေါ်မှာ အက်ကြောင်းများပင် ပေါ်လာခဲ့သည်။

"မင်းဘယ်လိုတောင်လုပ်ဝံ့တာလဲ!
နတ်ဓားက နယ်ခြားမိစ္ဆာတွေကို
ချုပ်နှောင်ထားတဲ့ အဓိကသော့ချက်ပဲ။
ဒါကို ဖျက်ဆီးပစ်ရင် စေတီက
နယ်ခြားမိစ္ဆာတွေကို
ဆက်ပြီးဖိနှိပ်ထားနိုင်မှာမဟုတ်တော့ဘူး။
အဲဒါရဲ့အကျိုးဆက်က ဘာလဲ သိလား။”
ယန်ယွဲ့၏ ဓားအစေခံများနှင့်

တိုက်ခိုက်နေစဉ် ခေါင်းဆောင်အဘိုးအိုက ဒေါသတကြီး အော်ဟစ်လေသည်။

၉၂၅

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၂၅ - ပြီးပြည့်စုံသောနတ်ဓား

(ရှေးဟောင်းဓား)

ယန်ယဲ့ သည် အဘိုးအိုကို ဂရုမစိုက်။

တံဆိပ်ကို နောက်တစ်ကြိမ် စိုက်ကြည့်ရင်း

လျှော့မတွက်ရဲတော့ပါ။

သူ့လက်ဖဝါးကိုလှန်ကာ လနတ်ဓားကို

ပြန်သိမ်းလိုက်၏။

ရုတ်တရက် သူ့လက်ထဲတွင်

ရောမသံတူကြီးတစ်ချောင်း ပေါ်လာသည်။

"ဟာကျူလီသံတူ..."

တစ်ချိန်တည်းမှာပင် ဟာကျူလီတူကို

လက်နှစ်ဖက်နှင့်ကိုင်ကာ တံဆိပ်ဆီသို့

ထုချလိုက်သည်။

ဤ၊တစ်ကြိမ်မှာ ယန်ယဲ့ သည်
လုံး၀ထိန်းမထားပေ။
ဟာကျူလီသံချပ်ကာ၏ ခွန်အားကိုပင်
အသုံးပြုခဲ့သည်။
ဤ၊တိုက်ခိုက်မှုကြောင့် တံဆိပ်အထက်ရှိ
အာကာသဟင်းလင်းပြင်သည်ပင်
အပိုင်းပိုင်းကွဲအက်သွား၏။

ဘုန်း!

ဟာကျူလီတူက တံဆိပ်ကို
ထပ်မံထုချလိုက်ရာ သံမဏိတူနှင့်
တံဆိပ်နှစ်ခုစလုံး ပြင်းထန်စွာ
တုန်လှုပ်သွားသည်။
တစ်ချိန်တည်းမှာပင် ယန်ယဲ့ သည်
ရပ်တန့်မနေဘဲ တူကို မြှောက်လိုက်ပြီး
နောက်တစ်ကြိမ် ထပ်ထုလိုက်သည်။

ဘောင်း!

လူတိုင်း၏မျက်စိရှေ့မှာပင်
နတ်ခါးအထက်ရှိ စည်းတံဆိပ်ကြီးက
အပိုင်းပိုင်းကွဲထွက်သွားကာ ရောမ
ပေါက်ကွဲသံကြီးတစ်ခု ထွက်ပေါ်လာသည်။

"မင်းလုပ်ဝံ့သလား!"
ခေါင်းဆောင်အဘိုးအို၏ မျက်လုံးများသည်
ဒေါသကြောင့် ကွဲလုမတတ်
နီရဲနေလေသည်။ သူ့မျက်လုံးထဲမှာလည်း
အံ့သြတုန်လှုပ်မှု၊ ထိတ်လန့်မှု
အရိပ်အယောင်များအပြည့်ပါ။

ယန်ယဲ့ သည် ၎င်းကို ဂရုမစိုက်ဘဲ လစ်လျူရှုထားလိုက်သည်။

ဤအချိန်မှာ

သူညာလက်ကရှေ့ဆန့်ထွက်လာပြီး ရှေးဟောင်းနတ်ဓားကို ကိုင်လိုက်သည်။

ဤတစ်ကြိမ်မှာတော့ ဓားကို ဆွဲထုတ်ဖို့ အားအများကြီးသုံးစရာမလိုတော့ပေ။

သို့သော်လည်း နတ်ဓားကို ဆုပ်ကိုင်လိုက်ချိန်တွင် မလိုလားခြင်း၊ နာကြည်းခြင်း နှင့်

ဝမ်းနည်းမုန်းတီးမှုများစုံလင်သည့်
ခံစားချက်များဟာ သူ၏စိတ်ဝိညာဉ်ထဲသို့
ဝင်ရောက်လာလေသည်။ ယန်ယဲ့၏
မျက်နှာသည် ချက်ချင်းပင်
အမျိုးမျိုးပြောင်းလဲသွားကာ
ရက်စက်ကြမ်းကြုတ်လိုသောအငွေ့အသက်
များပင် ပေါက်ကွဲထွက်လာခဲ့သည်။

ထိုစိတ်ခံစားချက်များသည် သူ့စိတ်ထဲတွင်
ပြည့်နှက်နေကာ
အတွေးတစ်ခုသာကျန်တော့၏။

ထိုအတွေးက သတ်ပစ်ရန်ပင်ဖြစ်သည်!
သူ့ရှေ့မှ အရာအားလုံးကို သတ်ပစ်ရမည်။

ကံကောင်းစွာပဲ၊
ညာဏ်အလင်းရခြားနှလုံးသားကို
ပိုင်ဆိုင်ထားသည်ဖြစ်ရာ
အချိန်အနည်းငယ်အကြာတွင်
သူ၏စိတ်အာရုံအသိက
ကြည်လင်သွားပါတော့သည်။

ထို့နောက် သူ့လက်ထဲက

ရှေးဟောင်းနတ်ဓားကို  ထိတ်လန့်စွာ

စိုက်ကြည့်မိသည်။

နတ်ဓား၏ အငွေ့အသက်ကြောင့်

သူ၏စိတ်အာရုံအသိတစ်ခုလုံး

ကမောက်ကမ ဖြစ်သွားနိုင်လိမ့်မယ်လို့ သူ

မမျှော်လင့်ထားခဲ့ပါ။

ထို့အပြင် သူသည်

ဉာဏ်အလင်းရဓားနှလုံးသား

ကိုပိုင်ဆိုင်ထားပြီး ကောင်းကင်အဆင့် ၂

အထွတ်အထိပ် ဓားစိတ်ဆန္ဒ ကိုပင်
နားလည်ထားခဲ့သည်။

ယန်ယဲ့ သည် ရှေးဟောင်းနတ်ဓားကို
စိုက်ကြည့်နေရင်းက အချိန်ကြာကြာ
ဆက်ပြီး ကိုင်မထားဝံ့တော့ပေ။
အဘယ်ကြောင့်ဆိုသော် နတ်ဓား ဆီကနေ
ထွက်ပေါ်နေသည့်
အဆိုးမြင်စိတ်ဆန္ဒများသည်
လုံးဝမလျော့ဘဲ သူ့ဆီသို့ အဆက်မပြတ်
တဟုန်ထိုး စီးဝင်နေသောကြောင့်ပင်။

ယန်ယဲ့ သည် သူ့နှလုံးသားထဲကနေ
စိတ်ဆန္ဒတစ်ခု ထုတ်လွှတ်လိုက်ရာ
ရှေးဟောင်းဓားအိမ်က သူ့ရှေ့တွင်
ပေါ်လာသည်။

ထို့နောက် ရှေးဟောင်းနတ်ဓားကို
ဓားအိမ်ထဲ ထည့်လိုက်ကာ
ခဏတာစိုက်ကြည့်ရင်း
မူလစေတီထဲသို့ပြန်ထားလိုက်၏။

တဖန် ညာခြေကိုတစ်ချက်စောင့်နင်းကာ
အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲ၍
ဝင်ပေါက်ဆီသို့
တဟုန်ထိုးပျံသန်းသွားလေသည်။

"သူ့ကို တားလိုက်ပါ! သူ့ကို တားလိုက်ကြ!"
ခေါင်းဆောင်အဘိုးအိုက ဒေါသတကြီး
အော်ဟစ်လိုက်သည်။

သို့သော် ယန်ယွဲ့ စေတီထိပ်မှ
ထွက်ခွာသွားချိန်တွင် စေတီတစ်ခုလုံး

ရုတ်တရက် ပြင်းထန်စွာ
တုန်လှုပ်သွားခဲ့သည်။

အဖြူရောင်ဝတ်အဖိုးအိုသည်
ထိတ်လန့်တုန်လှုပ်သွားပြီး “လူတိုင်း
ဒီကိုပြန်လာပြီး စေတီကို အားဖြည့်ပေးကြ။
အဲဒီလူကို လွှတ်ထားလိုက်တော့။"

နတ်ဆိုးအကျဉ်းထောင် တစ်ဖြစ်လည်း
အနက်ရောင်စေတီကြီးတစ်ဆူလုံး
ပြင်းထန်စွာ တုန်လှုပ်လာခဲ့သည်။ စေတီ၏

ပတ်ပတ်လည်မှာ အက်ရာများပင်

ထပ်လာခဲ့လေသည်။

အဆိုပါမြင်ကွင်းကြောင့်

ခေါင်းဆောင်အဘိုးအို နှင့်

အဖွဲ့ရောင်ဝတ်ပညာရှင်များအားလုံးလည်း

ထိတ်လန့်သွားကြ၏။

ထို့နောက် တိုက်ခိုက်နေသည်ကို ရပ်တန့်၍

စေတီဆီသို့ ဦးတည်လိုက်ကြတော့သည်။

ဤအချိန်တွင် ထွက်လာသည့်

နယ်ခြားမိစ္ဆာများသည်လည်း

မတိုက်ခိုက်တော့ပေ။ အားလုံး လေထဲသို့
ခုန်တက်၍ ထွက်ပေါက် ဆီသို့
အလျင်အမြန် ဦးတည်သွားကြသည်။
မြင့်မြတ်နယ်မြေဖက်မှာ အကူအညီများ
ရောက်ရှိလာကြောင်း သတိပြုမိထားသဖြင့်
ဤအချိန်တွင်ထွက်မသွားပါက
သေခြင်းကသာ
၎င်းတို့ကိုစောင့်ကြိုနေပေမည်။

ယန်ယွဲ့ သည် ဝင်ပေါက်ကို
ခုန်ထွက်ခါနီးတွင်

ရောမအကောင်ကြီးတစ်ကောင်
ပေါ်လာသည်။

အနက်ရောင်ခြသေ့်ဦးခေါင်း၊ သမင်ချို နှင့်
ကျားမျက်လုံး၊ နဂါးအကြေးခွံနှင့်
နဂါးအမြီးပါရှိသည့်
သားရဲတစ်ကောင်ဖြစ်သည်။

ဤအခိုက်အတန့်တွင် ရောမသားရဲကြီးက
အေးစက်စက်
ကြမ်းတမ်းသောအကြည့်များဖြင့်
ယန်ယဲ့အား စူးစိုက်စိုက်ကြည့်နေသည်။

ဤရုတ်တရက်အခြေအနေကြောင့် ယန်ယဲ့သည်လည်း အတော်လေး စိတ်မသက်မသာဖြစ်သွား၏။

"ချီလင်! ဒဏ္ဍာရီလာ နတ်ဘုရားသားရဲ ချီလင်။"

ယန်ယဲ့ သည် အလွန် အံ့သြသွားသည်။ ဤနေရာတွင် ဒဏ္ဍာရီလာနတ်ဘုရားသားရဲ ချီလင် ကိုတွေ့လိမ့်မည်ဟု သူ မမျှော်လင့်ထားပေ။

သို့သော် ချီလင် သည်
မြင့်မြတ်သောသားရဲပင်။ ယခု
သူ့ရှေ့တွင်ရှိနေသည့် ချီလင်က
အမှောင်အငွေ့အသက်များဖြင့် ပြည့်နေပြီး
ကမ္ဘာတစ်ခုလုံးရှိ မကောင်းမှုများ
ပေါင်းစည်းနေသလိုပင်ဖြစ်လေသည်။

အနက်ရောင်ချီလင်ကြီးသည်
၎င်း၏ကြီးမားလှသော ပါးစပ်ကို
ဖွင့်လိုက်ပြီး ယန်ယဲ့ကို
ကိုက်ချရန်ပြင်လိုက်သည်။

သို့သော် သူ့နောက်ကျောမှ ရုတ်တရက် ထွက်ပေါ်လာသော အသံက "ဘလက်ကီ(Blacky၊) ထားလိုက်ပါ။ အခု ငါတို့မှာ အရေးကြီးကိစ္စရှိနေတယ်။"

ယန်ယဲ့ သည် စကားသံထွက်ပေါ်လာသည့်ဆီကို လှမ်းကြည့်လိုက်ရာ ချီလင်၏ နောက်ကျောတွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသည်။

ထိုလူသည် နက်ရွှေရောင်ဝတ်ရုံကို ဝတ်ဆင်ထားပြီး ဝတ်ရုံပေါ်တွင်လည်း ထူးဆန်းသော သင်္ကေတများဖြင့် ဖုံးအုပ်ထားသည်။

သင်္ကေတများသည် အသက်ရှင်နေပုံရပြီး ဖြည်းဖြည်းချင်း ရွေ့လျားနေပါသည်။

၎င်း၏အသွင်အပြင်သည် ဓားဖြင့်ထွင်းထုထားသကဲ့သို့ပင် ထင်ရသည့် လေးထောင့်ပုံသဏ္ဌာန်နှင့် ခန့်ညားလှသည်။

ထို့အပြင် သူ၏လက်ထဲ၌လည်း ထူးဆန်းသောသင်္ကေတများရေးထိုးထားသ

ည့် စာလိပ်တစ်လိပ်ကို ကိုင်ဆောင်ထားကာ
ခါးအထက်တွင်တော့
မှင်နက်စုတ်တံတစ်ချောင်း
ချိတ်ဆွဲထားသည်။

ဤအခိုက်အတန့်တွင် ချီလင် ပေါ် ရှိလူက
ယန်ယဲ့ကို ပြုံးပြလိုက်ကာ သူ့ထံကနေ
ကြမ်းတမ်းသော အရှိန်အဝါတစ်ခု
ထွက်ပေါ်လာသည်။

ယန်ယဲ့၏ အကြည့်များသည်
သတိအပြည့်ဖြင့် ချီလင် ပေါ်မှ
အမည်အသိလူကို စူးစိုက်ကြည့်နေသည်။
ထိုလူက ပြုံးပြနေရင်း
လက်ကိုတစ်ချက်ယမ်းလိုက်ရာ သူ့ရှေ့တွင်
လက်ဖဝါးအရွယ်
လက်ဝါးကပ်တိုင်တစ်ခုပေါ်လာသည်။
သူက “ဒီအရာကို ငါအသက်သွင်းရင်
ဒီထွက်ပေါက်ကို ချက်ချင်း
တံဆိပ်ခတ်သွားလိမ့်မယ်။ ငါပြောတာကို
ယုံစေချင်တယ်။ မင်းက

သူတော်စင်တစ်ပိုင်းအဆင့်

မှာရှိနေရင်တောင်

လွတ်မြောက်နိုင်မှာမဟုတ်ဘူး။"

ယန်ယွဲ့ သည် စကားမပြောပေ။

အသက်ပြင်းပြင်းရှူကာ

သူ၏လက်ဝါးကိုတစ်ချက်ပုတ်လိုက်ပြီး

ဖိနှိပ်ရေးကျောက်တုံးကို

ထုတ်ယူလိုက်သည်။ တစ်ချိန်တည်းမှာပင်

ကောင်းကင်အဆင့် ၂ အထွတ်အထိပ်

ဓားစိတ်ဆန္ဒက တဟုန်ထိုး ထွက်ပေါ်လာပြီး

အမည်မသိလူနှင့် ချီလင်တို့ အပေါ်

တောင်ပေါင်းတစ်သန်းခန့်ပြိုကျလာသကဲ့

သို့ ဖိချလိုက်သည်။

ထို့နောက်တွင်

တဖျပ်ဖျပ်လက်နေသောအလင်းတန်းများနှ

င့်အတူ တာအိုအဆင့် ဓား ၁၀,၀၀၀

ထွက်လာပြီး

ရောမဘောလုံးကြီးသဖွယ်ဝင်းတို့ ၃

ဦးလုံးကို ဖုံးအုပ်သွားတော့သည်။

“မလွတ်ရင် ငါသေမယ်။ ဒီလိုမဖြစ်ခင်မှာ မင်းကိုငါနဲ့အတူ ဆွဲချနိုင်မယ်ဆိုတာကော မင်းယုံလား။" ယန်ယဲ့ သည် ချီလင်ပေါ်မှ အမည်အသိလူကို စိုက်ကြည့်ကာ အေးစက်စက်ပြောလိုက်လေသည်။

ထိုလူသည် သူ့ပတ်ဝန်းကျင်ကို မမြင်နိုင်သောစွမ်းအားတစ်ခုက ဖိနှိပ်ထားကြောင်း သိနေသော်လည်း သူ့မျက်နှာတွင် ထိတ်လန့်မှုအရိပ်အယောင်မျှ မတွေ့ရပေ။

ယန်ယဲ့ကို စိုက်ကြည့်နေရင်း

သူ့မျက်လုံးများက အံ့အားသင့်စရာ

အရိပ်အယောင်ကို ထုတ်ပြလိုက်ပြီး

"အသက် ၂၀ အရွယ်။ ကောင်းကင်အဆင့် ၂

အထွတ်အထိပ် ဓားစိတ်ဆန္ဒ နဲ့

ဉာဏ်အလင်းရဓားနှလုံးသား။

ဟား၊

ဟား....ဘယ်လောက်တောင်ထူးခြားလိုက်

သလဲ။ ငရဲခန်းမရဲ့

ထိပ်သီးပါရမီရှင်တွေအပြင်ကိုမှ

ဒီတိုက်ကြီးဟာ တကယ်ပဲ မင်းလို

ပါရမီရှင်တစ်ယောက်

မွေးထုတ်ပေးနိုင်ခဲ့တယ်။ ဒါပေမဲ့ မင်းငါ့ကို

ဆွဲချဖို့ ဒီအရာတွေအားလုံးကို အားကိုးဖို့

ရည်ရွယ်ထားရင် မလုံလောက်မှာကို

ငါစိုးရိမ်မိတယ်။”

Book.52